http://www.dhammadownload.com

အရှင်ဇနကာဘိဝံသ

၏

# အခြေပြုသဒ္ဒါ

# တွဲဖက်

(ဆိုင်ရာအခန်းများ၌ အခြေပြုသဒ္ဒါနှင့် တွဲဖက်သင်ရန်
သုတ်စဉ်, နာမ်ဂိုဏ်းနှင့် အာချာတ်ဂိုဏ်းစဉ်များ)



ပဌမအကြိမ်

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၄

http://www.dhammadownload.com

## အရှင်ဇနကာဘိဝံသ

၏

# အခြေပြုသဒ္ဒါ

## တွဲဖက်

(ဆိုင်ရာအခန်းများ၌ အခြေပြုသဒ္ဒါနှင့် တွဲဖက်သင်ရန် သုတ်စဉ်၊ နာမ်ကိုဏ်းနှင့် အာချာတ်ကိုဏ်းစဉ်များ)



နယူးဘားမားအော့ဖ်ဆက်ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

http://www.dhammadownload.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၄၃/၂၀၀၄(၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၇၁/၂၀၀၄(၉) |
| ပုံနှိပ်မှတ်တမ်း | - | ဧကောဒသမအကြိမ် |
| ကြီးကြပ်စီစဉ်သူ | - | မောင်တင်မြင့် |
| | | မဟာဂန္ဓာရုံ၊ ကပ္ပိယကာရက |
| ထုတ်ဝေသူ | - | ဦးမောင်မောင် (၀၃၂၇၁) |
| | | မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့။ |
| မျက်နှာဖုံးပုံနှိပ်သူနှင့် | - | ဒေါ်မိုမိုအိ (၁၂၁၁) |
| အတွင်းစာသားပုံနှိပ်သူ | | သုဝဏ္ဏာသီဂီအော့ဖ်ဆက် |
| | | ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ |
| | | ရန်ကုန်မြို့။ |
| စောင်ရေ | - | ၁၅၀၀၀ |
| တန်ဖိုး | - | |

ဖြန့်ချိရေး

မဟာဂန္ဓာရုံကျောင်းတိုက်၊ ဇရပ်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၁၂၈/၄၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

http://www.dhammadownload.com

# အခြေပြုသဒ္ဒါ
## နှင့်
# တွဲဖက်သင်ရန်
## ၁။ သန္ဓိကစ္စည်းသုတ်စဉ်

[ချဲထားသော နေရာ၌ တစ်ဆက်တည်း မဖတ်ဘဲ ခွဲဖတ်ပါ။]

(၁) အတ္ထော အက္ခရသညာတော။
(၂) အက္ခရာ·ပါ·ဒယော ဧကစတ္တာလီသံ။
(၃) တတ္ထော·ဒန္တာ သရာ အဋ္ဌ။
(၄) လဟုမတ္တာ တယော·ရဿာ။
(၅) အညေ ဒီဃာ။
(၆) သေသာ ဗျဉ္ဇနာ။
(၇) ဝဂ္ဂါ ပဉ္စပဉ္စသော မ·န္တာ။
(၈) အံ ဣတိ နိဂ္ဂဟီတံ။
(၉) ပရသမညာ ပယောဂေ။
(၁၀) ပုဗ္ဗ·မဓောဋ္ဌိတ·မဿရံ သရေန ဝိယောဇယေ။
(၁၁) နယေ ပရံ ယုတ္တေ။

**ဣတိ သန္ဓိကပ္ပေ ပဌမော ကဏ္ဍော။**

(၁၂) သရာ သရေ လောပံ။
(၁၃) ဝါ ပရော အသရူပါ။
(၁၄) ကွစာ·သဝဏ္ဏံ လုတ္တေ။
(၁၅) ဒီဃံ။

http://www.dhammadownload.com



(၁၆) ပုဗ္ဗော စ။
(၁၇) ယံ•မေဒန္တသာ•ဒေသော။
(၁၈) ဝ•မောဒုဒန္တာနံ။
(၁၉) သဗ္ဗော စံ တိ။
(၂၀) ဒေါ ဓဃ စ။
(၂၁) ဣဝဏ္ဏော ယံ နဝါ။
(၂၂) ဧဝါ•ဒိဿ ရိ, ပုဗ္ဗော စ •ရဿော။

## ဣတိ သန္ဓိကပ္ပေ ဒုတိယော ကဏ္ဍော။

(၂၃) သရာ ပကတိ ဗျဉ္ဇနေ။
(၂၄) သရေ ကွစိ။
(၂၅) ဒီဃံ။
(၂၆) ရဿံ။
(၂၇) လောပ•ဉ္စ တတြာ•ကာရော။
(၂၈) ပရ ဒွေဘာဝေါ ဌာနေ။
(၂၉) ဝဂ္ဂေ ဃောသာ•ဃောသာနံ တတိယပဌမာ။

## ဣတိ သန္ဓိကပ္ပေ တတိယော ကဏ္ဍော။

(၃၀) အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ။
(၃၁) ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။
(၃၂) ဧဟေ ဉံ ။
(၃၃) သ ယေ စ။
(၃၄) မဒါ သရေ။

http://www.dhammadownload.com



(၃၅) ယ ဝ မ ဒ န တ ရ လာ စာ·ဂမာ။
(၃၆) ကွစိ ဩ ဗျဉ္ဇနေ။
(၃၇) နိဂ္ဂဟီတ·ဉ္စ။
(၃၈) ကွစိ လောပံ။
(၃၉) ဗျဉ္ဇနေ စ။
(၄၀) ပရော ဝါ သရော။
(၄၁) ဗျဉ္ဇနော စ ဝိသညောဂေါ။

## ဣတိ သန္ဓိကပ္ပေ စတုတ္ထော ကဏ္ဍော။

(၄၂) ဂေါ သရေ ပုထဿာ·ဂမော ကွစိ။
(၄၃) *ပါဿ စ·န္တော ရဿော။
(၄၄) အဗ္ဘော အဘိ။
(၄၅) အဇ္ဈော အဓိ။
(၄၆) တေ န ဝါ ဣဝဏ္ဏေ။
(၄၇) အတိဿ စ·န္တဿ။
(၄၈) ကွစိ ပဋိ ပတိဿ။
(၄၉) ပုထဿု ဗျဉ္ဇနေ။
(၅၀) ဩ အဝဿ။
(၅၁) အနု·ပဒိဋ္ဌာနံ ဝုတ္တယောဂတော။

## ဣတိ သန္ဓိကပ္ပေ ပဉ္စမော ကဏ္ဍော။

[သန္ဓိသုတ်စဉ် ကုန်လျှင် သန္ဓိသုတ်နက်ကို တက်စေသင့်သည်။]

---

(၄၃) "ပသ်သ"ဟု မဖတ်ဘဲ "ပါ-ဿ"ဟု ရေချသံနှင့် ဖတ်။

***********

http://www.dhammadownload.com



# ၂။ နာမ်ကစ္စည်းသုတ်စဉ်

(၁) ဓိနဝစနယုတ္တံ ဟိ။
(၂) လိင်္ဂ·ဋ္ဌ နိပစ္စတေ။
(၃) တတော စ ဝိဘတ္တိယော။
(၄) သိယော အံယော နာဟိ သနံ သ္မာဟိ သနံ သ္မိံသု။
(၅) တ·ဒနုပရောဓေန။
(၆) အာလပနေ သိ ဂသညော။
(၇) ဣဝဏ္ဏု·ဝဏ္ဏာ ဈလာ။
(၈) တေ ဣတ္ထိချာ ပေါ။
(၉) အာ ဃော။
(၁၀) သာ·ဂမော သေ။
(၁၁) သံသာသွေ·ကဝစနေသု စ။
(၁၂) ဧတိ·မာသ·မိ။
(၁၃) တဿာ ဝါ။
(၁၄) တတော သဿ ဿာယ။
(၁၅) ဃော ရဿံ။
(၁၆) နော စ ဒွါ·ဒိတော နံမှိ။
(၁၇) အ·မာ ပတော သ္မိံသ္မာနံ ဝါ။
(၁၈) အာဒိတော ဩ စ။
(၁၉) ဈလာနမိယု·ဝါ သရေ ဝါ။
(၂၀) ယဝကာရာ စ။
(၂၁) ပသညဿ စ။

http://www.dhammadownload.com



(၂၂) ဂါ•ဝ သော။
(၂၃) ယော်သု စ။
(၂၄) အဝံ•မှိ စ။
(၂၅) အာဝသု ဝါ။
(၂၆) တတော န•မံ ပတိမှာ•လုတ္တေ စ သမာသေ။
(၂၇) ဩ သရေ စ။
(၂၈) တ•ဗ္ဗိပရိတု•ပပဒေ ဗျဥ္ဇနေ စ။
(၂၉) ဂေါဏ နံမှိ ဝါ။
(၃၀) သုဟိနာသု စ။
(၃၁) အံမော နိဂ္ဂဟီတံ ဈလပေဟိ။
(၃၂) သရလောပေါ•မာဒေသပစ္စယာ•ဒိမှိ,
သရလောပေ တု ပကတိ။
(၃၃) အဃော ရဿ•မေကဝစနယော်သွ•ပိ စ။
(၃၄) န သိသ္မိ•မနပုံသကာနိ။
(၃၅) ဥဘာ•ဒိတော န•မိန္နံ။
(၃၆) ဏ္ဏဏ္ဏံ•မိဏ္ဏန္နံ တီဟိ သင်္ချာဟိ။
(၃၇) ယော်သု ကတနိကာရလောပေသု ဒီဃံ။
(၃၈) သုနံဟိသု စ။
(၃၉) *ပဥ္စာ•ဒီန•မတ္တံ။
(၄၀) *ပတိဿိ•နီမှိ။

---

(၃၉) "ပြဥ္စာဒီန"ဟု မဖတ်ရ။
(၄၀) "ပတိဿိနိမ်မှိ"ဟု မဖတ်ဘဲ "ပတိဿိ နီမှိ"ဟု ဖတ်။

http://www.dhammadownload.com



(၄၁) *န္တုဿ•န္တော ယောသု စ။
(၄၂) သဗ္ဗဿ ဝါ အံသေသု။
(၄၃) သိမှိ ဝါ။
(၄၄) အဂ္ဂိဿိ•နိ။
(၄၅) ယောသွ•ကတရဿော ဧျာ။
(၄၆) ဝေဝေါသု လော စ။
(၄၇) မာတုလာ•ဒီန•မာနတ္တ•မီကာရေ။
(၄၈) သ္မာဟိသ္မိံနံ*မှာဘိမှိ ဝါ။
(၄၉) န တိ•မေဟိ ကတာ•ကာရေဟိ။
(၅၀) သုဟိသွ•ကာရော ဧ။
(၅၁) သဗ္ဗနာမာနံ နံမှိ စ။
(၅၂) အတောနေ•န။
(၅၃) သော။
(၅၄) သော ဝါ။
(၅၅) ဒီဃော•ရေဟိ။
(၅၆) သဗ္ဗယောနီန•မာ ဧ။
(၅၇) သ္မာသ္မိံနံ ဝါ။
(၅၈) အာယ စတုတ္ထေ•ကဝစနဿ တု။

---

(၄၁) "တုဿ•န္တော"ဟု မဖတ်ဘဲ "နတုဿန္တော"ဟု ဖတ်။
(၄၈) "မှာဘိမ်မှိ"ဟု မဖတ်ဘဲ "မှာ ဘိ မှိ"ဟု ဖတ်။

http://www.dhammadownload.com



(၅၉) တယော နေဝ စ သဗ္ဗနာမေဟိ။
(၆၀) ဃတော နာ·ဒီနံ။
(၆၁) ပတော ယာ။
(၆၂) သခတော ဂဿေ ဝါ။
(၆၃) ဃတေ စ။
(၆၄) န အမ္မာ·ဒိတော။
(၆၅) အကတရဿာ လတော ယွာ·လပနဿ ဝေဝေါ။
(၆၆) ဈလတော သဿ နော ဝါ။
(၆၇) ဃပတော စ ယောနံ လောပေါ။
(၆၈) လတော ဝေါကာရော စ။

## ဣတ္ထိ နာမကပ္ပေ ပဋ္ဌမော ကဏ္ဍော။

(၆၉) အမှဿ မမံ သဝိဘတ္တိဿ သေ။
(၇၀) မယံ*ယောမှိ ပဋ္ဌမေ။
(၇၁) *န္တုဿ န္တော။
(၇၂) န္တဿ သေ ဝါ။
(၇၃) အာ သိမှိ။
(၇၄) အံ နပုံသကေ။

---

(၇၀) "ယောမ်မှိ"ဟု မဖတ်ဘဲ ပါဠိရှိတိုင်း "ယောမှိ"ဟု ဖတ်။
(၇၁-၇၂) "တုဿ·န္တော, တဿသေဝါ"ဟု မဖတ်ဘဲ "နတုဿ န္တော, နတဿ သေဝါ"ဟု ဖတ်။

http://www.dhammadownload.com



(၇၅) အဝဏ္ဏာ စ ဂေ။
(၇၆) တော တိ တာ သသ္မိံနာသု။
(၇၇) နံမှိ တံ ဝါ။
(၇၈) က္လမသိ•ဒ•မံသိသု နပုံသကေ။
(၇၉) အမှသ္သာ•ဒုံ။
(၈၀) က္လတ္တိပုမ နပုံသက သင်္ချိ။
(၈၁) ယောသု ဒွိန္နံ ဒွေ စ။
(၈၂) တိ စတုန္နံ တိဿော စတဿော တယော စတ္တာရော
တီဏိ စတ္တာရိ။
(၈၃) *ပဉ္စာ•ဒီန•မကာရော။
(၈၄) ရာဇဿ ရညော ရာဇိနော သေ။
(၈၅) ရညံ နံမှိ ဝါ။
(၈၆) နာမှိ ရညာ ဝါ။
(၈၇) သ္မိံမှိ ရညေ ရာဇိနိ။
(၈၈) တုမှာ•မှာကံ တယိ မယိ။
(၈၉) တွ•မဟံ သိမှိ စ။
(၉၀) တဝ မမ သေ။
(၉၁) *တုယှံ မယှ•ဉ္စ။
(၉၂) တံ မ•မံမှိ။
(၉၃) တဝံ မမဉ္စ နဝါ။

---

(၈၃) "ပဉ္စ"ဟု တွေ့ရသမျှ၌ "ပြဉ္စ"ဟု ဘယ်တော့မှ မဖတ်ရ။
(၉၁) "တုံယှံ မယ်ယှဉ္စ"ဟု မဖတ်ဘဲ "တုယှံ မယှဉ္စ"ဟု ပါဠ်ရှိတိုင်းဖတ်။

http://www.dhammadownload.com



(၉၄) နာမို တယာ မယာ။
(၉၅) တုမှသ တုဝံတွ•မံမို။
(၉၆) ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါ နော။
(၉၇) တေမေ•ကဝစနေသု စ။
(၉၈) န အံမို။
(၉၉) ဝါ တတိယေ စ။
(၁၀၀) ဗဟုဝစနေသု ဝေါ နော။
(၁၀၁) ပုမ•န္တသာ သိမို။
(၁၀၂) အ•မာလပနေ•က ဝစနေ။
(၁၀၃) သမာသေ စ ဝိဘာသာ။
(၁၀၄) ယောသွာ•နော။
(၁၀၅) အာနေ သ္မိံမို ဝါ။
(၁၀၆) ဟိဝိဘတ္တိမို စ။
(၁၀၇) သုသ္မိံ•မာ ဝါ။
(၁၀၈) ဥ နာမို စ။
(၁၀၉) အကမ္မ•န္တသ စ။

## ဣတိ နာမကပ္ပေ ဒုတိယော ကဏ္ဍော။

(၁၁၀) တုမှာ•မှေဟိ န•မာကံ။
(၁၁၁) ဝါယော•ပ္ပဌမော။
(၁၁၂) သသံ။
(၁၁၃) သဗ္ဗနာမ•ကာရတေ ပဌမော။
(၁၁၄) ဒွန္ဒဋ္ဌာ ဝါ။
(၁၁၅) နာ•ညံ သဗ္ဗနာမိကံ။

http://www.dhammadownload.com



(၁၁၆) ဗဟုဗ္ဗီဟိမှိ စ။
(၁၁၇) သဗ္ဗတော နံ သံသာနံ။
(၁၁၈) ရာဇဿ ရာဇု သုနံဟိသု စ။
(၁၁၉) သဗ္ဗဿိ·မဿေ ဝါ။
(၁၂၀) အနိ·မိ နာမှိ စ။
(၁၂၁) အနပုံသကဿာ·ယံ သိမှိ။
(၁၂၂) အမုဿ မော သံ။
(၁၂၃) ဧတေတေသံ တော။
(၁၂၄) တဿ ဝါ နတ္တံ သဗ္ဗတ္ထ။
(၁၂၅) သသ္မာသ္မိံ သံသာသွ·တ္တံ။
(၁၂၆) ဣမသဒ္ဒဿ စ။
(၁၂၇) သဗ္ဗတော ကော။
(၁၂၈) ဃပတော သ္မိံသာနံ သံသာ။
(၁၂၉) နေ·တာဟိ သ္မိံ·မာယယာ။
(၁၃၀) မနောဂဏာဒိတော သ္မိံနာန·မိအာ။
(၁၃၁) သဿ စော။
(၁၃၂) ဧတေသ·မော လောပေ။
(၁၃၃) သ သရေ ဝါ·ဂမော။
(၁၃၄) သန္တသဒ္ဒဿ သော ဘေ, ဗော စ·န္တေ။
(၁၃၅) သိမှိ ဂစ္ဆန္တာဒီနံ*န္တသဒ္ဒေါ အံ။ [“နတ”ဟု ဖတ်။]
(၁၃၆) သေသေသု *န္တု·ဝ။ [“နတုဝ”ဟု ဖတ်။]
(၁၃၇) ဗြဟ္မ·တ္တသခရာဇာ·ဒိတော အ·မာနံ။

http://www.dhammadownload.com



(၁၃၈) သျာ စ။
(၁၃၉) ယောန·မာနော။
(၁၄၀) သခတော စာ·ယောနော။
(၁၄၁) သ္မိ·မေ။
(၁၄၂) ဗြဟ္မတော ဂဿ စ။
(၁၄၃) သခန္တဿိ နောနာနံသေသု။
(၁၄၄) အာရော ဟိမှိ ဝါ။
(၁၄၅) သုန·မံသု ဝါ။
(၁၄၆) ဗြဟ္မတော တု သ္မိံ နိ။
(၁၄၇) ဥတ္တံ သနာသု။
(၁၄၈) သတ္ထုပိတာ·ဒီန·မာ သိသ္မိံ, သိ လောပေါ စ။
(၁၄၉) အညေသွာ·ရတ္တံ။
(၁၅၀) ဝါ နံမှိ။
(၁၅၁) သတ္ထုန·တ္တ·ဉ္စ။
(၁၅၂) ဥ သသ္မိံ, သ လောပေါ စ။
(၁၅၃) သကမန္ဓာတာ·ဒီန·ဉ္စ။
(၁၅၄) တတော ယောန·မော တု။
(၁၅၅) တတောသ္မိ·မိ။
(၁၅၆) နာ အာ။
(၁၅၇) အာရော ရဿ·မိကာရေ။
(၁၅၈) ပိတာ·ဒီန·မသိမှိ။
(၁၅၉) တယာတယီနံ တကာရော တွတ္တံ ဝါ။

**ဣတိ နာမကပ္ပေ တတိယော ကဏ္ဍော။**

http://www.dhammadownload.com



(၁၆၀) အတ္တ•န္တော ဟိသွိ•မနတ္တံ॥
(၁၆၁) တတော သွိံ နိ॥
(၁၆၂) သသဿ နော॥
(၁၆၃) သွာ နာ॥
(၁၆၄) ဈလတော စ॥
(၁၆၅) ဃပတော သွိံ ယံ ဝါ॥
(၁၆၆) ယောနံ နိ နပုံသကေဟိ॥
(၁၆၇) အတော နိစ္စံ॥
(၁၆၈) သိံ॥
(၁၆၉) သေသတော လောပံ ဂ သိ•ပိ॥
(၁၇၀) သဗ္ဗာသ•မာဝုသော•ပသဂ္ဂနိပါတာ•ဒီဟိ စ॥
(၁၇၁) ပုမဿ လိင်္ဂါ•ဒီသု သမာသေသု॥
(၁၇၂) အံ ယ•မီတော ပသညာတော॥
(၁၇၃) နံ ဈတော ကတရဿာ॥
(၁၇၄) ယောနံ နော॥
(၁၇၅) သွိံ နိ॥
(၁၇၆) ကိဿ က ဝေ စ॥
(၁၇၇) ကု ဟိံဟံသု စ॥
(၁၇၈) သေသေသု စ॥
(၁၇၉) တြ တော ထေသု စ॥
(၁၈၀) သဗ္ဗဿေ•တဿာ•ကာရော ဝါ॥
(၁၈၁) တြေ နိစ္စံ॥ ။ဧ တောထေသု စ॥
(၁၈၂) ဣမဿိ ထံဒါနိဟတောဓေသု စ॥

http://www.dhammadownload.com



(၁၈၃) အ ဓုနာမို စ။
(၁၈၄) တေ ရဟိမို စ။
(၁၈၅) ဣတ္ထိယ·မတော အာပစ္စယော။
(၁၈၆) နဒါ·ဒိတော ဝါ ဤ။
(၁၈၇) ဏဝ ဏိက ဏေယျ ဏ န္တု ဟိ *။
(၁၈၈) ပတိ ဘိက္ခု ရာဇီ·ကာရ·န္တေဟိ ဣနီ။
(၁၈၉) *န္တုဿ တ·မီကာရေ။
(၁၉၀) ဘဝတော ဘောတော။
(၁၉၁) ဘော ဂေ တု။
(၁၉၂) အကာရ ပိတာ·ဒျ·န္တာနံ·မာ။
(၁၉၃) ဈ လ ပါ ရဿံ။
(၁၉၄) အာကာရော ဝါ။

## ဣတိ နာမကပ္ပေ စတုတ္ထော ကဏ္ဍော။

(၁၉၅) တွာ·ဒယော ဝိဘတ္တိသညာယော။
(၁၉၆) ကွစိ တော ပဉ္စမျ·တ္ထေ။
(၁၉၇) တြထ သတ္တမိယာ သဗ္ဗနာမေဟိ။
(၁၉၈) သဗ္ဗတော ဓိ။
(၁၉၉) ကိံသ္မာ ဝေါ။
(၂၀၀) ဟိံဟံဟိဉ္စနံ။
(၂၀၁) တမှာ စ။

---

(၁၈၇) "ဏန်တုဟိ" ဟု မဖတ်ဘဲ, "ဏနတုဟိ" ဟု ဖတ်။
(၁၈၉) "နတုဿ" ဟု ဖတ်။

http://www.dhammadownload.com



(၂၀၂) ဣမသ္မာ ဟ ဓာ စ။
(၂၀၃) ယတော ဟိံ။
(၂၀၄) ကာလေ။
(၂၀၅) ကိံ သဗ္ဗ·ညေ·က ယ ကုဟိ ဒါ ဒါစနံ။
(၂၀၆) တမှာ ဒါနိ စ။
(၂၀၇) ဣမသ္မာ ရဟိဓုနာ, ဒါနိ စ။
(၂၀၈) သဗ္ဗဿ သော ဒါမှိ ဝါ။
(၂၀၉) အဝဏ္ဏော ယေ လောပ·ဉ္စ။
(၂၁၀) ဝုမှဿ ဇော ဣယံိ·ဌေသု။
(၂၁၁) ပသတ္ထဿ သော စ။
(၂၁၂) အန္တိကဿ နေဒေါ။
(၂၁၃) ဗာဠှဿ သာဓော။
(၂၁၄) အပ္ပဿ ကန်။
(၂၁၅) ယုဝါနံ·ဉ္စ။
(၂၁၆) ဝန္တုမန္တုဝီနံ·ဉ္စ လောပေါ။
(၂၁၇) ယဝတံ တ လ န ဒ ကာရာနံ ဗျဉ္ဇနာနိ
စ လ ဉ ဇ ကာရတ္တံ။
(၂၁၈) အမှ တုမှ န္တုရာဇ ဗြဟ္မ·တ္တ သခ သတ္ထု ပိတာဒီဟိ
သ္မာ နာဝ။ [“တုမှ န္တု”ဟု မဖတ်ရ။]

## ဣတိ နာမကပ္ပေ ပဉ္စမော ကဏ္ဍော။

[နာမ်သုတ်စဉ်အကုန်တွင် နာမ်ဝိဘတ်သွယ်, နာမ်သုတ်နက်ကို ဆက်။]

http://www.dhammadownload.com



# ၃။ အာချာတ်ကစ္စည်းသုတ်စဉ်

(၁) အထ ပုဗ္ဗာနိ ဝိဘတ္တီနံ ဆ ပရဿပဒါနိ။

(၂) ပရာဏျ•တ္တနောပဒါနိ။

(၃) ဒွေဒွေ ပဌမ မဇ္ဈိမု•တ္တမပုရိသာ။

(၄) သဗ္ဗေသ•မေကာ•ဘိဓာနေ ပရော ပုရိသော။

(၅) နာမမှိ ပယုဇ္ဇမာနေပိ တုလျာ•ဓိကရဏေ ပဌမော။

(၆) တုမှေ မဇ္ဈိမော။

(၇) အမှေ ဥတ္တမော။

(၈) ကာလေ။

(၉) ဝတ္တမာနာ ပစ္စုပ္ပန္နေ။

(၁၀) အာဏတျာ•သိဋ္ဌေ•နုတ္တကာလေ ပဉ္စမီ။

(၁၁) အနုမတိပရိကပ္ပ•တ္ထေသု သတ္တမီ။

(၁၂) အပစ္စက္ခေ ပရောက္ခာ•တီတေ။

(၁၃) *ဟိယျောပဘုတိ ပစ္စက္ခေ ဟိယျတ္တနီ။

(၁၄) သမီပေ•ဇ္ဇတနီ။

(၁၅) မာယောဂေ သဗ္ဗကာလေ စ။

(၁၆) အနာဂတေ ဘဝိဿန္တီ။

(၁၇) ကြိယာ•တိပန္နေ•တီတေ ကာလာ•တိပတ္တိ။

(၁၈) ဝတ္တမာနာ တိ–အန္တိ, သိ–ထ, မိ–မ, တေ–အန္တေ, သေ–သဝှေ, ဧ–မှေ။

---

(၁၃) "ဟိံယျော, ဟိံယျတ္တနီ" ဟု မဖတ်ဘဲ ပါဠိရှိတိုင်း ဖတ်။

http://www.dhammadownload.com



(၁၉) ပဉ္စမီ တု–အန္တု, ဟိ–ထ, မိ–မ, တံ–အန္တံ, သု–ဿု, ဧ–အာမသေ။

(၂၀) သတ္တမီ ဧယျ–ဧယျုံ, ဧယျာသိ–ဧယျာထ, ဧယျာမိ–ဧယျာမ, ဧထ–ဧရံ, ဧထော–ဧယျာဝှော, ဧယျံ–အဧယျာမှေ။

(၂၁) ပရောက္ခာ အ–ဥ, ဧ–တ္ထ, အ–မှ, တ္ထ–ရေ, တ္ထော–ဝှော, ဣ–မှေ။

(၂၂) ဟိယျတ္တနီ အာ–ဥ, ဩ–တ္ထ, အ–မှာ, တ္ထ–တ္ထုံ, သေ–ဝှံ, ဣံ–မှသေ။

(၂၃) အဇ္ဇတနီ ဤ–ဥံ, ဩ–တ္ထ, ဣံ–မှာ, အာ–ဥ, သေ–ဝှံ, အ–မှေ။

(၂၄) ဘဝိဿန္တိ ဿတိ–ဿန္တိ, ဿသိ–ဿထ, ဿာမိ–ဿာမ, ဿတေ–ဿန္တေ, ဿသေ–ဿဝှေ, ဿံ–ဿာမှေ။

(၂၅) ကာလာ·တိပတ္တိ ဿာ–ဿံသု, ဿေ–ဿထ, ဿံ–ဿာမှာ, ဿထ–ဿိံသု, ဿသေ–ဿဝှေ, ဿိံ–ဿာမှသေ။

(၂၆) ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုကံ။

**ဣတိ အာချာတကပ္ပေ ပဌမော ကဏ္ဍော။**

---

(၂၁၊ ၂၂၊ ၂၃) "ဧတ်ထ, ဩတ်ထ, ထုံ"ဟု မဖတ်ဘဲ "ဧ တထ, ဩ–တထ, တထုံ"ဟု ဖတ်၊ "အမ်မှ, ဣမ်မှေ, အမ်မှာ, အမ်မှေ"ဟု မဖတ်ဘဲ "အ,မှ၊ ဣ,မှေ၊ အ,မှာ၊ အ,မှေ"ဟု ဖတ်။

(၂၄၊ ၂၅) "ဿ–တိ"စသည်ဖြင့် တစ်လုံးစီ ခွဲမဖတ်ဘဲ "ဿတိ" စသည်ဖြင့် တပေါင်းတည်း ဖတ်။

http://www.dhammadownload.com



(၂၇) ခါတုလိင်္ဂေဟိ ပရာ ပစ္စယာ။
(၂၈) တိဓ ဂုပ ကိတ မာနေဟိ ခဆသာ ဝါ။
(၂၉) ဘုဓ ဃသ ဟရ သု ပါ-ဒီဟိ တု-မိစ္ဆ-တွေသု စ။
(၃၀) အာယ နာမတော ကတ္တူ-ပမာနာ-ဒါစာရေ။
(၃၁) ဤယူ-ပမာနာ စ။
(၃၂) နာမမှာ-တ္တိစ္ဆ-တ္ထေ။
(၃၃) ခါတူဟိ ဏေ ဏယ ဏာပေ ဏာပယ
ကာရိတာနိ ဟေတွ-တ္ထေ။
(၃၄) ခါတုရူပေ နာမသ္မာ ဏယော စ။
(၃၅) ဘာဝကမ္မေသု ယော။
(၃၆) တဿ စဝဂ္ဂ ယကာရ ဝကာရတ္တံ သ ခါတွ-န္တဿ။
(၃၇) ဣဝဏ္ဏာ-ဂမော ဝါ။
(၃၈) ပုဗ္ဗ ရူပ-ဉ္စ။
(၃၉) တထာ ကတ္တရိ စ။
(၄၀) ဘူဝါ-ဒိတော အ။
(၄၁) ရုဓာ-ဒိတော နိဂ္ဂဟီတပုဗ္ဗ-ဉ္စ။
(၄၂) ဒိဝါ-ဒိတော ယော။
(၄၃) သွာ-ဒိတော ဏု ဏာ, ဉဏာ စ။
(၄၄) ကိယာ-ဒိတော နာ။
(၄၅) ဂဟာ-ဒိတော *ပ္ပဏှာ။ ["ပပ–ဏှာ"ဟု ဖတ်။]
(၄၆) တနာ-ဒိတော ဩ ယိရာ။
(၄၇) စုရာ-ဒိတော ဏေ ဏယာ။

http://www.dhammadownload.com



(၄၈) အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ။
(၄၉) ကတ္တရိ စ။
(၅၀) ဓာတုပစ္စယေဟိ ဝိဘတ္တိယော။
(၅၁) ကတ္တရိ ပရဿပဒံ။
(၅၂) ဘူဝါ•ဒယော ဓာတဝေါ။

## ဣတိ အာချာတကပ္ပေ ဒုတိယော ကဏ္ဍော။

(၅၃) ကွစာ•ဒိဝဏ္ဏာန•မေကဿရာနံ ဒွေဘာဝေါ။
(၅၄) ပုဗ္ဗော•ဗ္ဘာသော။
(၅၅) ရဿော။
(၅၆) ဒုတိယစတုတ္ထာနံ ပဌမ တတိယာ။
(၅၇) ကဝဂ္ဂဿ စဝဂ္ဂေါ။
(၅၈) မာန ကိတာနံ ဝ တတ္တံ ဝါ။
(၅၉) ဟဿ ဇော။
(၆၀) အန္တဿိ•ဝဏ္ဏာ•ကာရော ဝါ။
(၆၁) နိဂ္ဂဟီတ•ဉ္စ။
(၆၂) တတော ပါ မာနာနံ ဝါမံ သေသု။
(၆၃) ဌာ တိဋ္ဌော။
(၆၄) ပါ ပိဝေါ။
(၆၅) ဉာဿ ဇာဇံနာ။
(၆၆) ဒိသဿ ပဿ ဒိဿ ဒက္ခာ ဝါ။
(၆၇) ဗျဉ္ဇန•န္တဿ စော ဆပစ္စယေသု စ။
(၆၈) ကော ခေ စ။
(၆၉) ဟရဿ ဂိ သေ။

http://www.dhammadownload.com



(၇၀) ဖြူဘူန·မာဟာဘူဝါ ပရောက္ခာယံ။

(၇၁) ဂမိဿ·န္တော *န္တော ဝါ သဗ္ဗာသု။ ["စဆောဝါ"ဟုဖတ်။]

(၇၂) ဝစဿ·ဇ္ဇတနီမှိ မကာရော ဩ။

(၇၃) အကာရော ဒီဃံ ဟိမိမေသု။

(၇၄) ဟိ လောပံ ဝါ။

(၇၅) ဟောတိဿရေ·ဟော·ဟေ ဘဝိဿန္တိမှိ, ဿဿ စ။

(၇၆) ကရဿ သပစ္စယဿ ကာဟော။

**ဣတိ အာချာတကပ္ပေ တတိယော ကဏ္ဍော။**

(၇၇) ဒါ·ဒန္တဿံ မိမေသု။

(၇၈) အ သံယောဂ·န္တဿ ဝုဒ္ဓိ ကာရိတေ။

(၇၉) ဃဋာ·ဒီနံ ဝါ။

(၈၀) အညေသု စ။

(၈၁) ဂုဟာဒုသာနံ ဒီဃံ။

(၈၂) ဝစ ဝသ ဝဟာ·ဒီန·မုကာရော ဝဿ ယေ။

(၈၃) ဟာဝိပရိယယော လော ဝါ။

(၈၄) ဂဟဿ ဃေ *ပ္ပေ။ ["ဃေ–ပပေ"ဟု ဖတ်။]

(၈၅) ဟ လောပေါ ဏှာမှိ။

(၈၆) ကရဿ ကာသတ္တ·မဇ္ဇတနီမှိ။

(၈၇) အသ္မာ မိမာနံ မှိမှာ·န္တ လောပေါ စ။

(၈၈) ထဿ တ္ထတ္တံ။ ["တထတ္တံ"ဟု ဖတ်။]

(၈၉) တိဿ *တ္ထိတ္တံ။ ["တထိတ္တံ"ဟု ဖတ်။]

(၉၀) တုဿ *တ္ထုတ္တံ။ ["တထုတ္တံ"ဟု ဖတ်။]

http://www.dhammadownload.com



(၉၁) သိမှိ စ။
(၉၂) လဘာသွာ ဤ က္ကုံနံ တ္ထတ္ထံ။ [“တထ–တထံ”ဟု ဖတ်။
(၉၃) ကုသွာ ဒိ စ္ဆိ။ [“ဒိ–စ ဆိ”ဟု ဖတ်။]
(၉၄) ဒါဓာတုဿ ဒ္ဓံ။
(၉၅) ဝဒဿ ဝ္ဓံ။
(၉၆) ဂမိဿ ဃမ္မံ။
(၉၇) ယမှိ ဒါ ဓာ မာ ဌာ ဟာ ပါ မဟ မထာဒီန·မီ။
(၉၈) ယဧဿာ·ဒိဿိ။
(၉၉) သဗ္ဗတော ဥံ က္ကုံသု။
(၁၀၀) ဧရမရာနံ ဓိရဓိယမိယာ ဝါ။
(၁၀၁) သဗ္ဗတ္ထာ·သဿာ·ဒိလောပေါ စ။
(၁၀၂) အသဗ္ဗဓာတုကေ ဘူ။
(၁၀၃) ဧယျဿ ဉာတော က္ကယာ ဉာ။
(၁၀၄) *န္နာဿံ လောပေါ ယကာရတ္တံ။ [“နာ”ဟု ဖတ်။]
(၁၀၅) လောပ·ဉ္စေ·တ္တ·မကာရော။
(၁၀၆) ဥတ္တ·မောကာရော။
(၁၀၇) ကရဿာ·ကာရော စ။
(၁၀၈) ဩ အဝ သရေ။
(၁၀၉) ဧ အယ။
(၁၁၀) တေ အာဝါ·ယာ ကာရိတေ။
(၁၁၁) က္ကကာရာဂမော အသဗ္ဗဓာတုကမှိ။
(၁၁၂) ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃဝိပရီတာ·ဒေသ
လောပါ·ဂမာ စ။

http://www.dhammadownload.com



(၁၁၃) အတ္တနောပဒါနိ ပရဿပဒတ္တံ။
(၁၁၄) အကာရာဂမော, ဟီယျတ္တနီ အဇ္ဇတနီကာလာတိပတ္တီသု။
(၁၁၅) ဗြူတော ဤ တိမှိ။
(၁၁၆) ဓာတုဿ•န္တော, လောပေါ•နေကာဿရဿ။
(၁၁၇) ဣသုယမူန•မန္တော *ဆွော ဝါ။ ["စသော ဝါ" ဟု ဖတ်။]
(၁၁၈) ကာရိတာနံ ဏော လောပံ။

**ဣတိ အာချာတကပ္ပေ စတုတ္ထော ကဏ္ဍော။**

## ၄။ ကိတ်ကစ္စည်းသုတ်စဉ်

(၁) ဓာတုယာ ကမ္မာ•ဒိမှိ ဏော။
(၂) သညာယ•မ, နု။
(၃) ပုရေ ဒဒါ စ ဣံ။
(၄) သဗ္ဗတော ဏွုတွာ•ဝီ ဝါ။
(၅) ဝိသရုဇပဒါ•ဒိတော ဏ။
(၆) ဘာဝေ စ။
(၇) ကွိ စ။
(၈) ဓရာ•ဒီဟိ ရမ္မော။
(၉) တဿီလာ•ဒီသု ဏီတွာ•ဝီ စ။
(၁၀) သဒ္ဒ ကုဓ စလ မဏ္ဍ•တ္ထရုစာ•ဒီဟိ ယု။
(၁၁) ပါရာ•ဒိ ဂမိမှာ ရူ။

http://www.dhammadownload.com



(၁၂) ဘိက္ခာ·ဒိတော စ။
(၁၃) ဟာနတျာဒီနံ ဏုကော။
(၁၄) နု နိဂ္ဂဟီတံ ပဒ·န္တေ။
(၁၅) သံဟန·ညာယ ဝါ ရော, ဃော။
(၁၆) ရမှိ ရန္တော ရာဒိ နော။
(၁၇) ဘာဝကမ္မေသု တဗ္ဗာ·နီယာ။
(၁၈) ဏျော စ။
(၁၉) ကရမှာ ရိစ္စ။
(၂၀) ဘူတော·ဗ္ဗ။
(၂၁) ဝဒမဒဂမုယုဇဂရဟာ·ကာရာ·ဒီဟိ* ဇ္ဇမ္မဂ္ဂယှေ·ယျာ, ဂါရော ဝါ။ ["ဇဇ, မမ, ဂဂ"ဟု ဖတ်။]
(၂၂) တေ ကိစ္စာ။
(၂၃) အညေ ကိတ်။
(၂၄) နန္ဒ·ဒီဟိ ယု။
(၂၅) ကတ္တုကရဏ ပဒေသေသု စ။
(၂၆) ရ ဟာ·ဒိတော ဏ။

## ဣတိ ကိတပ္ပစ္စယန္တကပ္ပေ ပဌမော ကဏ္ဍော။

(၂၇) ဏာ·ဒယော တေကာလိကာ။
(၂၈) သညာယံ ဒါဓာတော ဣ။
(၂၉) တိ ကိစ္စာ·သိဋ္ဌေ။
(၃၀) ဣတ္ထိယ·မ·တိ ယဝေါ ဝါ။
(၃၁) ကရတော ရိရိယ။

http://www.dhammadownload.com



(၃၂) အတီတေ တ တဝန္တုတာဝိ။
(၃၃) ဘာဝကမ္မေသု တ။
(၃၄) ဗုဓဂမာ·ဒိတ္ထေ ကတ္တရိ။
(၃၅) ဇိတော ဣန သဗ္ဗတ္ထ။
(၃၆) သုပတော စ။
(၃၇) ဉာသံ ဒု သု ဟိ ခ။
(၃၈) ဣစ္ဆတ္ထေသု သမာနကတ္တုကေသု တဝေတုံ ဝါ။
(၃၉) အရဟာသက္ကာ·ဒီသု စ။
(၄၀) ပတ္တဝစနေ အလ·မတ္ထေသု စ။
(၄၁) ပုဗ္ဗကာလေ·က ကတ္တုကာနံ တုန တွာန တွာ ဝါ။
(၄၂) ဝတ္တမာနေ မာန·န္တာ။
(၄၃) သာသာ·ဒီဟိ ရတ္ထု။
(၄၄) ပါ·ဒိတော ရိတု။
(၄၅) မာနာ·ဒီဟိ ရာတု။
(၄၆) အာဂမာ တုကော။
(၄၇) ဘဗ္ဗေ ဣက။

**ဣတိ ကိတပ္ပစ္စယကပ္ပေ ဒုတိယော ကဏ္ဍော။**

(၄၈) ပစ္စယာ ဒနိဋ္ဌာ နိပါတနာ သိဇ္ဈန္တိ။
(၄၉) သာသဒိသတော တဿ ရိဋ္ဌော စ။
(၅၀) သာဒိ သ·န္တ ပုစ္ဆ ဘန္စ ဟံသာ·ဒီဟိ ဋ္ဌော။
(၅၁) ဝသတော ဥဋ္ဌ။
(၅၂) ဝဿာ ဝါ ဝ။

http://www.dhammadownload.com



(၅၃) ဓ–ဗ–ဘ–ဟေဟိ ဓော စ။
(၅၄) ဘန္တတော*ဂ္ဂေါ စ။ [“ဂေါ စ”ဟု ဖတ်။]
(၅၅) ဘုဇာ·ဒိန·မန္တော နော ဒွိ စ။
(၅၆) ဝစ ဝါ ဝု။
(၅၇) ဂုပါ·ဒိန·ဥ္ဆ။
(၅၈) တရာ·ဒိဟိ က္ကဏ္ဍော။
(၅၉) ဘိဒါ·ဒိတော က္ကန္တအန္တညကာ ဝါ။
(၆၀) သုသ ပစ သကတော*က္ခက္ကာ စ။
[“အခ, ကကာ”ဟုဖတ်။]
(၆၁) ပက္ကမာ·ဒိဟိ*န္တော စ။ [“နတော”ဟု ဖတ်။]
(၆၂) ဇနာဒိန·မာ တိမှိ စ။
(၆၃) ဂမ ခန ဟန ရမာ·ဒိန·မန္တော။
(၆၄) ရကာရော စ။
(၆၅) ဌာ ပါန·မိ ဤ စ။
(၆၆) ဟာ·န္တေဟိ ယော, ဟာသ ဋ္ဌောဝါ အ ဒဟ နဟာနံ။

**က္ကတိ ကိတစ္စိဓာနကပ္ပေ တတိယော ကဏ္ဍော။**

(၆၇) ဏာမှိ ရန္တသ ဇော ဘာဝကရဏေသု။
(၆၈) ဟနသ္သ ဃာတော။
(၆၉) ဝဓော ဝါ သဗ္ဗတ္ထ။
(၇၀) အာကာရန္တာန·မာယော။
(၇၁) ပုရ သ·မုပ ပရိဟိ ကရောတိသ္သ ခ ခရာ ဝါ
တပစ္စယေသု စ။

http://www.dhammadownload.com



(၇၂) တဝေ တုန္နာဒီသု ကာ။
(၇၃) ဂမခန ဟန္နာဒီနံ တုံ တဗ္ဗာဒီသု နှ။
(၇၄) သဗ္ဗေဟိ တုန္နာဒီနံ ယော။
(၇၅) စ နံ·ဋ္ဌေဟိ ရဋ္ဌံ။
(၇၆) ဒိသာ သွာန သွာ·န္တ လောပေါ စ။
(၇၇) မ–ဟ–ဒ–ဘေဟိ *မ္မ–ယှ–ဇ္ဇ–ဗ္ဘ–ဒ္ဓါ စ။
["မမ, ယှ, ဇဇ, ဗဘ, ဒဓ"ဟု ဖတ်။]
(၇၈) တဒ္ဓိတ သမာသ ကိတကာ နာမံ·ဝါ·တဝေ
တုန္နာဒီသု စ။
(၇၉) ဒုမှိ ဂရု။
(၈၀) ဒီဃော စ။
(၈၁) အက္ခရေဟိ ကာရ။
(၈၂) ယထာဂမ·မိကာရော။
(၈၃) ဒ ဓ·န္တတော ယော ကွစိ။

**ဣတိ ကိတပ္ပစ္စယကပ္ပေ စတုတ္ထော ကဏ္ဍော။**

(၈၄) နိဂ္ဂဟီတံ သံယောဂါဒိ နော။
(၈၅) သဗ္ဗတ္ထ ဂေ ဂီ။
(၈၆) သဒဿ သီဒတ္တံ။
(၈၇) ယဇဿ သရဿိ *ဋ္ဌေ။ ["ဿိဋ္ဌေ"ဟု မဖတ်ရ။]
(၈၈) ဟ စတုတ္ထာန·မန္တာနံ ဒေါ ဓေ။
(၈၉) ဍော ပကာရေ။
(၉၀) ဂဟဿ ဃရ ဏော ဝါ။

http://www.dhammadownload.com



(၉၁) ဒဟ္ဟာဿ ဒေါ ဋ္ဌံ။
(၉၂) ဓာတွန္တဿ လောပေါ ကွိမှိ။
(၉၃) ဝိဒန္တေ ဥ။
(၉၄) နမ က ရာန္တ • မန္တာဒီနံ နိယုတ္တတမှိ။
(၉၅) န ကဂတ္တံ စဇာ ဏျုမှိ။
(၉၆) ကရဿ စ တတ္တံ တုသ္မိံ။
(၉၇) တုံ တုန တဗ္ဗေသု ဝါ။
(၉၈) ကာရိတံ ဝိယ ဏာနုဗန္ဓော။
(၉၉) အန • ကာ ယု ဏျုနံ။
(၁၀၀) က ဂါ စဇာနံ။

**ကိတ်ကပ္ပ ကိတ္တကပ္ပဒီ ဇာနကဏ္ဍဇာ ပဉ္စမော ကဏ္ဍော။**

## ၅။ ဥဏာဒိကစ္စည်းသုတ်စဉ်

(၁) ကတ္တရိ ကိတ်။
(၂) ဘာဝကမ္မေသု ကိစ္စ *က္တခတ္ထာ။ ["ကတ" ဟု ဖတ်။]
(၃) ကမ္မနိ ဒုတိယာယံ က္တော။
(၄) *ချာဒိဟိ မန်, မ စ, တော ဝါ။ ["ခယာဒိဟိ" ဟု ဖတ်။]
(၅) သမာဒိဟိ ထ မာ။
(၆) ဂဟာဿု ပဓေဿ ဝါ။
(၇) မသုဿ သုဿ *စ္ဆရ စ္ဆေရာ။
["စဆရ, စဆေရာ" ဟုဖတ်။]
(၈) အာပုဗ္ဗ စရဿ စ။
(၉) အလ ကလ သလေဟိ လယာ။

http://www.dhammadownload.com



(၁၀) ယာဏ လာနာ။

(၁၁) မထိဿ ထဿ လော စ။

(၁၂) ပေဿာ·တိသဂ္ဂ ပတ္တကာလေသု ကိစ္စာ။

(၁၃) အဝဿကာ·ဓမိဏေသု ဏီ စ။

(၁၄) အရဟာသက္ကာဒီဟိ တုံ။

(၁၅) ဝဇာဒီဟိ ပဗ္ဗဇ္ဇာဒယော နိပစ္စန္တေ။

(၁၆) ကွိလောပေါ စ။

(၁၇) သ စဇာနံ ကဂါ ဏာနုဗန္ဓေ။

(၁၈) နုဒါဒီဟိ ယုဏွူနံ·မနာ·နနာ·ကာ·နနကာ
သ ကာရိတေဟိ စ။

(၁၉) ဣ ယ တ မ ကိ·ဧသာနံ·မန္တဿရော ဒီဃံ ကွစိ,
ဒိသဿ ဂုဏံ ဒေါရံ, *သ က္ခီစ။ [“သ·ကခီ”ဟု ဖတ်။]

(၂၀) ဘုဇာဒီဟိမတိ ဗုဓိပူဇာ·ဒီဟိစ*က္တော။ [“ကတော”ဟုဖတ်။]

(၂၁) ဝေပု သိ ဒဝ ဝမု ကု ဒါ ဘူ ဟွာဒီဟိ ထု တ္တိမ ဏိမာ
နိဗ္ဗတ္တေ။

(၂၂) အက္ကောသေ နမှာ·နိ။

(၂၃) ဧကာဒိတော သကိဿ*က္ခတ္တုံ။ [“ကခတ္တုံ”ဟု ဖတ်။]

(၂၄) သုနဿု·နဿော·ဏဝါနု·ဝါနူ·နု·နခု·ဏာနာ။

(၂၅) တရုဏဿ သုသု စ။

(၂၆) ယုဝဿု·ဝဿု·ဝု·ဝါနု·နူ·နာ။

(၂၇) ကာလေ ဝတ္တမာနာ·တီတေ ဏွာဒယော။

(၂၈) ဘဝိဿတိ ဂမာဒီဟိ ဏီ ဃိဏ်။

(၂၉) ကိရိယာယံ ဏွုတဝေါ။

http://www.dhammadownload.com



(၃၀) ဘာဝ ဝါစိမှိ စတုတ္ထီ။
(၃၁) ကမ္မနိ ဏော။
(၃၂) သေသေ ဿန္တု မာနာ·နာ။
(၃၃) ဆဒါဒီဟိ တ တြဏ်။
(၃၄) ဝဒါဒီဟိ ဏ္ယော ဂဏော။
(၃၅) မိဒါဒီဟိ *တ္တိ တိယော။ ["တတိ–တိယော" ဟု ဖတ်။]
(၃၆) ဥသု ရန္ဓဒ်သာနံ ဒံသဿ ဒဍ္ဍော, ဎ ဍ္ဍာ စ။
(၃၇) သူဝု·သာန·မူဝု·သာန·မတော ထောစ။
(၃၈) ရုန္ဓု·ဒါဒီဟိ ဓ ဒိ·ဒ္ဒ ကိရာ, ကွစိ ဓ ဒလောပေါ စ။
(၃၉) ပတိတော ဟိဿ ဟေရဏ် ဟီရဏ်။
(၄၀) ကဍ္ဍာဒီဟိ ကော။
(၄၁) ခါဒါ·မ ဂမာနံ ခန္ဓ·န္ဓ ဂန္ဓာ။
(၄၂) ပဋ္ဌာ·ဒီဟျ·လံ။
(၄၃) ပုထဿ ပုထု ပဋ္ဌာ·မော ဝါ။
(၄၄) သသွာ·ဒီဟိ တု ဒဝေါ။
(၄၅) *ဈာဒီဟိ ဤဝရော။ ["စယာဒီဟိ" ဟု ဖတ်။]
(၄၆) မုနာ·ဒီဟိ စိ။
(၄၇) ဝိဒါဒီဟျူ·ရော။
(၄၈) ဟနာ·ဒီဟိ နု ဏု တဝေါ။
(၄၉) ကုဋ္ဌာ·ဒီဟိ ဌော။
(၅၀) မန ပုရ သုဏာ·ဒီဟိ ဥသ ဏုသိ·သာ။

**ကိတ် ဥဏာဒိကပ္ပော။**

http://www.dhammadownload.com



# ၆။ သမာသ်ကစ္စည်းသုတ်စဉ်

(၁) နာမာနံ သမာသော ယုတ္တ·တ္ထော။
(၂) တေသံ ဝိဘတ္တိယော လောပါ စ။
(၃) ပကတိ စ·ဿ သရန္တဿ။
(၄) ဥပသဂ္ဂ နိပါတ ပုဗ္ဗကော အဗျယီဘာဝေါ။
(၅) သော နပုံသကလိင်္ဂေါ။
(၆) ဒိဂုဿေ·ကတ္တံ။
(၇) တထာ ဒွန္ဒေ ပါဏိ တူရိယ ယောဂ္ဂ သေန·င်္ဂ ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓဝိသဘာဂတ္ထာ·ဒီန·ဉ္စ။
(၈) ဝိဘာသာ ရုက္ခ တိဏ ပသု ဓန ဓည ဇနပဒါ·ဒီန·ဉ္စ။
(၉) ဒွိပဒေ တုလျာ·ဓိကရဏေ ကမ္မဓာရယော။
(၁၀) သင်္ချာပုဗ္ဗော ဒိဂု။
(၁၁) ဥဘေ တပ္ပုရိသာ။
(၁၂) အ·မာဒယော ပရပဒေဘိ။
(၁၃) အညပဒတ္ထေသု ဗဟုဗ္ဗီဟိ။
(၁၄) နာမာနံ သမုစ္စယော ဒွန္ဒော။
(၁၅) မဟတံ မဟာ တုလျာ·ဓိကရဏေ ပဒေ။
(၁၆) ဣတ္ထိယံ ဘာသိတပုမိ·တ္ထိ ပုမာ·ဝ စေ။
(၁၇) ကမ္မဓာရယသညေ စ။
(၁၈) အတ္တံ နဿ တပ္ပုရိသေ။
(၁၉) သရေ အန်။
(၂၀) ကဒ် ကုဿ။

http://www.dhammadownload.com



(၂၁) *ကာ·ပ္ပဋ္ဌေသု စ။
(၂၂) ကွစိ သမာသန္တဂတာန·မကာရန္တော။
(၂၃) နဒိမှာ စ။
(၂၄) ဇာယာယ တု ဒံဇာနိ ပတိမှိ။
(၂၅) ဓနုမှာ စ။
(၂၆) အံ ဝိဘတ္တီန·မကာရန္တာ အဗျယီဘာဝါ။
(၂၇) သရော ရဿော နပုံသကေ။
(၂၈) အညသ္မာ လောပေါ စ။

**ဣတိ သမာသကဏ္ဍော။**

++++++

# ၇။ တဒ္ဓိတ်ကစ္စည်းသုတ်စဉ်

(၁) ဝါဏ·ပစ္စေ။
(၂) ဏာယန ဏာန ဝစ္ဆာ·ဒိတော။
(၃) ဏေယျော ကတ္တိကာ·ဒီဟိ။
(၄) အတော ဏိ ဝါ။
(၅) ဏဝေါ·ပဂွာဒီဟိ။
(၆) ဏေရ ဝိဓဝါ·ဒိတော။
(၇) ယေန ဝါ သံသဋ္ဌံ တရတိ စရတိ ဝဟတိ ဏိကော။
(၈) တ·မဓီတေ တေနကတာဒိ သန္နိဓာန နိယောဂ သိပ္ပ ဘဏ္ဍ ဇီဝိကတ္ထေသု စ။
(၉) ဏ ရာဂါ တဿေ·ဒံ·မည·တ္ထေသု စ။
(၁၀) ဇာတာဒီန·မိမိ·ယာ စ။

http://www.dhammadownload.com



(၁၁) သမူဟာတ္တေ ကဏ် ဏာ။
(၁၂) ဂါမ ဇန ဗန္ဓု သဟာယာ·ဒီဟိ တာ။
(၁၃) တ·ဒဿ ဌာန·မိယော စ။
(၁၄) ဥပမတ္ထာ·ယိတတ္တံ။
(၁၅) တန္နိဿိတတ္ထေ လော။
(၁၆) အာလု*တဗ္ဗဟုလေ။ ["တဗ်ဗဟုလေ"ဟု ဖတ်။]
(၁၇) *ဏျ တ္တ တာ ဘာဝေတု။ ["ဏျ,တ္တ,တာ"ဟုဖတ်။]
(၁၈) ဏ ဝိသမာ·ဒီဟိ။
(၁၉) ရမဏီယာ·ဒိတော ကဏ်။
(၂၀) ဝိသေသေ တရ တမိ·သိကိ·ယိ·ဋ္ဌာ။
(၂၁) တ·ဒဿတ္ထိ·တိ ဝီ စ။
(၂၂) တပါ·ဒိတော သီ။
(၂၃) ဒဏ္ဍာ·ဒိတော ဣက ဤ။
(၂၄) မဓွာ·ဒိတော ရော။
(၂၅) ဂုဏာဒိတော ဝန္တု။
(၂၆) သတျာဒီဟိ မန္တု။
(၂၇) သဒ္ဓါဒိတော ဏ။
(၂၈) အာယုဿု·ကာရာ·သ မန္တုမှိ။
(၂၉) *တပ္ပကတိ ဝစနေ မယော။ ["တပ်ပကတိ"ဟု ဖတ်။]
(၃၀) သင်္ချာပူရဏေ မော။
(၃၁) သ ဆဿ ဝါ။
(၃၂) ဧကာဒိတော ဒသဿီ။

3.A

http://www.dhammadownload.com



(၃၃) ဒသေ သော နိစ္စ·ဉ္စ။
(၃၄) အဋ္ဌေ နိဂ္ဂဟီတ·ဉ္စ။
(၃၅) တိ စ။
(၃၆) လ ဒရာနံ။
(၃၇) ဝီသတိ ဒသေသု ဗာ ဒွိဿ တု။
(၃၈) ဧကာဒိတော *ဒသ ရ သင်္ချာနေ။
(၃၉) အဋ္ဌာဒိတော စ။
(၄၀) ဒွေ·က·ဋ္ဌာန·မာကာရော ဝါ။
(၄၁) စတု ဆေဟိ ထ ဠာ။
(၄၂) ဒွိတီဟိ တိယော။
(၄၃) တိယေ ဒု တာ ပိ စ။
(၄၄) တေသ·မဍ္ဎူပပဒေန အဍ္ဎုဍ္ဎ ဒိဝဍ္ဎ ဒိယဍ္ဎာ·ဍ္ဎတိယာ။
(၄၅) သရူပါန·မေကသေသွ·သကိံ။
(၄၆) ဂဏနေ ဒသဿ ဒွိ တိ စတု ပဉ္စ ဆ သတ္တ အဋ္ဌ
နဝကာနံ ဝီ တိ စတ္တာရ ပညာ ဆ သတ္တာ·သ နဝါ
ယောသု, ယောနဉ္စီ·သ·မာသံ ဌိ ရိ·တီ·တု·တိ။
(၄၇) စတူ·ပပဒဿ လောပေါ တု·တ္တရပဒါ·ဒိစဿ စုစောပိ
နဝါ။
(၄၈) ယ·ဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ။
(၄၉) ဒွါ·ဒိတော ကော·နေကတ္ထေ စ။
(၅၀) ဒသ ဒသကံ သတံ, ဒသကာနံ သတံ
သဟာဿ·ဉ္စ ယောမှိ။

---

[“ဒသ”ဟု တွေ့သမျှ၌ “ဒသ်သ”ဟု မဖတ်ဘဲ “ဒသ”ဟု ဆက်ဖတ်။]

http://www.dhammadownload.com



(၅၁) ယာဝ•တဒုတ္တရိ ဒသဂုဏိတာ•ဥ္။
(၅၂) သကနာမေဟိ။
(၅၃) တေသံ ဏော လောပံ။
(၅၄) ဝိဘာဂေ ဓာ စ။
(၅၅) သဗ္ဗနာမေဟိ ပကာရဝစနေ တု ထာ။
(၅၆) ကိံ•မိမေဟိ ထံ။
(၅၇) ဝုဒ္ဓါ•ဒိသရဿ ဝါ•သံယောဂန္တဿ သ ဏေ စ။
(၅၈) မာယူန•မာဂမော ဌာနေ။
(၅၉) *အာတ္တံ•ဥ္။ ["အာ–တ္တဥ္"ဟု ရေးချယ်သံနှင့် ဖတ်။]
(၆၀) ကွစာ•ဒိမဇ္ဈုတ္တရာနံ ဒီဃရဿာ ပစ္စယေသု စ။
(၆၁) တေသု ဝုဒ္ဓိလောပါ•ဂမ ဝိကာရ ဝိပရီတာ•ဒေသာ စ။
(၆၂) အ ယု•ဝဏ္ဏာန•ဉ္ဍာ•ယော ဝုဒ္ဓိ။

**ဣတိ တဒ္ဓိတကပ္ပော။**

## ၈။ ကာရကကစ္စည်းသုတ်စဉ်

(၁) ယသ္မာ•ဒပေတိ ဘယ•မာ•ဒတ္တေ ဝါ, တ•ဒပါဒါနံ။
(၂) ဓာတု နာမာန•မုပသဂ္ဂယောဂါဒီသွ•ပိ စ။
(၃) ရက္ခဏ•တ္ထာန•မိစ္ဆိတံ။
(၄) ယေနဝါ•ဒဿနံ။
(၅) ဒူရ•န္တိက•ဒ္ဓကာလနိမ္မာန တွာလောပ ဒိသာယောဂ ဝိဘတ္တာ•ရပ္ပယောဂ သုဒ္ဓ ပမောစန ဟေတု ဝိဝိတ္တ ပမာဏ ပုဗ္ဗယောဂ ဗန္ဓန ဂုဏဝစန ပဉ္ဟ ကထန ထောကာ•ကတ္တုသု စ။

http://www.dhammadownload.com


(၆) ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ, တံ သမ္ပဒါနံ။
(၇) သိလာဃ ဟနု ဌာ သပ ဓာရ ပိဟ ကုဓ ဒုဟိ•ဿော• သူယ ရာဓိ•က္ခ ပစ္စာ•သုဏ အနုပတိဂိဏ ပုဗ္ဗ ကတ္တာ• ရောစနတ္ထ တဒတ္ထ တုမတ္ထာ•လ•မတ္ထ မညာ•နာဒရ• ပ္ပါဏိနိ ဂတျ•တ္ထကမ္မနိ အာသိသတ္ထ သမ္မုတိ ဘိယျ သတ္တမျ•တ္ထေသု စ။
(၈) ယော•ဓာရော, တ•မောကာသံ။
(၉) ဧယန ဝါ ကယိရတေ, တံ ကရဏံ။
(၁၀) ယံ ကရောတိ, တံ ကမ္မံ။
(၁၁) ယော ကရောတိ, သ ကတ္တာ။
(၁၂) ယော ကာရေတိ, သ ဟေတု။
(၁၃) ယဿ ဝါ ပရိဂ္ဂဟော, တံ သာမီ။
(၁၄) လိင်္ဂ•တ္ထေ ပဌမာ။
(၁၅) အာလပနေ စ။
(၁၆) ကရဏေ တတိယာ။
(၁၇) သဟာဒိယောဂေ စ။
(၁၈) ကတ္တရိ စ။
(၁၉) ဟေတွတ္ထေ စ။
(၂၀) သတ္တမျတ္ထေ စ။

http://www.dhammadownload.com



(၂၁) ယေန•ဂ်ဝိကာရော။
(၂၂) ဝိသေသနေစ။
(၂၃) သမ္ပဒါနေ စတုတ္ထီ။
(၂၄) နမောယောဂါဒီသွ•ပိ စ။
(၂၅) အပါဒါနေ ပဉ္စမီ။
(၂၆) ကာရကာတ္တေ စ။
(၂၇) ကမ္မတ္ထေ ဒုတိယာ။
(၂၈) ကာလ•ဒ္ဓါန•မစ္စန္တသံယောဂေ။
(၂၉) ကမ္မ–ပ္ပဝစနီယယုတ္တေ။
(၃၀) ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ ကာရိတေ ဝါ။
(၃၁) သာမိသ္မိံ ဆဋ္ဌီ။
(၃၂) ဩကာသေ သတ္တမီ။
(၃၃) သာမိ•ဿရာ•ဓိပတိ ဒါယာဒ သက္ခိ ပတိဘူ ပသုတ ကုသလေဟိ စ။
(၃၄) နိဒ္ဓါရဏေ စ။
(၃၅) အနာဒရေ စ။
(၃၆) ကွစိ ဒုတိယာ ဆဋ္ဌီန•မတ္ထေ။
(၃၇) တတိယာ သတ္တမီန•ဉ္စ။
(၃၈) ဆဋ္ဌီ စ။
(၃၉) ဒုတိယာ ပဉ္စမီန•ဉ္စ။
(၄၀) ကမ္မ ကရဏ နိမိတ္တတ္ထေသု သတ္တမီ။

http://www.dhammadownload.com



(၄၁) သမ္ဘဒါနေ စ။
(၄၂) ပဥ္စမျ•တ္တေ စ။
(၄၃) ကာလ ဘာဝေသု စ။
(၄၄) ဥပ•ရျာ•ဓိကိဿရ ဝစနေ။
(၄၅) မဏ္ဍိတု•ဿုက္ကေသု တတိယာ စ။

## ဣတိ ကာရကကဏ္ဍော။

**သုတ်ပေါင်း**။ ။ထိုထို အပိုင်းဆုံးက သုတ်ဂဏန်းကို ကြည့်၍ သန္ဓိပိုင်း၌ သုတ်ပေါင်း (၅၁), နာမ်ပိုင်း၌ သုတ်ပေါင်း (၂၁၈) စသည် ရှိကြောင်းကို သိလေ၊ အားလုံး သုတ်ပေါင်း (၆၇၂)သုတ် ရှိသည်။ [နာမ်ပိုင်း၌ (၂၁၈)ရှိသည်မှာ "ဓောတထေသု စ"သုတ်ကို ချန်၍ ရေတွက်ခြင်းတည်း၊ ထိုသုတ်ကို ထည့်လျှင် (၂၁၉) ရှိသည်။]

(၁) သန္ဓိငါးဆယ်, တစ်သုတ်ကယ်, နာမ်ဝယ် နှစ်ရာ့ဆယ့်ရှစ်ဝ။
(၂) အာချာတ်၌ဝယ်, ဆယ့်ရှစ်ကယ်, မှတ်ဖွယ် တစ်ရာမျှ။
(၃) ကိတ်ပိုင်းတစ်ရာ၊ ဥဏာဒ်မှာဝယ်, ငါးဆယ်စင်စစ်, မှတ်တုံလစ်, နှစ်ဆယ့်ရှစ် သမာသ။
(၄) ခြောက်ဆယ်နှစ်ဝ, တဒ္ဓိတတည်း၊ ကာရကဝယ်, လေးဆယ်နှင့် ငါး၊ ပေါင်းငြား ခုနစ်ဆယ်, နှစ်သုတ်ကယ်, မှတ်ဖွယ် ခြောက်ရာပြ။

**ကစ္စည်းသုတ်စဉ် ပြီး၏။**

****

http://www.dhammadownload.com



# နာမ်ဂိုဏ်းနိဒါန်း
## အချို့စကားအတွက် မှတ်သားနှင့်ဖွယ်

**ဂါထာ** – (၈)လုံးလျှင် (၁)ပိုဒ်, (၄)ပိုဒ်လျှင် (၁)ဂါထာ စသည်ဖြင့် ပိုင်းခြား၍ ဆန်းကျမ်း၌လာသော အစီအစဉ်အတိုင်း ရေးသား စီကုံးအပ်သည့်အတွက် ရွတ်ဆိုသင့် ရွတ်ဆိုထိုက် ရွတ်ဆို၍ ချောမောလှသော...

"အသေဝနာ စ ဗာလာနံ[၁], ပဏ္ဍိတာနဉ္စ သေဝနာ[၂]၊ ပူဇာ စ ပူဇနီယာနံ[၃], ဧတံ မင်္ဂလ·မုတ္တမံ[၄]"စသည်ကို "ဂါထာ"ဟု ခေါ်သည်၊ "ဂါယိတဗ္ဗာတိ ဂါထာ" ဂါယိတဗ္ဗာ–ရွတ်ဆိုအပ် ရွတ်ဆိုထိုက်၏၊ ဣတိ–ထို့ကြောင့်၊ ဂါထာ–ဂါထာမည်၏။

**စုဏ္ဏိယ** – ဂါထာကဲ့သို့ အက္ခရာကန့်သတ်ချက်, အပိုဒ်ကန့်သတ်ချက် မရှိသော ပါဠိစကားပြေ ဟူသမျှကို ယခုကာလ၌ "စုဏ္ဏိယ" ဟု ခေါ်ကြသည်၊ [သဒ္ဒတ္ထဘေဒစိန္တာ၌ သမာသ်ပုဒ် နည်းပါးသော နုပ်နုပ်ဖွဲ့ဖွဲ့ ပါဠိစကားပြေကိုသာ "စုဏ္ဏိယ"ဟု ခေါ်လို၏၊ အခြားသော ပါဠိစကားပြေကို အခြားသော နာမည်ဖြင့် ခေါ်ဆိုသေးသည်။]

**အစီ** – လှပသော ပန်းကလေးများကို တစ်ပွင့်စီ တစ်ပွင့်စီ စီတန်းထားသကဲ့သို့, ပုဒ်များကို သဒ္ဒါနည်းကျကျ စီတန်းမှုကို "အစီ"ဟု ခေါ်၏၊ ၎င်းအစီကို ပါဠိလို "ရစနာ"ဟု ခေါ်သည်။

**အကုံး** – ပန်းများကို တစ်ပွင့်စီ တစ်ပွင့်စီ သီကုံးထားသကဲ့သို့ပုဒ်များကို လှပချောမောအောင် ရေးသားမှုကို "အကုံး"ဟု ခေါ်သည်။

**အနှုန်း** – စကားပြောကောင်းသူသည် ယဉ်ကျေးသော စကားလုံးကိုသာ သုံးနှုန်းပြောဆိုလေ့ ရှိသကဲ့သို့ ကောင်းမွန်သော ပါဠိစကား ကိုသာ သုံးနှုန်း ရေးသားနိုင်ခြင်းကို "အနှုန်း"ဟု ခေါ်သည်။

http://www.dhammadownload.com



အဖွဲ့ - အဖိုးတန်သော ဝတ္ထုများကို ပေါင်းစုဖွဲ့ထားသကဲ့သို့ ဆိုင်ရာ အဓိပ္ပာယ်ကို ဖော်ပြသည့် ပါဠိများကို ပေါင်းစုဖွဲ့ထားခြင်းကို "အဖွဲ့"ဟု ခေါ်၏။ ဤ"အစီ,အကုံး,အနှုန်း, အဖွဲ့"တို့ကို ပါဠိလို "ဗန္ဓ(ဗန္ဓန)"ဟု ခေါ်သည်။

နာမ်ဂိုဏ်း-ပါဠိလို နာမဂဏကို မြန်မာလို "နာမ်ဂိုဏ်း"ဟု ခေါ်၏။ [နာမ=နာမ်ပုဒ်+ဂဏ=အပေါင်း] စည်းကမ်းဥပဒေသချင်း တူသော ပုဂ္ဂိုလ်အပေါင်းကို တစ်ဂိုဏ်းဖွဲ့ရသကဲ့သို့ ရုပ်တွက်ရာ၌ အစီအရင်ချင်းတူသော နာမ်ပုဒ်အပေါင်းကို တစ်ဂိုဏ်း ဖွဲ့ရလေသည်၊ ရုပ်စီရင်ပုံ ကွဲပြားသလောက် ဂိုဏ်းခွဲ၍ ပြလိုက်ရာ, နာမ်ဂိုဏ်း (၁၃)ဂိုဏ်း ထွက်လာလေသည်၊ [ဂိုဏ်းဥပဒေသထက် ထူးခြား၍ ကျင့်သော အချို့ပုဂ္ဂိုလ်များ ရှိတတ်သကဲ့သို့ ဂိုဏ်းစည်းကမ်းထက် ထူးပြားနေသော အချို့ရုပ်များကိုလည်း တွေ့ကြရလတ္တံ့။]

ပုရိသာဒိဂိုဏ်း-ယခုကာလ ထိုထို ဂိုဏ်းဂဏတို့၌ ခေါင်းဆောင်ပုဂ္ဂိုလ် တစ်ဦးစီ ရှိ၏။ ပုရိသာဒိဂိုဏ်း၌ "ပုရိသ"ဟူသော နာမ်ပုဒ်သည် ခေါင်းဆောင်ရုပ်ပင်တည်း၊ ပုရိသာဒိ၌ အာဒိသဒ္ဒါသည် "အတူ"ဟူသောအနက်ကို ဟော၏။ ထို့ကြောင့် ရုပ်စဉ်ရပုံ အားဖြင့် ပုရိသနှင့်တူသော နာမ်ပုဒ်အပေါင်းကို "ပုရိသာဒိ ဂိုဏ်း"ဟု ခေါ်၏။ [ပုရိသာဒိ=ပုရိသနှင့်တူသော နာမ်ပုဒ်တို့၏+ ဂဏော=အပေါင်း။]

ပဒမာလာ-[ပဒ=ပုဒ်+မာလာ=အစဉ်အတန်း။] ပုဒ်တစ်ခု တစ်ခုကို ကေဝုစ် ဗဟုဝုစ် အစဉ်ကျအောင်, ပဌမာ ဒုတိယာ စသော ဝိဘတ် အစဉ်ကျအောင် စဉ်တန်းမှုကို "ပဒမာလာ"ဟု ခေါ်၏။

ဂိုဏ်းနှင့် ပဒမာလာအထူး-သဘောတူ နာမ်ပုဒ်အပေါင်းကို "ဂိုဏ်း"ဟု ခေါ်၏။ ထိုထိုဂိုဏ်းဝင် နာမ်ပုဒ်တစ်ခုတစ်ခုကို "ပုရိသော ပုရိသာ" စသည်ဖြင့် စဉ်ခြင်းကို "ပဒမာလာ"ဟု ခေါ်သည်။

http://www.dhammadownload.com



## နာမ်ဂိုဏ်းအတွက် မှတ်သားနှင့်ဖွယ်

နာမ်ဂိုဏ်း၌ "တည်သောအခါ, ပြီးသောအခါ, ကာရန္တ, ပကတိ, လိင်"ဟူသော စကားလုံးကို သုံးနှုန်းထားလိမ့်မည်၊ ထိုတွင် တည်သော အခါ–ဟူသည်ကား ရုပ်တွက်လို၍ ရုပ်တည်သောအခါကို ဆိုလိုသည်၊ ဥပမာ–ပုရိသောကို ရုပ်တွက်လိုသည့်အခါ "ပုရိသ"လိင်တည်ဟု ရုပ်တည်သောအခါမျိုးတည်း၊ ပြီးသောအခါ–ဟူသည်ကား ရုပ်တွက်၍ ပြီးစီးသည့်အခါကို ဆိုသည်။

ကာရန္တ –[ကာရ+အန္တ၊ ကာရ=အက္ခရာ+အန္တ =အဆုံးရှိသည်၊] တည်သောအခါ၌လည်းကောင်း, ပြီးသောအခါ၌လည်းကောင်း "အ အာ ဣ ဤ ဥ ဦ ဩ ဝိန္ဒု"ဟု အက္ခရာရှစ်လုံးတို့တွင် တစ်လုံးလုံး ဆုံးလျက်ရှိသည်ကို "ကာရန္တ"ဟု ခေါ်သည်။

ပြီးတဲ့အခါ ကာရန္တကို သတ်မှတ်ရာ၌ ပဌမာသိဝိဘတ်နှင့် ရုပ်ပြီး သော ကာရန်ကို သတ်မှတ်ရသည်၊ ဘာ့ကြောင့်နည်းဆိုလျှင်, အာလုပ် ဒုတိယာ စသော အခြားဝိဘတ်များသည် (ဘော ပုရိသ–အို ယောက်ျား၊ ဂစ္ဆ–သွားလော၊ ပုရိသံ–ယောက်ျားကို၊ ပဿတိ–မြင်၏၊ ပုရိသဿ– ယောက်ျား၏၊ သန္တကံ–ဥစ္စာ, စသည်ဖြင့်) စပ်ဆိုင်ရာ ပုဒ်တစ်ပါးနှင့် တွဲမိမှ သက်ရသော ဝိဘတ်များတည်း၊ ဘယ်ပုဒ်နှင့်မှ မစပ်တဲ့အခါ ("ပုရိသော–ယောက်ျား"ဟု) ပဌမာဖြင့်သာ ရုပ်နေရသည်၊ သို့အတွက် ရုပ်ပြီးကာရန်ကို သတ်မှတ်ရာ၌ ပဌမာဖြင့် ပြီးနေပုံကို ကြည့်၍ သတ်မှတ် ရလိမ့်မည်၊ ကေဝုစ် ဗဟုဝုစ် နှစ်မျိုးတွင်ကား ကေဝုစ်က အရင်းခံ ဖြစ်သောကြောင့် ပဌမာ ကေဝုစ်ဖြင့် ရုပ်ပြီးကာရန်ကို သတ်မှတ်ရသည်။

ပကတိ– တစ်စုံတစ်ခု ဝိဘတ် မသက်ခင် ပင်ကို ပုဒ်အတိုင်းကို "ပကတိ"ဟု ခေါ်၏၊ ထို့ကြောင့် ပုရိသသည် အကာရန္တ ပကတိ ရှိ၏၊ ပင်ကို ပုဒ်အတိုင်းမှာ သဉ "အ"အက္ခရာ အဆုံးရှိသည် – ဟူလို။

http://www.dhammadownload.com



လိင်ကို ပါဠိလို "လိင်္ဂ"ဟု ခေါ်၏၊ လိင်္ဂသဒ္ဒါသည် "အမှတ်အသား" ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် ရှေးသဒ္ဒါဆရာတို့က အဘိဓာန် ကျမ်း၌ "ဤသဒ္ဒါသည် ပုလ္လိင်ရှိ၏, ဤသဒ္ဒါသည် ဣတ္ထိလိင်, သို့မဟုတ် နပုလ္လိင်ရှိ၏၊ ဤသဒ္ဒါသည် လိင်နှစ်မျိုးနှင့် ဆက်ဆံ၏, ဤသဒ္ဒါကား လိင်သုံးမျိုးနှင့် ဆက်ဆံ၏, ဤသဒ္ဒါကား လိင်အတွက် အထူးမရှိ၍ အလိင်တည်း"ဟု မှတ်သားထားခဲ့ကြပေသည်၊ ထိုအဘိဓာန် ကျမ်းလာ သဒ္ဒါဆရာတို့ ထားအပ်သော အမှတ်အသားကိုပင် လိင်္ဂ (လိင်)ဟု ခေါ်ဝေါ်ရပေသည်။

## အတ္ထလိင်နှင့် သဒ္ဒလိင် ဆက်သွယ်လာပုံ

ယောက်ျား မိန်းမ နပုံး(ပဏ္ဍုက်)ဟူသော အနက်ဒြပ်များ၌ ပုလ္လိင် ဣတ္ထိလိင် နပုလ္လိင်ဟု ခေါ်ဝေါ်အပ်သော အခြင်းအရာတစ်မျိုး ရှိ၏၊ ယောက်ျား၏ သွားလာပုံ စားသောက်ပုံနှင့် ကိုယ်၏ ပုံသဏ္ဌာန်များ၌ မိန်းမသားတို့ထက် သန့်ရှင်းသော အခြင်းအရာ ရှိ၏၊ ထိုသန့်ရှင်းသော အခြင်းအရာကို ပါဠိလို "ဝိသဒါ·ကာရ"ဟု ခေါ်၏၊ [ဝိသဒ=သန့်ရှင်း သော + အာကာရ = အခြင်းအရာ၊] ထို သန့်ရှင်းသော အခြင်းအရာ ဝိသဒါကာရသည် ပုမလိင်္ဂ(ပုလ္လိင်)ပင်တည်း။ [ပုမ=ယောက်ျား၏+လိင်္ဂ= အမှတ်အသား။] ဤကား အနက်ဒြပ်၌ ရအပ်သော အတ္ထလိင်တည်း။

ထိုအတ္ထလိင် သန့်ရှင်းသလို ရုပ်စီရင်ရာ၌ သန့်ရှင်းပြီးလွယ်သော အခြင်းအရာကိုလည်း သဒ္ဒါဆရာတို့က ပုမလိင်္ဂ(ပုလ္လိင်)ဟု မှတ်သား၍ ထိုသဒ္ဒါကိုလည်း ပုလ္လိင်ဟော သဒ္ဒါဟု အသိအမှတ်ပြုခဲ့ကြပေသည်၊ တကယ် ဒြပ်နက်က ပုလ္လိင် မဟုတ်သော်လည်း သဒ္ဒါဆရာတို့က ရုပ်စီရင်ရာ၌ သန့်ရှင်းလျှင် သဒ္ဒါကို ပုလ္လိင်ဟုပင် ခေါ်သည်၊ ထို့ကြောင့် မိန်းမဟူသော အနက်ကို "မာတုဂါမော", မယားဟူသော အနက်ကို "ဒါရော"ဟူသော ပုလ္လိင်သဒ္ဒါတို့က ဟောလျက်ရှိလေသည်။

http://www.dhammadownload.com



မိန်းမတို့၏ သွားလာ စားသောက်ပုံ ကိုယ်၏ပုံသဏ္ဌာန်များ၌ ယောကျ်ားများလောက် မသန့်ရှင်းသော အခြင်းအရာ ရှိ၏၊ ထိုမသန့်ရှင်းသော အခြင်းအရာကို "အဝိသဒါ·ကာရ"ဟု ခေါ်၏၊ [အဝိသဒ=မသန့်ရှင်းသော+အာကာရ=အခြင်းအရာ၊] ထိုမသန့်ရှင်းသော အခြင်းအရာ အဝိသဒါ·ကာရသည် ဣတ္ထိလိင်္ဂ(ဣတ္ထိလိင်)ပင်တည်း၊ [ဣတ္ထိ=မိန်းမ၏+လိင်္ဂ=အမှတ်အသား၊] ဤကား အနက်ဒြပ်၌ ရအပ်သော အတ္ထလိင်တည်း။

ထိုအတ္ထလိင် မသန့်ရှင်းသလို ရုပ်စီရင်ရာ၌ မသန့်ရှင်းသော အခြင်းအရာကိုလည်း သဒ္ဒါဆရာတို့က ဣတ္ထိလိင်္ဂ (ဣတ္ထိလိင်)ဟု မှတ်သား၍ ထိုသဒ္ဒါကိုလည်း ဣတ္ထိလိင်ဟော သဒ္ဒါဟု အသိအမှတ်ပြုခဲ့ကြပေသည်၊ ထို့ကြောင့် အနက်ဒြပ်မှာ ဣတ္ထိလိင် မရှိသော်လည်း သဒ္ဒါဆရာတို့ သတ်မှတ်ချက်အရ ချောက်ကမ်းပါးကို "တဋီ"ဟူသော ဣတ္ထိလိင်သဒ္ဒါဖြင့် ပါဠိ စီရလေသည်။

ယောကျ်ား မဟုတ်, မိန်းမ မဟုတ် နပုံး(ပဏ္ဍုက်)တို့၏ အသွားအလာ ကိုယ်၏ ပုံဟန်သဏ္ဌာန်သည် သန့်ရှင်းသည်လည်း မဟုတ်, မသန့်ရှင်းသည်လည်း မဟုတ်ချေ၊ ၎င်းကို "နေဝဝိသဒနာဝိသဒါ·ကာရ"ဟုခေါ်၏၊ ထိုသန့်ရှင်း,မသန့်ရှင်း မဟုတ်သော အခြင်းအရာ နေဝဝိသဒနာဝိသဒါ·ကာရသည် နပုံသကလိင်္ဂ(နပုလ္လိင်)ပင်တည်း၊ [နပုံသက=နပုံးတို့၏+လိင်္ဂ=အမှတ်အသား၊] ဤကား အနက်ဒြပ်၌ ရအပ်သောအတ္ထလိင်တည်း။

ထိုအတ္ထလိင်၏ သန့်ရှင်း မသန့်ရှင်း မဟုတ်သော အခြင်းအရာကဲ့သို့ ရုပ်စီရင်ရာ၌ ပုလ္လိင်သဒ္ဒါများလောက်လည်း မသန့်ရှင်းတတ်, ဣတ္ထိလိင်သဒ္ဒါများလောက်လည်း မရှုပ်ထွေးတတ်သော အခြင်းအရာကို သဒ္ဒါဆရာတို့က နပုံသကလိင်္ဂ (နပုလ္လိင်)ဟု အသိအမှတ် ပြုခဲ့ကြပေသည်၊ ထို့ကြောင့် အနက်ဒြပ်မှာ နပုလ္လိင် မရှိပါသော်လည်း သဒ္ဒါဆရာတို့ သက်မှတ်ချက်အရ မယားဟူသော အနက်ကို "ကလတ္တံ"ဟူသော နပုလ္လိင်သဒ္ဒါက ဟောပြနိုင်လေသည်။

http://www.dhammadownload.com



ဤဂကားအရ အဘိဓာန်ကျမ်း၌ သဒ္ဒါဆရာတို့ သတ်မှတ်ထားအပ်သော အမှတ်အသားကို သဒ္ဒါကျမ်းများ၌ အသုံးပြုရသော လိင်ဟုမှတ်၊ ထိုသဒ္ဒါဆရာတို့လည်း အနက်ဒြပ် အတ္ထလိင်မှာရှိသော အခြင်းအရာကို အတုယူ၍ ရုပ်စီရင်ရာ၌ သန့်ရှင်းမှု, မသန့်ရှင်းမှု အခြင်းအရာကို အစွဲပြုလျက် "လိင်"ဟု ခေါ်ဝေါ်ပညတ်ခဲ့ကြပေသည်ဟု မှတ်၊ ဤကား မုဒ္ဓဗောဓ(သက္ကတ)ဋီကာကို မှီ၍ ပြအပ်သော အဓိပ္ပာယ်တည်း၊ သဒ္ဒနီတိ၌ကား ပဒမာလာအစဉ် သန့်ရှင်း မသန့်ရှင်းမှုကို စွဲ၍ သဒ္ဒလိင်ကို ဆုံးဖြတ်လေသည်။

[ဆောင်] (၁) အတ္ထသဒ္ဒါ, ဤနှစ်ဖြာ, သေချာ ခွဲဖို့လိင်။

(၂) အတ္ထလိင်မှာ, သွားလာပုံဟန်, သဏ္ဌာန်ခြင်းရာ၊ သဒ္ဒါဖို့လျှင်, ရုပ်စီရင်မှု, ခြင်းရာစု, ရှုလေအကြိမ်ကြိမ်။

(၃) ရှုသော်သန့်ရှင်း၊ မသန့်ရှင်းနှင့်၊ မရှင်းမဆို, ရှင်းမဆို, သွင်းသို နှလုံးအိမ်။

(၄) ပုလ္လိင်သန့်ရှင်း၊ မသန့်ရှင်းဘိ–ဣတ္ထိလိင်သာ, နှစ်ဖြာမလို, နပုံးကို, သုံးဆို စွဲ၍ချိန်။

မှာထားချက်။ ။ဤနာမ်ဂိုဏ်း၌ အလွန်ထူးသော ရုပ်မှတစ်ပါး များစွာသော ရုပ်ကို တွက်ပြတော့မည် မဟုတ်၊ ဂိုဏ်းနှင့်ဆိုင်ရာ သုတ်များကိုသာ ညွှန်ပြထားလိမ့်မည်၊ ထိုထို သုတ်တုန်းက တွက်ပြခဲ့သည့်အတိုင်း ဒိုင်းဒိုင်းပြေးအောင် မိမိဘာသာ ရုပ်တွက်ကြလေ၊ ပို့ချသောဆရာများကလည်း နာမ်ဂိုဏ်းကို နေ့အခါ ကျက်စေ၍ ညဉ့်အခါ၌ နှစ်ဦးသုံးဦး စသည် တွဲဖက်လျက် သံပြိုင်ရုပ်တွက်စေခြင်း, ထိုထိုဂိုဏ်းမှာ ပါရှိသည့် လေ့ကျင့်ဖွယ် ပုဒ်များကို ဂိုဏ်းစဉ်ခိုင်းခြင်း, ပုရိသသည် ဘာလိင်ရှိသလဲ, ပကတိက ဘာကာရန်လဲ, ပြီးတဲ့အခါ ဘာကာရန်လဲဟု ထပ်တလဲလဲ မေးမြန်း ပို့ချခြင်းဟို့ဖြင့် စာသင်သားတို့ ဉာဏ်ကို ရှင်းလင်းစေနိုင်ပါသည်။

နာမ်ဂိုဏ်းနိဒါန်း ပြီး၏။

http://www.dhammadownload.com



ကျက်မှတ်ရန် နာမ်ရုပ်ကြေမွမှ ဂါထာစုဏ္ဏိယ အစီ အကုံး အနှုန်း
အချီ အဖွဲ့ မြန်တက်, ကျမ်းဂန်တို့၌ အနက်ထင်မြင်,
သဘောဉာဏ် သက်ဝင် စူးရှနိုင်သောကြောင့်,
နာမ်ရုပ်ကြေမွအောင် ..."မနောဂိုဏ်းစု, ပု–စိတ်–ကညာ,
ဂု–ဂစ္ဆာနှင့်, ပုမာ–ရာဇ, သတ္တ–ရတ္တာ, နဒါ–ဂဟံ, သဗ္ဗနာမ်,

---

## အချီစကားပျိုးအစိပ္ပာယ်

"နာမ်ရုပ်ကြေမွမှ" ဟူသော စကားမှစ၍ ပုရိသာဒိဂိုဏ်း၏ နောက်မှ "ပြဆိုပေအံ့" တိုင်အောင် စကားစုကား နာမ်ဂိုဏ်းကို ပြလို၍ ရှေးဦးစွာ အစချီသောစကားတည်း၊ သစ်ပင်များကို စ၍ စိုက်ပျိုးသကဲ့သို့ ရှေးဦးစွာ စ၍ပျိုးသောကြောင့် "စကားပျိုး=အပျိုးစကား" ဟုလည်း ခေါ်ရ၏။

**နာမ်ရုပ်ကြေမွမှ** ။ပေ၊ သက်ဝင် စူးရှနိုင်သောကြောင့်–ထမင်းစားသောအခါ ကြေမွအောင် ကိုက်ချေ၍ မျိုချလိုက်မှ အရသာပေါ်ထွက် အစာကြေညက်၍ အားအင်တိုးတက်သကဲ့သို့, ထို့အတူ နာမ်ပိုင်း၌ ပြခဲ့သော ရုပ်များကို ကြေကြေမွမွ နှုတ်တက်လည်း ရကြ, ရုပ်တွက်လည်း ကျနမှသာ လုပသော ဂါထာ စုဏ္ဏိယများကို ရေးသားစီကုံး သုံးနှုန်း ဖွဲ့ဆိုရာ၌ အလျင်အမြန် နှုတ်သို့လည်း တက်, လက်သို့လည်း တက်၍ သွက်လက်စွာ စီကုံးနိုင်ကြပေမည်၊ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို ကြည့်ရှုရာ၌လည်း နာမ်ရုပ်ကြေမွမှသာ အနက် အဓိပ္ပာယ်ကို ထင်နိုင် မြင်နိုင်၍ ကျမ်းဂန်၏ လေးနက်သော စကားကိုလည်း သက်ဝင် စူးရှလျက် ကျကျနန သိနိုင်ပေသည်။

အိုစာသင်သားအပေါင်းတို့...နာမ်ရုပ်ကြေခြင်း၏ ကျေးဇူးကို အသင်တို့ နာမ်ရုပ်ကြေသည့်အခါ ယခုပြခဲ့သော အကျိုးများထက် ပိုမို၍ ကြီးမားသော အကျိုးကျေးဇူးကို ခံစားကြရပေလိမ့်မည်၊ သမာသ် တဒ္ဓိတ် ကိတ်အပိုင်းများနှင့် ကာရကပိုင်းသည် နာမ်၏ စက်ကွင်းမှ မလွတ်ကင်းနိုင်ကြပေ၊

http://www.dhammadownload.com



မှတ်ရန် တစ်ဆယ့်သုံး”ဟူသော တစ်ဆယ့်သုံးဂိုဏ်းတို့၏ ပဒမာလာကို အာလုပ်နှင့်တကွ ဝိဘတ်တစ်ဆယ့်ခြောက်လုံး အစဉ်အတိုင်း အကျဉ်းမျှ ပြဆိုပေအံ့၊ ထိုတွင် မနောဂိုဏ်းစုကို ပုရိသ စိတ္တ ကညာဒိဂိုဏ်းတို့ထက် လက္ခဏာပိုလွန်သော ဂိုဏ်းထူးဖြစ်၍ ထိုသုံးဂိုဏ်းတို့၏ နောက်မှ ပြဆိုပေအံ့။

---

သမာသ်နာမ် တဒ္ဓိတ်နာမ် ကိတ်နာမ် အမည်ကို ခံယူလျက် ယခု နာမ် အတွင်းသို့ သက်ဆင်းကြရပေသည်၊ ထိုသမာသ် တဒ္ဓိတ် ကိတ်ပုဒ်တို့ နာမ်အတွင်းသို့ သက်ဆင်းကြရပုံကို ဤအခြေပြုသဒ္ဒါက ထိုထိုအပိုင်း၌ ကသိုဏ်းကွက် ဆင်ပြင်သလို ထင်မြင်အောင် ညွှန်ပြထားလိမ့်မည်။

အိုစာသင်သားအပေါင်းတို့...နာမ်၏ကျေးဇူးကို အထူးသဘောကျပြီးသော ဆရာအစဉ်အဆက်တို့က “နာမ်ကိုနိုင်လျှင် သဒ္ဒါတစ်ဝက် ပိုင်ပြီ” ဟု မြိုင်မြိုင်ကြီး မိန့်တော်မူခဲ့ကြသည်၊ သို့အတွက် သင်တို့၏ သဒ္ဒါအခြေကို ကြာလေလေ တိုးပွားဖို့ အကျိုးများသည့် ဤနာမ်ဂိုဏ်းကို ဒိုင်းဒိုင်းပြေး ကြေမွအောင်...၁–မနောဂိုဏ်းစု, ၂–ပုရိသာဒိဂိုဏ်း, ၃–စိတ္တာဒိဂိုဏ်း, ၄–ကညာဒိဂိုဏ်း, ၅–ဂုဏဝါဒိဂိုဏ်း, ၆–ဂစ္ဆန္တာဒိဂိုဏ်း, ၇–ပုမာဒိဂိုဏ်း, ၈–ရာဇာဒိဂိုဏ်း, ၉–သတ္ထာဒိဂိုဏ်း, ၁၀–ရတ္တာဒိဂိုဏ်း, ၁၁–နဒါဒိဂိုဏ်း, ၁၂–ဂဟပတာဒိဂိုဏ်း, ၁၃–သဗ္ဗနာမ်ဂိုဏ်းဟု (၁၃)ဂိုဏ်းတို့၏ ပဒမာလာကို အာလုပ်ဝိဘတ်နှင့်တကွ ဝိဘတ်(၁၆)လုံး အာလုပ် ပဌမာ ဒုတိယာ စသော အစဉ်အတိုင်း အကျဉ်းမျှ ပြဆိုရပေလိမ့်မည်၊ ထို(၁၃)ဂိုဏ်းတွင် “မနောဂိုဏ်းစု, ပု စိတ် ကညာ”ဟု မနောဂိုဏ်းစုကို အစဆုံးခေါင်းစဉ်ထားသော်လည်း ရုပ်၏ သက္ခဏာမှာ ပုရိသ စိတ္တ ကညာဒိဂိုဏ်းတို့ထက် ပိုလွန် ထူးခြားနေသောကြောင့် ထိုဂိုဏ်းများ၏ နောက်မှ ပြဆိုခွင့်ရှိသည်ကိုလည်း သတိပြုခဲ့ကြပါကုန်။

http://www.dhammadownload.com



**ကျက်မှတ်ရန်** တည်သောအခါ "ပုရိသ"ဟု အကာရန္တဖြင့် တည်ပြီးလျှင် "သော"ဟူသော သုတ်ဖြင့် သိဝိဘတ်ကို ဩပြု၍ ပြီးသောအခါ "ပုရိသော"ဟု ဩကာရန္တဖြင့် ပြီးကောင်းသော ပုဒ်အပေါင်းသည် ပုရိသာဒိဂိုဏ်းမည်၏။ ဤပုရိသာဒိဂိုဏ်းသည် ပုလ္လိင်သာတည်း။ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ပုရိသော | ပုရိသာ |
| အာ | ဘောပုရိသ, ပုရိသာ | ဘောန္တော ပုရိသာ |
| ဒု | ပုရိသံ | ပုရိသေ |
| တ | ပုရိသေန | ပုရိသေဟိ, ပုရိသေဘိ |
| စ | ပုရိသဿ | ပုရိသာနံ |
| ပဉ္စ | ပုရိသသ္မာ, ပုရိသမှာ, ပုရိသာ | ပုရိသေဟိ, ပုရိသေဘိ |
| ဆ | ပုရိသဿ | ပုရိသာနံ |
| သ | ပုရိသသ္မိံ, ပုရိသမှိ, ပုရိသေ | ပုရိသေသု။ |

## ဂိုဏ်းဝင်ပုဒ်

ဗုဒ္ဓေါ ဓမ္မော သံဃော ပေါသော, ဒေဝေါ စ မနုဿော နရော၊ မာတုဂါမော ဩရောဓောတိ, ပုရိသာဒိဂဏော မတော။

## စီရင်သောသုတ်

အာလပနေ ဂဿညနှင့်, အကာရပိ–တာဒျန်,
အာကာရောဝါ–သေသတော, သဗ္ဗယောနီနံ၊
သရလောပေါ–သော–တစ်တန်ငယ်,အတောနေနံ သုဟိသွနှင့်
သ္မာဟိ(ပြ)သ္မိံ နံပေ, သာဂမောတဲ့သေ၊
သုနံဟိသု–သ္မာသ္မိံနွေမှာ, ဂိုဏ်းပုရိသေ သုတ်များပါတဲ့လေး။

http://www.dhammadownload.com



# ကြည့်ရှုရန်သာ

"ပုရိသော-ယောက်ျားသည်၊ ပုရိသာ-ယောက်ျားတို့သည်၊ ဘော ပုရိသ ပုရိသာ-အိုယောက်ျား၊ ဘောန္တော ပုရိသာ-အို ယောက်ျားတို့ စသည်ဖြင့် သုဝိဘတ်တိုင်အောင်) ပုရိသေသု-ယောက်ျားတို့၌"ဟု ဂိုဏ်းတိုင်းမှာ အနက်ဆိုပါစေ၊ ကလေးများဉာဏ်သည် အလွန်နုနယ်လှ၏၊ လွယ်သည်ဟု သဘောထား၍ အနက်မချဘဲ မနေပါနှင့်၊ ရုပ်တွက်ပုံ ကိုကား ဂိုဏ်းဝင်သုတ်များ၏ သုတ်နက်တိုင်းမှာ ပြဆိုခဲ့ပြီ။

[ဗုဒ္ဓေါ-ဘုရား၊ ဓမ္မော-တရား၊ သံဃော-သံဃာ၊ ပေါသော-ယောက်ျား၊ ဒေဝေါ-နတ်၊ မနုဿော, နရော-လူ၊ မာတုဂါမော-မိန်းမ၊ ဩရောဓော-မောင်းမ (မိဖုရား၏ အခြွေအရံဖြစ်သော နန်းတော်သူများ)၊ ဣတိ-ဤသို့သော သဒ္ဒါအပေါင်းကို၊ ပုရိသာဒိဂဏော-ပုရိသာဒိ ဂိုဏ်းဝင်ဟူ၍၊ မတော-သိအပ်၏။]

**မှတ်ချက်။** ။ရုပ်စဉ်ရာ၌ ရှေ့အစဝယ် ပ အာ စသော အက္ခရာကို ပြထား၏၊ ပ ကို ပဌမာ, အာ ကို အာလုပ်, ဒု ကို ဒုတိယာ, တ ကို တတိယာ, စ ကို စတုတ္ထီ, မီ ကို ပဉ္စမီ, ဆ ကို ဆဋ္ဌီ, သ ကို သတ္တမီဟု မှတ်၊ ကျက်သည့်အခါ ထိုအက္ခရာများကို မကျက်နှင့်၊ "ပုရိသော, ပုရိသာ၊ ဘော ပုရိသ, ပုရိသာ၊ ဘောန္တော ပုရိသာ"စသည်ဖြင့် ရုပ်စဉ် သက်သက်ကိုသာ ကျက်လေ၊ ထိုအက္ခရာများကား ပဌမာ အာလုပ် ဧကဝုစ် ဗဟုဝုစ်ရုပ်မှန်း သိဖို့ရာ သင်္ကေတ (အမှတ်အသား)အဖြစ်ဖြင့်သာ ပြထားခြင်း ဖြစ်သည်။

ထိုထိုဂိုဏ်းနှင့် သက်ဆိုင်သော သုတ်များကို ညွှန်ပြရာ၌ လူငယ်များ အတွက် ကျက်မှတ်လွယ်ကူစေခြင်းငှာ ချောမောသော စာသွားဖြင့် ညွှန်ပြထားသည်ကို သမာဓိကြီးသော ပုဂ္ဂိုလ်တို့က ရှေးဆရာတော်ကြီး များ၏ ကဗျာဗန္ဓတွေကို သတိထားလျက် ကျေနပ်နိုင်ကြပါစေသား။

ပုရိသာဒိဂိုဏ်းပြီး၏။

***

http://www.dhammadownload.com



**ကျက်မှတ်ရန်** တည်သောအခါ "စိတ္တ"ဟု အကာရန္တဖြင့် တည်ပြီးလျှင်, "သိ"ဟူသော သုတ်ဖြင့် သိဝိဘတ်ကို အံပြု၍, ပြီးသောအခါ "စိတ္တံ"ဟု နိဂ္ဂဟီတန္တဖြင့် ပြီးကောင်းသော ပုဒ်အပေါင်းသည် စိတ္တာဒိဂိုဏ်းမည်၏။ ဤစိတ္တာဒိဂိုဏ်းသည် နပုလ္လိင်သာတည်း။ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | စိတ္တံ | စိတ္တာ, စိတ္တာနိ |
| အာ | ဘော စိတ္တ, စိတ္တာ | ဘဝန္တာနိ စိတ္တာ, စိတ္တာနိ |
| ဒု | စိတ္တံ | စိတ္တေ, စိတ္တာနိ |
| တ | စိတ္တေန | စိတ္တေဟိ, စိတ္တေဘိ |
| စ | စိတ္တဿ | စိတ္တာနံ |
| ပဉ္စမီ | စိတ္တသ္မာ, စိတ္တမှာ, စိတ္တာ | စိတ္တေဟိ, စိတ္တေဘိ |
| ဆ | စိတ္တဿ | စိတ္တာနံ |
| သ | စိတ္တသ္မိံ, စိတ္တမှိ, စိတ္တေ | စိတ္တေသု။ |

### ဂိုဏ်းဝင်ပုဒ်

ကုလံ စ ကုသလံ ပုညံ, ကလတ္တံ ဥဒကံ သုခံ၊
ဒုက္ခံ အကုသလံ ပါပံ, ကမ္မံ စိတ္တာဒိကံ မတံ။

### စီရင်သောသုတ်

ဂိုဏ်းပုရိသာ သုတ်လာသမျှနှင့် အတောနိစ္စ သိံတစ်တန်,
ယောသုကတာ နိကာရ–လောပ သုဒ္ဒီယံ၊
ကမ္မအတွက် ရုပ်ကျူးဟန်မှာ, သုတ်အထူးကြံ အကမ္မနှင့်,
ဥနာမိုစ–စမသွေ, ဈလတောပြု နှစ်ထွေ၊
ပြဟ္မတောတု–တုအနေမှာ, နယုပဒေ ဂိုဏ်းစိတ္တာဒိလေး။

F4A

http://www.dhammadownload.com



## ကြည့်ရှုရန်သာ

[ယောဝိဘတ်ဖြင့် စိတ္တာ စိတ္တေကဲ့သို့သော ရုပ်များသည် ဂါထာစီရာဝယ် အက္ခရာနည်းအောင် သုံးရသော ရုပ်များတည်း၊ စုဏ္ဏိယမှာ ရှိခဲ၏။] ကုလံ–အမျိုး၊ ကုသလံ–ကုသိုလ်၊ ပုညံ–ကောင်းမှု၊ ကလတ္တံ–ဇနီး(မယား)၊ ဥဒကံ–ရေ၊ သုခံ–ချမ်းသာ၊ ဒုက္ခံ–ဆင်းရဲ၊ အကုသလံ–အကုသိုလ်၊ ပါပံ–မကောင်းမှု၊ ကမ္မံ–အမှု(လုပ်ငန်း)၊ စိတ္တာဒိကံ–စိတ္တာဒိဂိုဏ်းဝင်ဟူ၍၊ မတံ–သိအပ်သော ပုဒ်အပေါင်းတည်း။

ထိုပုဒ်များတွင် ကမ္မသဒ္ဒါဝယ် “နာ–သ–သ္မာ–သ–သ္မိံ”ဝိဘတ်ငါးလုံးနှောင်းရာ၌ အကမ္မန္တဿ စ, ဥနာမှိ စ၌ စသဒ္ဒါ, ဈလတော သဿနောဝါ, ဈလတော စဟု (ဈလတောပြုသောနှစ်သုတ်),ပြဟ္မတောတု သ္မိံနိ၌ တုသဒ္ဒါတို့ဖြင့် စီရင်၍ နာဝိဘတ်ဖြင့် ကမ္မုနာ ကမ္မနာ, သဝိဘတ်ဖြင့် ကမ္မုနော, သ္မာဝိဘတ်ဖြင့် ကမ္မုနာ, သ္မိံဝိဘတ်ဖြင့် ကမ္မနိဟု ကျူးလွန်ပိုလျှံသော ရုပ်များ ရှိသေးသည်၊ သို့အတွက် ထိုရုပ်ထူးများကို ထည့်သွင်း၍ ကမ္မပုဒ်ကို...

“ကမ္မံ၊ ကမ္မာ, ကမ္မာနိ၊ ဘောကမ္မ, ကမ္မာ၊ ဘဝန္တာနိ ကမ္မာ, ကမ္မာနိ၊ ကမ္မံ၊ ကမ္မေ, ကမ္မာနိ၊ ကမ္မေန, ကမ္မနာ၊ ကမ္မုနာ၊ ကမ္မေဟိ, ကမ္မေဘိ၊ ကမ္မဿ, ကမ္မုနော–ကမ္မာနံ၊ ကမ္မသ္မာ, ကမ္မမှာ, ကမ္မာ, ကမ္မုနာ၊ ကမ္မေဟိ, ကမ္မေဘိ၊ ကမ္မဿ, ကမ္မုနော၊ ကမ္မာနံ၊ ကမ္မသ္မိံ, ကမ္မမှိ, ကမ္မေ, ကမ္မနိ၊ ကမ္မေသု”ဟု ရုပ်စဉ်လေ။

**စိတ္တာဒိဂိုဏ်းပြီး၏။**

http://www.dhammadownload.com



ကျက်မှတ်ရန် ဣတ္ထိယမတော အာပစ္စယောသုတ်ဖြင့် အာပစ္စည်းသက်၍လည်းကောင်း၊ ဏျတ္တတာဘာဝေတုသုတ်ဖြင့် တာပစ္စည်းသက်၍လည်းကောင်း၊ ပြီးကောင်းသော ပုဒ်အပေါင်းသည် ကညာဒိဂိုဏ်းမည်၏။ ဤကညာဒိဂိုဏ်းသည် ဣတ္ထိလိင်သာတည်း။ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ကညာ | ကညာ, ကညာယော |
| အာ | ဘောတိကညေ | ဘောတိယောကညာ, ကညာယော |
| ဒု | ကညံ | ကညာ, ကညာယော |
| တ | ကညာယ | ကညာဟိ, ကညာဘိ |
| စ | ကညာယ | ကညာနံ |
| ပဉ္စ | ကညာယ | ကညာဟိ, ကညာဘိ |
| ဆ | ကညာယ | ကညာနံ |
| သ | ကညာယ, ကညာယံ | ကညာသု။ |

## ဂိုဏ်းဝင်ပုဒ်

သဒ္ဓါ မေတ္တာ ပညာ ဂင်္ဂါ၊ ပူဇာ သိက္ခာ ဘိက္ခာ တဏှာ၊
ဝါစာ ဂါထာ အမ္မာ အန္ဓာ၊ ပရိသာ စ သဘာ(သမာ)။

## စီရင်သောသုတ်

ဣတ္ထိမတော အာပစ္စယောနှင့်၊ ဃတေ အာယော နှစ်သုတ်မှန်၊
ဃပတောစ ယောနံ ဟော–လောပေါသုတ်က တစ်တန်၊
သေသတော ဂ–သိ လောပံဝယ်၊ ဃတောတစ်ဖန် နာဒီနနှင့်၊
ဃပတောပြ သ္မိံယံပေ၊ န အမ္မာဒိ မသွေ၊
ကညာဒိပြ သုတ်တိုင်းကြေလျှင်၊ ရုပ်ဂိုဏ်းအနေ ခက်ခဲပါဘုလေး။

http://www.dhammadownload.com



## ကြည့်ရှုရန်သာ

သဒ္ဒါ–သဒ္ဒါတရား၊ မေတ္တာ–မေတ္တာတရား၊ ပညာ–ပညာတရား၊ ဂင်္ဂါ–ဂင်္ဂါမြစ်၊ ပုစ္ဆာ–အမေး၊ သိက္ခာ–ကျင့်ဝတ်သိက္ခာ၊ ဘိက္ခာ–ထမင်း၊ တဏှာ–တပ်မက်ခြင်း၊ ဝါစာ–စကား၊ ဂါထာ–ဂါထာပါဋ္ဌိ၊ အမ္ဗာ, အန္ဗာ–မိခင်၊ ပရိသာ–ပရိသတ်၊ သဘာ–ပွဲသဘင်, အစည်းအဝေး, စျေးရုံ, လွှတ်ရုံး၊ သမာ–ကညာနှင့်တူသောသဒ္ဒါတို့တည်း။

ထိုပုဒ်များတွင် ပရိသာ သဘာသဒ္ဒါတို့၌ သ္မိံ ဝိဘတ်အရာဝယ် သ္မိံဝိဘတ်ကို "တိံ သဘာပရိသတော"ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် တိံ ပြု, အာကို ကွစာဒိမဇ္ဈုတ္တရာနံ ဒီဃရဿာ ပစ္စယေသု စသုတ်ဖြင့် အ ရဿပြု၍ "ပရိသတိံ, သဘတိံ"ဟု ရုပ်ပိုသေး၏။ (ယခု ပါဠိများ၌ "ပရိသတိ"ဟု ရှိသည်။)

အမ္ဗာ အန္ဗာ(အမ္ဗာ)သဒ္ဒါတို့၌ န အမ္ဗာဒိတောသုတ်က "ဧ"မပြုရဟု တားမြစ်သောကြောင့် အာလုပ်သိဝိဘတ်ဖြင့် "အမ္ဗေ–အန္ဗေ–အမ္ဗေ"ဟု ရုပ်မရှိရ၊ ပုရိသာဒိဂိုဏ်းတုန်းကကဲ့သို့ "ဘောတိအမ္ဗ, အမ္ဗာ"ဟု ရုပ်ရှိရသည်၊ သတိပြု၍ ရုပ်စဉ်ကြလေ။

ဘောတိအမ္ဗ၌ အမ္ဗကို အမ္ဗာလိင်တည်, အာလုပ် သိသက်,ဂမှည့်, ဂ်ကို ဃမှည့်, ဃတေစသုတ်ဖြင့် ဃမည်သော ဂ်မှ နောက်ဖြစ်သော ဂသိကို ဧပြုသင့်သော်လည်း န အမ္ဗာဒိတောသုတ်က တားမြစ်သော ကြောင့် မပြုရ၊ အာကာရော ဝါသုတ်ဖြင့်–ဂ်ကို ၊ ရဿပြု, သေသတော လောပံ ဂသိပိသုတ်ဖြင့် ဂသိကို ချေ, အမ္ဗပြီး၏။ [အမ္ဗာ၌ကား အမ္ဗာ တည်၍ ဤနည်းအတိုင်းဆိုပြီးလျှင် ဂ်ကို ရဿမပြုဘဲ, ဂသိကို ချေရုံသာ။]

ကညာဒိဂိုဏ်းပြီး၏။

xxxxxxxx

http://www.dhammadownload.com



ကျက်မှတ်ရန် မနောဂိုဏ်းစုသည် မနောဂိုဏ်း, မနောဂဏာဒိ ဂိုဏ်းဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် "နာ.သ.သ္မိ.ဝိ, သာ.သော.သိဆုံး၊ ကြိယာကံ, ဩခံဝိကပ်၊ သမာသ် တဒ္ဓိ, လယ်ဩရှိ၊ တိ ဝိ မနောဂိုဏ်းလက္ခဏာ" ဟူသည်နှင့်အညီ –နာ ဝိဘတ်အရာ၌ သာ, သ ဝိဘတ်အရာ၌ သော, သ္မိ ဝိဘတ်အရာ၌ သိ အဆုံးရှိခြင်း လက္ခဏာတစ်ပါး၊ ကြိယာ၏ ကံ၌ ဩအက္ခရာရှိခြင်းလက္ခဏာ တစ်ပါး၊ သမာသ် တဒ္ဓိတ်ပုဒ်တို့၏ အလယ်၌ ဩ အက္ခရာရှိခြင်း လက္ခဏာတစ်ပါး၊ ဤလက္ခဏာသုံးပါးရှိသော ပုဒ်အပေါင်းသည် မနောဂိုဏ်းမည်၏။ ၁–မနသာ မနသော မနသိ, ၂–မနော ဥတ္တာ, ၃–မနောဓာတု မနောမယံ ဟူသည်တည်း။ ဤမနောဂိုဏ်းသည် များသော အားဖြင့် နပုလ္လိင်တည်း။ ပုလ္လိင်လည်း အနည်းငယ် ရှိသေး၏။ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
| --- | --- | --- |
| ပ | မနံ, မနော | မနာ, မနာနိ |
| အာ | ဘောမန, မနာ | ဘဝန္တာနိ မနာ, မနာနိ |
| ဒု | မနံ, မနော | မနေ, မနာနိ |
| တ | မနေန, မနသာ | မနေဟိ, မနေဘိ |
| စ | မနဿ, မနသော | မနာနံ |
| ပီ | မနသ္မာ, မနမှာ, မနာ | မနေဟိ, မနေဘိ |
| ဆ | မနဿ, မနသော | မနာနံ |
| သ | မနသ္မိံ, မနမှိ, မနေ, မနသိ | မနေသု။ |

http://www.dhammadownload.com



## ဂိုဏ်းဝင်ပုဒ်

ဝေံ ဝစော ဝယော တေဇော,
တပေါ စေတော တမော ယသော၊
အယော ပယော သိရော ဆန္ဒော,
သရော ဥရော ရဟော အဟော။

→→←←

### ကြည့်ရှုရန်သာ

နာ သ သို့ ဝိ(ဝိ=ဝိကပ်)–နာဝိဘတ်အရာ၌ "မနသာ"ဟု ရှိရမည် ဆိုသော်လည်း အမြဲမဟုတ်, ဝိကပ်(အချို့)တည်း၊ ထို့ကြောင့် မနေန ဟုလည်း ရှိနိုင်သည်၊ သ သို့အရာ၌လည်း ဤနည်းပင်။

ကြိယာကံ, ဩခံဝိကပ်–ဥတ္တာဟူသော ကြိယာ၏ ကံပုဒ်၌ "မနော"ဟု ဩခံလျက် (ဩဆုံးလျက်) ရှိရမည်၊ သို့သော် ဝိကပ်ဟု ဆိုသောကြောင့် အမြဲဩခံရမည် မဟုတ်၊ "မနံဥတ္တာ"ဟုလည်း နေနိုင်သည်–ဟူလို၊ ထို့ကြောင့် အံဝိဘတ်ဖြင့် "မနံ, မနော"ဟု နှစ်ရုပ်ပြခဲ့သည်၊ "မနံ, မနော–စိတ်ကို၊ ဥတ္တာ–သိ၍"ဟု အနက်ဆို။

သမာသ် တဒ္ဓိ, လယ်ဩရှိ–"မနောဓာတု"ကဲ့သို့သော သမာသ်ပုဒ်, "မနောမယံ, အယောမယံ"ကဲ့သို့သော တဒ္ဓိတ်ပုဒ်များ၏ အလယ်၌ ဩအက္ခရာ ရှိရမည်၊ သို့သော် အမြဲမဟုတ်၊ "အယကပလ္လံ"စသည်ဖြင့် ဩမရှိသော ပုံစံများကိုလည်း တွေ့နိုင်သေး၏။ [မနောဓာတု–မနောဓာတ်၊ မနောမယံ–စိတ်ကြောင့်ဖြစ်သည်၊ အယကပလ္လံ–သံအိုးခင်း၊ အယောမယံ–သံဖြင့် ပြုအပ်သည်။]

ဤမနောဂိုဏ်းကို ရူပသိဒ္ဓိ၌ ပုလ္လိင်အတွင်း သွင်းထား၏၊ သဒ္ဒနီတိ၌ ပုလ္လိင် နပုလ္လိင် နှစ်မျိုးပြ၏၊ မာဂဓအဘိဓာန်၌ "မနော·နိတ္တိ" (မန သဒ္ဒါကို ပုလ္လိင် နပုလ္လိင်)ဟု ဆို၏၊ သဒ္ဒတ္ထထောမ မဟာနိဓိခေါ်သော

http://www.dhammadownload.com



သက္ကတအဘိဓာန်ကျမ်း၌ကား မနောဂိုဏ်းဝင် (၁၆)ပုဒ်တွင် "တပေါ"မှ တစ်ပါး အခြားပုဒ်များကို နပုလ္လိင်, "တပေါ"တစ်ပုဒ်ကိုသာ ပုလ္လိင်ဟု ဆို၏၊ ပါဠိတော် အဋ္ဌကထာတို့၌ စာသွားကို ချိန်ရလျှင် နပုလ္လိင်က အားသန်ဖွယ် ရှိ၏၊ ထို့ကြောင့် "တပေါ"မှတစ်ပါး အခြားပုဒ်များကို နပုလ္လိင် အနေအားဖြင့် ရုပ်စဉ်လေ၊ "တပေါ"ကိုကား အံ၌ တပေါ, နာ သ သ္မိံတို့၌ "တပသာ တပသော တပသိ"ဟု မနောဂိုဏ်းဆိုင်ရာ ရုပ်ပို ထည့်၍ ပုရိသကဲ့သို့ ပုလ္လိင်အနေအားဖြင့် ရုပ်စဉ်လေ။

**အနက်ကို သတိပြုဦး။** ။မနော–စိတ်၊ ဝစော–စကား၊ ဝယော–အရွယ်၊ ("ဥဒယဝယ"ကဲ့သို့ ပျက်ခြင်းအနက်ကိုဟောသော "ဝယ"သဒ္ဒါကား မနောဂိုဏ်း မဟုတ်, ပုလ္လိင် ပုရိသာဒိဂိုဏ်း) တေဇော–မီး, တန်ခိုး, အစွမ်း၊ ("ဥုးတေဇ"ဟု နာမည်ဟောရာ၌ ပုရိသာဒိဂိုဏ်းတည်း၊) တပေါ–အကျင့်၊ စေတော–စိတ်၊ တမော–အမိုက်မှောင်၊ ယသော–အခြွေအရံ, အကျော်အစော၊ ("ဦးယသ"ဟု နာမည်ဟောရာ၌ ပုရိသာဒိဂိုဏ်း၊) အယော–သံ(သတ္တု)၊ ("နိရယ"၌ အယသဒ္ဒါကဲ့သို့ ကုသိုလ်ကောင်းမှု, ကြီးပွားမှုကို ဟောရာ၌ ပုရိသာဒိဂိုဏ်း၊) ပယော–ရေ, နို့ရည်၊ သိရော–ဦးခေါင်း၊ ဆန္ဒော–အလို, တဏှာ, ဆန္ဒစေတသိက်၊ ("ဦးဆန္ဒ"ဟု နာမည်ဟောရာ၌ ပုရိသာဒိဂိုဏ်း၊) သရော–ရေအိုင်၊ (မြား, သရရှစ်လုံးကို ဟောရာ၌ ပုရိသာဒိဂိုဏ်း၊) ဥရော–ရင်ဘတ်၊ ရဟော–မျက်ကွယ်၊ (နိပါတ်ပုဒ်လည်း ရှိ၏၊) အဟော–နေ့ရက်၊ ("သတ္တ အဟာနိ သတ္တာဟံ"ဟု နပုလ္လိင်ပါဌ်ကို သမာသ်၌ တွေ့ရလတ္တံ့၊) ဓံ–ဤသဒ္ဒါစု မနောနှင့် ရုပ်စဉ်တူ၏။ [စီရင်သော သုတ်များကို မနောဂိုဏ်းစု ဆုံးမှ ပြမည်။]

**မနောဂိုဏ်းပြီး၏။**

http://www.dhammadownload.com



## မနောဂဏာဒိဂိုဏ်း

ကျက်မှတ်ရန်   မနောဂဏာဒိဂိုဏ်းသည် အစလက္ခဏာ တစ်ပါးသာရှိသောဂိုဏ်း, အဆုံးလက္ခဏာ နှစ်ပါးသာရှိသောဂိုဏ်းဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုတွင်...

**“ဗိလံ ဗလံ ဒမော ဝါဟော, ထာမော ထာမံ ဇရော ဇရာ၊**
**ပဒံ မုခံ·တျ·ဋ္ဌာ·ဒျက်–ပုဏ္ဏာ မနောဂဏာဒိကော”**

ဟူသော ဤဂါထာလာ ရုစ်ပုဒ်တို့သည် အစလက္ခဏာ တစ်ပါးသာ ရှိသော မနောဂဏာဒိဂိုဏ်း မည်၏၊ ဤပုဒ်တို့တွင် “ဗိလံ” စသော နိဂ္ဂဟီတန္တ ပုဒ်များသာ နပုလ္လိင်တည်း၊ “ဒမော” စသော ဩကာရန္တ ပုဒ်များသည် ပုလ္လိင်တည်း၊ ဇရာကား ဣတ္ထိလိင် တည်း၊ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ဗိလံ | ဗိလာ, ဗိလာနိ |
| အာ | ဘောဗိလ, ဗိလာ | ဘဝန္တာနိ ဗိလာ, ဗိလာနိ |
| ဒု | ဗိလံ(“ဗိလော”ဟုမရှိ) | ဗိလေ, ဗိလာနိ |
| တ | ဗိလေန, ဗိလသာ | ဗိလေဟိ, ဗိလေဘိ |
| စ | ဗိလဿ, ဗိလသော | ဗိလာနံ |
| ပဉ္စ | ဗိလသ္မာ, ဗိလမှာ, ဗိလာ | ဗိလေဟိ, ဗိလေဘိ |
| ဆ | ဗိလဿ, ဗိလသော | ဗိလာနံ |
| သ | ဗိလသ္မိံ, ဗိလမှိ, ဗိလေ, ဗိလသိ | ဗိလေသု။ |

http://www.dhammadownload.com



**"အာပေါ စ သရဒေါ ဝါယော, ရဇော ရဖ္ဖတိအာဒယော၊
အန္တက်ဒွယ·သမ္ပန္နာ, မနောဂဏာဒိကော မတာ"**

ဟူသော ဤဂါထာလာ (၅)ပုဒ်တို့သည် အဆုံးလက္ခဏာ နှစ်ပါးသာရှိသော မနောဂဏာဒိဂိုဏ်း မည်၏၊ ဤပုဒ်တို့တွင် "ရဇ"မှတစ်ပါးသော ပုဒ်တို့သည် ပုလ္လိင်တည်း၊ "ရဇ"ကား နပုလ္လိင်တည်း၊ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | အာပေါ | အာပါ |
| အာ | ဘောအာပ, အာပါ | ဘောန္တော အာပါ |
| ဒု | အာပံ, အာပေါ | အာပေ |
| တ | အာပေန("အာပသာ"ဟုမရှိ) | အာပေဟိ, အာပေဘိ |
| စ | အာပဿ("အာပသော"ဟုမရှိ) | အာပါနံ |
| ပဉ္စ | အာပသ္မာ,အာပမှာ,အာပါ | အာပေဟိ, အာပေဘိ |
| ဆ | အာပဿ("အာပသော"ဟုမရှိ) | အာပါနံ |
| သ | အာပသ္မိံ,အာပမှိ,အာပေ(အာပသိ မရှိ) | အာပေသု။ |

**စီရင်သောသုတ်**

မနောဂဏာ–ဒိတောပြလို့, သသဝေါစ–စပါယူ၊
သသရေ လာ ဝါဂမော, ထာမော ထာမံမူ၊
အကမ္ဗန္တ အန္တတစ်ဆူငယ်, ဥနာမှိဟူ စသဘောနှင့်,
သောဝါ–ဈလ–တော သဿာ, ဈလတော စ ပါ၊
ထာမသောနှင့် ထာမုနာပြင်, မုနော မုနာ–နာသသ္မာဠ်လေး။

✤✤✤

http://www.dhammadownload.com



## ကြည့်ရှုရန်သာ

ဗိလံ–တွင်း။ ဗလံ–အား, အစွမ်း, စစ်သည်ဗိုလ်ပါ, အာဏာ၊ ဒမော–ဆုံးမခြင်း။ ဝါဟော–ဆင်ယာဉ်စသော ယာဉ်, အတင်း(၈၀)ကို ခေါ်သော တစ်ဝါဟ၊ ထာမော, ထာမံ–အား, အစွမ်း။ ဇရော–အဖျား ရောဂါ၊ ဇရာ–အိုခြင်း။ ပဒံ–ပုဒ်, နိဗ္ဗာန်, ခြေ, ခြေရာ၊ မုခံ–မျက်နှာ, ခံတွင်း။ ဣတိ အဒ္ဓ–ဤရှစ်ပုဒ်တို့သည်၊ အာဒျ·က်ပုဏ္ဏာ (အာဒိအက်ပုဏ္ဏာ)–အစလက္ခဏာ တစ်ပါးနှင့်သာ ပြည့်စုံကုန်သည် ဖြစ်၍၊ မနောဂဏာဒိကော–မနောဂဏာဒိဂိုဏ်း မည်၏။

ဤပုဒ်များ၌ကား မနောဂိုဏ်း၏ လက္ခဏာသုံးပါးတွင် "နာ သ သ္မိံ ဝိ, သာ သော သိဆုံး"ဟူသော အစလက္ခဏာ တစ်ပါးသာ ရှိသည်၊ ထို့ကြောင့် နာ သ သ္မိံ ဝိဘတ်တို့၌ "ဗိလသာ, ဗိလသော, ဗိလသိ"ဟု ရုပ်စဉ် ထည့်ခဲ့ရသည်၊ "ကြိယာကံ, ဩခံဝိကပ်, သမာသ် တဒ္ဓိ, လယ်ဩရှိ"ဟူသော နောက်လက္ခဏာနှစ်ပါး မရှိသောကြောင့် ဒုတိယာ ဝိဘတ် အရာ၌ "ဗိလော"ဟု မထည့်ဘဲ ချန်ထားသည်။

ပါဠိစီရာ၌ "ဗိလော ပဝိသ ဇမ္ဗုက"ဟု မစီရ၊ "ဗိလံ ပဝိသ ဇမ္ဗုက"ဟုသာ စီရမည်၊ (ဇမ္ဗုက–မြေခွေး။ ဗိလံ–တွင်းသို့၊ ပဝိသ–ဝင်လော၊) သမာသ်အရာ၌ "ဗိလောဇာတော"ဟု မရှိရ, တဒ္ဓိတ်အရာ၌ လည်း "ဗိလောမယော"ဟု မရှိရ၊ ဗိလဇာတော(တွင်း၌ ဖြစ်သည်), ဗိလမယော(တွင်းဖြင့်ပြီးသည်)ဟု ရှိရမည်၊ "ဗိလံ"စသော နိဂ္ဂဟီတန္တ ပုဒ်တို့သည် နပုလ္လိင်တည်း။ "ဒမော"စသော ဩကာရန္တပုဒ်တို့ကား ပုလ္လိင်တည်း၊ ဇရာကား ဣတ္ထိလိင်တည်း၊

ရုပ်စဉ်ဟန်မှာ နပုလ္လိင်များကို စိတ္တအတိုင်းတွင် ရုပ်ပိုထည့်, ပုလ္လိင်များကို ပုရိသအတိုင်းတွင် ရုပ်ပိုထည့်, ဇရာကို ကညာအတိုင်းတွင် ရုပ်ပိုထည့်၍ စဉ်၊ ထာမသဒ္ဒါ၌ကား နာဝိဘတ်ဖြင့် ထာမသော ထာမုနာ, သဝိဘတ် နှစ်လုံးဖြင့် ထာမုနော, သ္မာဖြင့် "ထာမုနာ"ဟု ပိုလွန်သေး၏၊ ထို့ကြောင့် "ထာမသောနှင့် ထာမုနာပြင်, မုနော မုနာ နာ သ သ္မာ၌လေး"ဟု ဆိုခဲ့သည်။

တည်သောအခါ ဂုဏဝန္တုဟု ဥကာရန္တဖြင့် တည်ပြီးလျှင် အံ နပုံသကေသုတ်ဖြင့် သိဝိဘတ်နှင့်တကွ န္တုပစ္စည်းကို အံ ပြု၍, ပြီးသောအခါ ဂုဏဝံဟု နိဂ္ဂဟီတန္တဖြင့် ပြီးကောင်းသော ပုဒ်အပေါင်းသည် နပုလ္လိင် ဂုဏဝါဒီဂိုဏ်းမည်၏။ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | ဂုဏဝံ | ဂုဏဝန္တာ, ဂုဏဝန္တိ, ဂုဏဝန္တာနိ |
| အာ | ဘောဂုဏဝံ,ဂုဏဝ, ဂုဏဝါ | ဘဝန္တာနိ ဂုဏဝန္တာ, ဂုဏဝန္တိ ဂုဏဝန္တာနိ |
| ဒု | ဂုဏဝံ, ဂုဏဝန္တံ | ဂုဏဝန္တေ, ဂုဏဝန္တိ, ဂုဏဝန္တာနိ |

တတိယာ နာဝိဘတ်မှစ၍ ပုလ္လိင်အတိုင်း စဉ်လေ။

ဂိုဏ်းဝင်ပုဒ်

ဟိမဝါ သတိမာ စေဝ, ဗန္ဓုမာ ဘုတ္တဝါ ပိစ၊
ဝေတ္တာဝါ စ ယာဝါ တာဝါ, စန္ဒိမာ ဂုဏဝါဒယော။

စီရင်သောသုတ်

ဂိုဏ်းဂုဏဝါ သုတ်အရ, အဝဏ္ဏာစ ဂေ တစ်ဖြာ,
န္တုဿန္တော ယောသုစ, န္တုဿလည်း န္တေ ၁ပါ၊
အာသိမှိစ သိမှိဝါပြင်, အံနပုံသာ–ကေအရနှင့်,
သဗ္ဗဿတဲ့ ဝါအံသေ, တောတိတာသ–တစ်ထွေ၊
နံမှိတံနှင့် န္တဿသေဝါ, မှတ်ကြပလေ သုတ်များကိုတဲ့လေး။

⋈⋈⋈

ကြည့်ရှုရန်သာ

ဂုဏဝါ–ဂုဏ်ရှိသောယောကျ်ား (ပုလ္လိင်)၊ ဂုဏဝံ–ဂုဏ်ရှိသောအမျိုး (နပုလ္လိင်)၊ ဤသို့ လိင်အားလျော်အောင် အနက်ကို ပြောင်းလွဲဆိုရမည်၊ "ဘဂဝါ–ဘုန်းရှိတော်မူသော ဘုရား" ပုလ္လိင် ဂုဏဝါနှင့်အတူ ရုပ်စဉ်လေ၊

http://www.dhammadownload.com



ဟိမဝါ(ဝန္တပစ္စည်း)-ဟိမဝန္တာတောင်၊ သတိမာ(မန္တုပစ္စည်း)-သတိရှိသူ၊ ဗန္ဓုမာ(မန္တုပစ္စည်း)-မိတ်ဆွေကောင်းရှိသူ၊ ဘုတ္တဝါ(တဝန္တုပစ္စည်း)-ထမင်းစားပြီးသူ၊ တ္တောဝါ(တာဝန္တုပစ္စည်း)-ဤမျှအတိုင်းအရှည်ရှိသည်၊ ယာဝါ(အာဝန္တုပစ္စည်း)-အကြင်မျှလောက် အတိုင်းအရှည်ရှိသည်၊ တာဝါ(အာဝန္တုပစ္စည်း)-ထိုမျှလောက် အတိုင်းအရှည်ရှိသည်၊ စန္ဒိမာ(ဣမန္တုပစ္စည်း)-လဗိမာန်ရှိသော နတ်, လနတ်သားရှိသော ဗိမာန်၊ ဂုဏဝါဒယော-ဂုဏဝါဒီဂိုဏ်းသဒ္ဒါစုတို့တည်း၊ နပုလ္လိင်၌ ဟိမဝံ သတိမံစသည်ဖြင့် ရှိရမည်ကို သတိပြု၍ နပုလ္လိင် ဂုဏဝံအတိုင်း ရုပ်စဉ်လေ။

ဤရုပ်၌ ရုပ်တွက်ပုံ အနည်းငယ် ရှုပ်၏၊ ဆိုင်ရာသုတ်များကို ပြန်ကြည့်ပါ၊ များစွာသော သဒ္ဒါကျမ်းတို့၌ အာလုပ်ဖြင့် ဂုဏဝံဟု မရှိ၊ ကစ္စည်းကျမ်း၌ ရှိ၍ ထည့်လိုက်ရသည်၊ ဂုဏဝန္တိကိုလည်း ပုလ္လိင်အရာမှာ ထည့်ကြ၏၊ တချို့သဒ္ဒါကျမ်း၌ နပုလ္လိင်ဟု အတိအလင်း ဆိုထားပြီ၊ သိဝိဘတ်ဖြင့် ဂုဏဝန္တော, သဝိဘတ်ဖြင့် ဂုဏဝဿဟု ရူပသိဒ္ဓိမှာ မရှိသော်လည်း မောဂ္ဂလ္လာန်၌ လာသောကြောင့်လည်းကောင်း, ၎င်းရုပ်တို့နှင့် အလားတူပါဠိများ အထင်အရှား ရှိသောကြောင့်လည်းကောင်း ထည့်သွင်းလိုက်ရသည်၊ "သီလဝါ-သီလရှိကုန်သည်"ဟု ဗဟုဝုစ်ဖြင့်လည်း အနည်းငယ် တွေ့ရ၏။

နပုလ္လိင် ဂုဏဝန္တ ဂုဏဝန္တာနိတို့ကို ရုပ်တွက်သည့်အခါ အတော နိစ္စံ, ယောသု ကတနိကာရ လောပေသု ဒီဃံသုတ်တို့ကို သတိပြု၊ န္တုဿန္တော ယောသု စသုတ်ဖြင့် န္တု အစိတ် ဥ ကို အ ပြုပြီးနောက် စိတ္တာ စိတ္တာနိတို့လို ရုပ်တွက်ရမည်။

ဂုဏဝါဒီဂိုဏ်းပြီး၏။

http://www.dhammadownload.com



## ၆။ ဂစ္ဆန္တာဒိဂိုဏ်း (ပုံ–နပုံ)

**ကျက်မှတ်ရန်** အန္တပစ္စည်းအဆုံးရှိသော ပုဒ်အပေါင်းသည် ဂစ္ဆန္တာဒိဂိုဏ်း မည်၏။ ဤဂစ္ဆန္တာဒိဂိုဏ်းသည်လည်း ပုလ္လိင် နပုလ္လိင်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် တည်သောအခါ "ဂစ္ဆန္တ"ဟု အကာရန္တဖြင့် တည်ပြီးလျှင် သိမို ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံသုတ်ဖြင့် န္တကို အံပြု၍လည်းကောင်း, အံမပြုဘဲလည်းကောင်း ပြီးသောအခါ "ဂစ္ဆံ ဂစ္ဆန္တော"ဟု ပြီးကောင်းသော ပုဒ်အပေါင်းသည် ပုလ္လိင် ဂစ္ဆန္တာဒိဂိုဏ်း မည်၏။ "ဂစ္ဆံ ဂစ္ဆန္တံ"ဟု ပြီးကောင်းသော ပုဒ်အပေါင်းသည် နပုလ္လိင် ဂစ္ဆန္တာဒိဂိုဏ်း မည်၏။

ပုလ္လိင်ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ဂစ္ဆံ, ဂစ္ဆန္တော | ဂစ္ဆန္တာ, ဂစ္ဆန္တော |
| အာ | ဘောဂစ္ဆံ, ဂစ္ဆ, ဂစ္ဆာ | ဘောန္တော ဂစ္ဆန္တာ, ဂစ္ဆန္တော |
| ဒု | ဂစ္ဆံ, ဂစ္ဆန္တံ | ဂစ္ဆန္တေ |
| တ | ဂစ္ဆတာ, ဂစ္ဆန္တေန | ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ |
| စ | ဂစ္ဆဿ, ဂစ္ဆတော, ဂစ္ဆန္တဿ | ဂစ္ဆတံ, ဂစ္ဆန္တာနံ |
| ဉ္စ | ဂစ္ဆတာ, ဂစ္ဆန္တသ္မာ, မှာ, ဂစ္ဆန္တာ | ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ |
| ဆ | ဂစ္ဆဿ, ဂစ္ဆတော, ဂစ္ဆန္တဿ | ဂစ္ဆတံ, ဂစ္ဆန္တာနံ |
| သ | ဂစ္ဆတိ, ဂစ္ဆန္တသ္မိံ, မှိ, ဂစ္ဆန္တေ | ဂစ္ဆန္တေသု။ |

http://www.dhammadownload.com



နပုလ္လိင်ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | ဂစ္ဆံ, ဂစ္ဆန္တော | ဂစ္ဆန္တာ, ဂစ္ဆန္တိ, ဂစ္ဆန္တာနိ |
| အာ | ဘောဂစ္ဆံ, ဂစ္ဆ, ဂစ္ဆာ | ဘဝန္တာနိ ဂစ္ဆန္တာ, ဂစ္ဆန္တိ, ဂစ္ဆန္တာနိ |
| ဒု | ဂစ္ဆံ, ဂစ္ဆန္တံ | ဂစ္ဆန္တေ, ဂစ္ဆန္တိ, ဂစ္ဆန္တာနိ။ |

တတိယာ နာဝိဘတ်မှစ၍ ပုလ္လိင်အတိုင်း စဉ်လေ။

ဇဝံ သယံ စရံ တိဋ္ဌံ, ဒဒံ ဘုဉ္ဇံ သုဏံ ပစံ၊
ဇိရံ မီယံ စဝံ ကရံ, ဘဝံ သံ အရဟံ မဟံ။

ထိုပုဒ်တို့တွင် "ကရံ"အရ ပုလ္လိင် ဟရောန္တသဒ္ဒါ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | ကရံ, ကရောန္တော | ကရောန္တာ, ကရောန္တော |
| အာ | ဘောကရောန္တ, ကရောန္တာ | ဘောန္တော ကရောန္တာ, ကရောန္တော |
| ဒု | ကရောန္တံ | ကရောန္တေ |
| တ | ကရောတာ, ကရောန္တေန | ကရောန္တေဟိ, ကရောန္တေဘိ |
| စ | ကရောတော, ကရောန္တဿ | ကရောတံ, ကရောန္တာနံ |
| ပဉ် | ကရောတာ, ကရောန္တသ္မာ, ကရောန္တမှာ, ကရောန္တာ | ကရောန္တေဟိ, ကရောန္တေဘိ |
| ဆ | ကရောတော, ကရောန္တဿ | ကရောတံ, ကရောန္တာနံ |
| သ | ကရောတိ, ကရောန္တသ္မိံ, ကရောန္တမှိ, ကရောန္တေ | ကရောန္တေသု။ |

http://www.dhammadownload.com



### “ဘဝံ”အရ ပုလ္လိင် ဘဝန္တသဒ္ဒါ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | ဘဝံ | ဘောန္တော, ဘောန္တာ, ဘဝန္တော, ဘဝန္တာ |
| အာ | ဘောဘဝံ, ဘဝ, ဘဝါ ဘောန္တ, ဘောန္တာ | ဘောန္တော, ဘောန္တာ, ဘဝန္တော, ဘဝန္တာ |
| ဒု | ဘဝံ, ဘဝန္တံ | ဘောန္တေ, ဘဝန္တေ |
| တ | ဘောတာ,ဘောန္တေန ဘဝတာ, ဘဝန္တေန | ဘဝန္တေဟိ, ဘဝန္တေဘိ |
| စ | ဘဝဿ,ဘဝတော,ဘဝန္တဿ ဘောတော, ဘောန္တဿ | ဘဝတံ, ဘဝန္တာနံ |
| ဦ | ဘောတာ,ဘဝတာ,ဘဝန္တသ္မာ, ဘဝန္တမှာ, ဘဝန္တာ | ဘဝန္တေဟိ, ဘဝန္တေဘိ |
| ဆ | ဘဝဿ,ဘဝတော,ဘဝန္တဿ ဘောတော, ဘောန္တဿ | ဘဝတံ, ဘဝန္တာနံ |
| သ | ဘဝတိ, ဘဝန္တသ္မိံ, မှိ, ဘဝန္တေ | ဘဝန္တေသု။ |

### “သံ”အရ ပုလ္လိင် သန္တသဒ္ဒါ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | သံ, သန္တော | သန္တာ, သန္တော |
| အာ | ဘော သံ, သ, သာ | ဘောန္တော သန္တာ,သန္တော, |
| ဒု | သံ, သန္တံ | သန္တေ |
| တ | သတာ,သန္တေန | သန္တေဟိ,သန္တေဘိ,သဗ္ဘိ |
| စ | သဿ,သတော,သန္တဿ | သတံ, သန္တာနံ |
| ဦ | သတာ,သန္တသ္မာ,မှာ,သန္တာ | သန္တေဟိ,သန္တေဘိ,သဗ္ဘိ |
| ဆ | သဿ,သတော,သန္တဿ | သတံ, သန္တာနံ |
| သ | သတိ, သန္တသ္မိံ, မှိ, သန္တေ | သန္တေသု။ |

http://www.dhammadownload.com



## စီရင်သောသုတ်

ဂိုဏ်းဂုဏာဝါ သုတ်လာသမျှနှင့်, သေသေသုပြ န္တျဝံ၊
သိမို ဂစ္ဆံ–တာဒိန္နော, န္တသဒ္ဒေါ အံ၊
သန္တ သဒ္ဒ–ဘေဗောစံငယ်, တစ်ထွေပြောရန် ဘောဂေတုနှင့်,
ထူးသည့် ကြွင်းစု ရုပ်တွက်ဖွယ်ရာ, ကစ္စည်းကျမ်းတွင် မပါ၊
မောဂ္ဂလ္လာန–နီတိအလာကို, အညီညှိကာ စဉ်လိုက်သည့်ကွယ့်
လေး။

## ကြည့်ရှုရန်သာ

သယံ သယန္တော–အိပ်သည်၊ စရံ စရန္တော–လှည့်လည်သည်၊ တိဋ္ဌံ တိဋ္ဌန္တော–ရပ်တည်သည်၊ ဒဒံ ဒဒန္တော–ပေးသည်၊ ဘုဉ္ဇံ ဘုဉ္ဇန္တော–စားသည်၊ သုဏံ သုဏန္တော–နားထောင်သည်၊ ပစံ ပစန္တော–ချက်ပြုတ်သည်၊ ဇီရံ ဇီရန္တော–ဆွေးမြေ့သည်(အိုသည်)၊ မီယံ မီယန္တော–သေသည်၊ စဝံ စဝန္တော–စုတေသည်၊ ကရံ ကရောန္တော–ပြုလုပ်သည်၊ ဘဝံ–အရှင်သည်၊ သံ သန္တော–သူတော်ကောင်းသည်၊ အရဟံ အရဟန္တော အရဟာ–ရဟန္တာသည်၊ မဟံ မဟန္တော မဟာ–ပူဇော်သည်, ကြီးသည်, မြတ်သည်၊ ဝံ–ဤသဒ္ဒါစု ဂစ္ဆန္တာဒိဂိုဏ်းတည်း။

"သယံ"မှစ၍ "စဝံ"တိုင်အောင် ဂစ္ဆန္တသဒ္ဒါအတိုင်း ရုပ်စဉ်လေ၊ အာလုပ် သိဖြင့် ဂစ္ဆံ ဂစ္ဆ ဂစ္ဆာကို "ဂစ္ဆန္တ"တည်, အာလုပ် သိသက်, ဂမှည့်, သေသေသုန္တျဝံသုတ်ဖြင့် န္တကို န္တုကဲ့သို့ စီရင်လေဟု ညွှန်ပြသောကြောင့် အဝဏ္ဏာစဂေသုတ်ဖြင့် ဝိဘတ်နှင့်တကွ န္တုကို အံ အ အာ ပြု၍ ရုပ်တွက်၊ နောက်ရုပ်များကိုလည်း န္တုကဲ့သို့ ငှဲ၍ ရုပ်ပြီးမည်ဖြစ်လျှင် န္တကို န္တုကဲ့သို့ငှဲ၍ ဂုဏဝါဒိဂိုဏ်းအတိုင်း ရုပ်တွက်၊ ပဉ္စမာသိဖြင့် ဂစ္ဆန္တော ကဲ့သို့ ရုပ်များကိုကား န္တုကဲ့သို့ ငှဲဖွယ်မလို၊ သောသုတ်ဖြင့် သိကို သြပြုရုံမျှဖြင့် ပြီးနိုင်ရကား ပုရိသာဒိဂိုဏ်းက ရုပ်များကဲ့သို့ တွက်လေ။

http://www.dhammadownload.com



ကရောန္တသဒ္ဒါဖြင့် ဘောကရံ, ကရ, ကရာဟု ရုပ်စဉ်သင့်သော်လည်း သဒ္ဒနီတိ၌ "ဘောကရောန္တ"ဟု ရှိသောကြောင့် ပုရိသာဒိဂိုဏ်းအတိုင်း ဘောကရောန္တ, ကရောန္တာဟု စဉ်လိုက်သည်၊ ရုပ်တွက်ပုံမှာ "ကရောန္တ" တည်၍ ဘောပုရိသ ပုရိသာအတိုင်း တွက်။

ဘဝန္တသဒ္ဒါရုပ်စဉ်ပုံမှာ အမျိုးမျိုးအဖုံဖုံ ရှိ၏၊ မောဂ္ဂလ္လာန်ပဒသာဓန ရုပ်စဉ်ပုံက သင့်လျော်ပုံ ရသောကြောင့် ပဒသာဓနအလိုကျ ရုပ်စဉ် လိုက်သည်၊ မောဂ္ဂလ္လာန်၌ "ဘဝတော ဝါ ဘောန္တော ဂယောနာသေ" ဟု သုတ်ရှိ၏၊ အာလုပ်သိနှင့် ယောသုံးလုံး နာ သဝိဘတ်တို့ နောင်း ရာ၌ ဘဝန္တသဒ္ဒါကို ဘောန္တပြုဟု ဆိုသည်၊ ထိုသုတ်ဖြင့် ဘဝန္တကို ဘောန္တပြု၍ ဂသိ၌ ဘောန္တ, ဘောန္တာ၊ ယောဝိဘတ်တို့၌ ဘောန္တော, ဘောန္တာ, ဘောန္တေ၊ နာ၌ ဘောတာ, ဘောန္တေန၊ သ၌ ဘောတော, ဘောတဿဟု ရုပ်ပိုများ ပါရှိလေသည်။

ဘောသဒ္ဒါသည် ဧကဝုစ် ဗဟုဝုစ် နှစ်နက်နှင့်ဆိုင်သော နိပါတ်ပုဒ် ဟု များစွာ အဆိုရှိသော်လည်း ကစ္စည်းကျမ်း၌ "ဘော ဂေတု"သုတ်ကို တိုက်ရိုက် ဆိုထားသဖြင့် ထည့်သွင်းလိုက်ရတော့သည်၊ ဘောပုရိသ စသည်၌ ဘောသည် ဤဂိုဏ်းက ဘောပင်တည်း၊ နိပါတ်ပုဒ်ဆိုလျှင်လည်း မလွဲချေ၊ ဘောကို "အိုဟူ၍လည်းကောင်း, အရှင်ဟူ၍လည်းကောင်း" အနက်ဆိုလေ။

"အရှင်"ဟူသော အနက်ကို ဟောရာ၌ ဘန္တေသဒ္ဒါလည်း ရှိသေး ၏၊ ဧကဝုစ် ဗဟုဝုစ် နှစ်နက်ရ နိပါတ်ပုဒ်ပင်တည်း၊ ဘဒန္တဟုလည်း ကောင်း, ဒ္ဒနှစ်လုံးဖြင့် ဘဒ္ဒန္တဟုလည်းကောင်း ပုဒ်တစ်မျိုး ရှိသေး၏၊ ဤဘဝန္တသဒ္ဒါနှင့် မဆိုင်၊ ဘောဘဒန္တ, ဘဒန္တာ၊ ဘောန္တော ဘဒန္တာ၊ ဘောဘဒ္ဒန္တ, ဘဒ္ဒန္တာ၊ ဘောန္တော ဘဒ္ဒန္တာ စသည်ဖြင့် ပုရိသာဒိဂိုဏ်း အတိုင်း ရုပ်စဉ်ရာ၏၊ အာလုပ်သိဖြင့် ဘဒန္တေ, ဘဒ္ဒန္တေဟု အနည်းငယ် ရှိသေးသည်မှာ နိပါတ်သဘောသာတည်း၊ "ဘဒန္တော–အရှင်တို့သည်" ဟု အနည်းငယ် တွေ့ရသည်မှာ ရုပ်အထူးသာတည်း။

http://www.dhammadownload.com



"ဘော ဘဝံ ဘဝ ဘဝါ ဘောန္တ ဘောန္တာ-အရှင်"ဟု အနက်ဆို၊ "အို"ဟု ထည့်ဖွယ် မလို၊ ပဥ္စမာသိဖြင့် "ဘဝံ" တစ်ရုပ်ကိုသာ မောဂ္ဂလ္လာန် သဒ္ဒနီတိတို့ ပြ၍ ဘဝန္တောဟု မပြကြချေ။

သန္တသဒ္ဒါ၌ "သံ-သ-သာ"တို့ကို သန္တတည်, အာလုပ် သိသက်, ဂမှည့်, န္တကို န္တုင့်၍, အဝဏ္ဏာစ ဂေသုတ်ဖြင့် ဝိဘတ်နှင့်တကွ န္တကို အံ-အ-အာပြုလျှင်, သံ-သ-သာရုပ်များ ပြီးနိုင်၏၊ သဗ္ဗိကိုကား သန္တ သဒ္ဒသ သော ဘေ ဗောစန္တေသုတ်၌ ကြည့်လေ။

အရဟံ မဟံအရ ပုလ္လိင် အရဟန္တ မဟန္တသဒ္ဒါတို့၌ ပဥ္စမာသိဖြင့် အရဟာ မဟာဟု တစ်ရုပ်စီသာ ပိုလွန်၏၊ "အရဟံ, အရဟန္တော, အရဟာ၊ မဟံ, မဟန္တော, မဟာ"ဟု ရှိသည်၊ ကြွင်းသော ဝိဘတ်များ၌ ပုလ္လိင် ဂစ္ဆန္တသဒ္ဒါနှင့် အတူ စဉ်ရာ၏။

အရဟန္တ မဟန္တတည်, သိသက်, မဟန္တာ ရဟန္တာနံ ဋ္ဌာဝါဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် သိဝိဘတ်ကြောင့် န္တကို -ါပြု, သိချေလေ၊ (ကစ္စည်းကျမ်းက တေသုဝုဒ္ဓိစသော သုတ်ကြီးဖြင့်လည်း န္တကို -ါ ပြုနိုင်၏၊) ကြွင်းသော ရုပ်များကို စီရင်ရပုံမှာ ဂစ္ဆန္တသဒ္ဒါနှင့် မထူးပြီ၊ ဤဂိုဏ်းလာ ရုပ်များကို ယခု မပြီးစေကာမူ စိတ်မပျက်နှင့်, နောင်အလိုလို ပြီးလာလိမ့်မည်၊ ရုပ်စဉ်ကိုသာ အထူးနှုတ်တက်ရအောင် ကျက်မှတ်ထားကြလေ၊ နပုလ္လိင်များကိုလည်း နပုလ္လိင် ဂစ္ဆန္တသဒ္ဒါနှင့် အတူ ဆိုင်ရာရုပ်ပို သွင်း၍ စဉ်ကြလေ။

**ဂစ္ဆန္တာဒိဂိုဏ်းပြီး၏။**

ဒ၊ ၀၊ ဒ၊ ၀

http://www.dhammadownload.com



## ၇။ ပုမာဒိဂိုဏ်း (ပုလ္လိင်)

**ကျက်မှတ်ရန်** တည်သောအခါ "ပုမ"ဟု အကာရန္တဖြင့် တည်ပြီးလျှင်, ပုမန္တသဿာသိမိုသုတ်ဖြင့် ပုမအဆုံး "အ"ကို ဝိဘတ်နှင့်တကွ အာပြု၍, ပြီးသောအခါ "ပုမာ"ဟု အာကာရန္တဖြင့် ပြီးကောင်းသော ပုဒ်အပေါင်းသည် ပုမာဒိဂိုဏ်း မည်၏၊ ဤပုမာဒိဂိုဏ်းသည် ပုလ္လိင်သာတည်း၊ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ပုမာ, ပုမော | ပုမာနော, ပုမာ |
| အာ | ဟေပုမံ, ပုမ, ပုမာ | ဘောန္တော ပုမာနော, ပုမာ |
| ဒု | ပုမာနံ, ပုမံ | ပုမာနော, ပုမေ |
| တ | ပုမုနာ, ပုမာနာ, ပုမေန | ပုမာနေဟိ, ဘိ, ပုမေဟိ, ဘိ |
| စ | ပုမုနော, ပုမဿ | ပုမာနံ |
| ပီ | ပုမုနာ, ပုမသ္မာ, မှာ, ပုမာ | ပုမာနေဟိ, ဘိ, ပုမေဟိ, ဘိ |
| ဆ | ပုမုနော, ပုမဿ | ပုမာနံ |
| သ | ပုမာနေ, ပုမသ္မိံ, မှိ, ပုမေ | ပုမာနေသု, ပုမေသု, ပုမာသု။ |

ယုဝသဒ္ဒါဝယ် ဟိဝိဘတ္တိမှိ စ ဠ္ဌ စသဒ္ဒါဖြင့် ဝိဘတ်(၇) သွယ်ကြောင့် ယုဝ၏အဆုံး "အ"ကို အာနပြု၍လည်းကောင်း, အာနမပြုဘဲလည်းကောင်း ရုပ်ရှိ၏၊ ရုပ်စဉ်ဟန်ကား...

http://www.dhammadownload.com



| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ယုဝါနော ယုဝါ | ယုဝါနာ, ယုဝါ |
| အာ | ဘောယုဝါန,ယုဝါနာ,ယုဝ,ယုဝါ | ဘောန္တော ယုဝါနာ,ယုဝါ |
| ဒု | ယုဝါနံ, ယုဝံ | ယုဝါန, ယုဝေ |
| တ | ယုဝါနေန,ယုဝေန,ယုဝါနာ | ယုဝါနေဟိ,ဘိ, ယုဝေဟိ, ဘိ |
| စ | ယုဝါနဿ,ယုဝဿ,ယုဝိနော | ယုဝါနာနံ, ယုဝါနံ |
| ပဉ္စမီ | ယုဝါနသ္မာ,ယုဝါနမှာ,ယုဝါနာ,<br>ယုဝသ္မာ, ယုဝမှာ, ယုဝါ | ယုဝါနေဟိ,ဘိ, ယုဝေဟိ, ဘိ |
| ဆ | ယုဝါနဿ,ယုဝဿ,ယုဝိနော | ယုဝါနာနံ, ယုဝါနံ |
| သ | ယုဝါနသ္မိံ,ယုဝါနမှိ,ယုဝါနေ<br>ယုဝသ္မိံ, ယုဝမှိ, ယုဝေ | ယုဝါနေသု,ယုဝေသု,ယုဝါသု။ |

## စီရင်သောသုတ်

အမာလ(ပေ)ပနေကနှင့်, ယောသွနောပြ သုတ်အလာ,
ပုမန္တဿာ သိမိုအရ, ယင်းအန္တလည်း မလွတ်ရာ၊
ဥနာမိုစ စလည်းပါတယ်, ဟိဝိဘတ်လာ တိမိုစဟု,
အကမ္ဘန္တ စနက်လာဟန်, ဈလဘောစ တစ်ဖန်၊
အာနေသ္မိမှိ ကိန်းရှိမကျန်အောင်, သိမ်းဘိအမြန်
ဂိုဏ်းပုမာဖို့လေး။

●●●●●

## ကြည့်ရှုရန်သာ

[ပုမာ–ယောကျ်ား(အထီး အဖို)၊ ယုဝ–လုလင်ပျို] ဂသိ၌ ပုမ, ပုမာ၊ ပဌမာသိ၌ ပုမော၊ ယော၌ ပုမာ, ပုမေ၊ ဤရုပ်များသည် သဒ္ဒနီတိ မောဂ္ဂလ္လာန်၌လာသော ရုပ်များတည်း။ ပုရိသာဒိဂိုဏ်းက ရုပ်များကဲ့သို့

http://www.dhammadownload.com



ရုပ်ပြီးစေ၊ သဝိဘတ်၌ ယုဝိနော တစ်ရုပ်လည်း မောဂ္ဂလ္လာန်အလိုတည်း၊ ပါဠိတော်များ၌လည်း တွေ့ရပေသည်၊ သုတ်ကြီးဖြင့် ဝဧ၏အစိတ်၊ ကို ဥပြု, သကို နောပြုလေ၊ ကြွင်းရုပ်များမှာ ဆိုင်ရာသုတ်၌ တွက်ခဲ့ပြီ။

မဃဝသဒ္ဒါလည်း ယုဝသဒ္ဒါနှင့် ရုပ်စဉ်တူ၏၊ ဘောမဃဝါန မဃဝါနာ မဃဝ မဃဝါ စသည်ဖြင့် စဉ်လေ၊သဒ္ဒနီတိ၌ ဤမဃဝသဒ္ဒါကို ပုလ္လိင် ဂုဏဝန္တုသဒ္ဒါနှင့်အတူ ဂုဏဝါဒိဂိုဏ်းဝင်ဟူ၍လည်း ဆိုသေး၏၊ "မဃဝါ–မဃအမည်ရှိသော သိကြား"ဟု အနက်ဆို၊ သိကြား မဖြစ်မီ လူ့ဘဝတုန်းက "မဃ"ဟု နာမည်ရှိခဲ့သည် ဟူလို။

ထို့ပြင် ကျမ်းဂန်၌ အသုံးများသော ခရီးအဝွန့်နှင့် အချိန်ကာလ အနက်ဟော "အဒ္ဓါ"ကိုလည်း ဤပုမာဒိဂိုဏ်း၌ သွင်း၍ ရုပ်စဉ်ရာ၏၊ အံဝိဘတ်ဖြင့် အဒ္ဓါနံ, ဟိဝိဘတ်ဖြင့် အဒ္ဓါနေဟိ, သ္မိံဖြင့် အဒ္ဓါနေတို့ကို ဟိဝိဘတ္တိမှိ စ ၌ စသဒ္ဒါဖြင့် အာနပြု, အဒ္ဓနိကို ပြဟ္မဝေါတု သ္မိံ နိ၌ တုသဒ္ဒါဖြင့် နိပြု၍, ကြွင်းရုပ်များကို ပုမသဒ္ဒါအတိုင်း စီရင်လေ၊ ရုပ်စဉ်ဟန်ကား...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | အဒ္ဓါ | အဒ္ဓါနော |
| အာ | ဘောအဒ္ဓ, အဒ္ဓါ | ဘောဒ္ဓော အဒ္ဓါနော |
| ဒု | အဒ္ဓါနံ | အဒ္ဓါနော |
| တ | အဒ္ဓုနာ | အဒ္ဓါနေဟိ, အဒ္ဓါနေဘိ |
| စ | အဒ္ဓုနော | အဒ္ဓါနံ |
| ပဉ္စမီ | အဒ္ဓုနာ | အဒ္ဓါနေဟိ, အဒ္ဓါနေဘိ |
| ဆ | အဒ္ဓုနော | အဒ္ဓါနံ |
| သ | အဒ္ဓနိ, အဒ္ဓါနေ | အဒ္ဓါသု။ |

ပုမာဒိဂိုဏ်းပြီး၏။

http://www.dhammadownload.com



## ၈။ ရာဇာဒိဂိုဏ်း (ပုလ္လိင်)

ကျက်မှတ်ရန်  တည်သောအခါ "ရာဇ" ဟု အကာရန္တဖြင့် တည်ပြီးလျှင်, သျှာစသုတ်ဖြင့် သိဝိဘတ်ကို အာပြု၍, ပြီးသောအခါ "ရာဇာ" ဟု အာကာရန္တဖြင့် ပြီးကောင်းသော ပုဒ်အပေါင်းသည် ရာဇာဒိဂိုဏ်း မည်၏။ ဤရာဇာဒိဂိုဏ်းသည် ပုလ္လိင်သာတည်း။ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | ရာဇာ | ရာဇာနော |
| အာ | ဘောရာဇ, ရာဇာ | ဘောန္တော ရာဇာနော |
| ဒု | ရာဇာနံ, ရာဇံ | ရာဇာနော |
| တ | ရညာ, ရာဇိနာ, ရာဇေန | ရာဇူဟိ, ရာဇူဘိ, ရာဇေဟိ, ဘိ |
| စ | ရညော, ရာဇိနော | ရညံ, ရာဇူနံ, ရာဇာနံ |
| ပဉ္စ | ရညာ | ရာဇူဟိ, ရာဇူဘိ, ရာဇေဟိ, ဘိ |
| ဆ | ရညော, ရာဇိနော | ရညံ, ရာဇူနံ, ရာဇာနံ |
| သ | ရညေ, ရာဇိနိ | ရာဇူသု, ရာဇေသု။ |

ဗြဟ္မသဒ္ဒါ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | ဗြဟ္မာ | ဗြဟ္မာနော |
| အာ | ဟေဗြဟ္မေ | ဘောန္တော ဗြဟ္မာနော |
| ဒု | ဗြဟ္မာနံ, ဗြဟ္မံ | ဗြဟ္မာနော |
| တ | ဗြဟ္မုနာ | ဗြဟ္မေဟိ, ဗြဟ္မေဘိ |
| စ | ဗြဟ္မုနော, ဗြဟ္မဿ | ဗြဟ္မူနံ, ဗြဟ္မာနံ |
| ပဉ္စ | ဗြဟ္မုနာ | ဗြဟ္မေဟိ, ဗြဟ္မေဘိ |
| ဆ | ဗြဟ္မုနော, ဗြဟ္မဿ | ဗြဟ္မူနံ, ဗြဟ္မာနံ |
| သ | ဗြဟ္မနိ | ဗြဟ္မေသု။ |

http://www.dhammadownload.com



## အတ္တသဒ္ဒါ, သခသဒ္ဒါ ရုပ်စဉ်ပြန်ကား...

| | | |
|---|---|---|
| ပ | အတ္တာ | အတ္တာနော |
| အာ | ဘောအတ္တ, အတ္တာ | ဘောန္တော အတ္တာနော |
| ဒု | အတ္တာနံ, အတ္တံ | အတ္တာနော |
| တ | အတ္တနာ, အတ္တေန | အတ္တနေဟိ, အတ္တနေဘိ |
| စ | အတ္တနော | အတ္တာနံ |
| ပ | အတ္တနာ | အတ္တနေဟိ, အတ္တနေဘိ |
| ဆ | အတ္တနော | အတ္တာနံ |
| သ | အတ္တနိ | အတ္တနေသု, အတ္တေသု။ |

| | | |
|---|---|---|
| ပ | သခါ | သခါနော, သခါယော, သခိနော |
| အာ | ဘောသခ, သခါ, သခေ | ဘောန္တော သခါနော, သခါယော, သခိနော |
| ဒု | သခါနံ, သခါရံ, သခံ | သခါနော, သခါယော, သခိနော |
| တ | သခိနာ | သခါရေဟိ, ဘိ, သခေဟိ, ဘိ |
| စ | သခိနော, သခိဿ | သခီနံ, သခါရာနံ, သခါနံ |
| ပ | သခိနာ | သခါရေဟိ, ဘိ, သခေဟိ, ဘိ |
| ဆ | သခိနော, သခိဿ | သခီနံ, သခါရာနံ, သခါနံ |
| သ | သခေ | သခါရေသု, သခေသု။ |

### စီရင်သောသုတ်

ဗြဟ္မတ္တသခါ စစ္စာ ရှုလို့, သနာသု တိုင်ဟန်,
ရာဇဿာ ရညောမှ, စ၍ လေးသုတ်ကြဲ၊
ရာဇဿ ရာဇုတစ်ဖန်ပြင်, အမှ တုမှံ န္ဓူထည့်၍,
အတ္တန္တောဟိသို့မနေ, စသည့် ငါးသုတ်ပေ၊
အကမ္မန္တ စ–မသွေအောင်, သခတောဂဿေ ဂိုဏ်းရာဇာဖို့လေး။

http://www.dhammadownload.com



## ကြည့်ရှုရန်သာ

ရာဇသဒ္ဒါဝယ် သဝိဘတ်ဖြင့် ရာဇိနော, သ္မိံ ဝိဘတ်ဖြင့် ရာဇိနိ ရှိသကဲ့သို့, များစွာသော သဒ္ဒါကျမ်းတို့၌ နာဝိဘတ်ဖြင့် “ရာဇိနာ”ဟု ရုပ်ရှိ၏၊ “ရာဇဿိ နာမှိ”ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် ရာဇ၏အဆုံး ၊ ကို ိပြုလေ၊ “ရာဇေန”ဟု အခြားသဒ္ဒါကျမ်းများ၌ မရှိသော်လည်း ကစ္စည်း,ရူပသိဒ္ဓိတို့၌ ရှိသောကြောင့် ထည့်လိုက်သည်၊ သခသဒ္ဒါ အာလုပ်၌ ကစ္စည်းဝုတ္တိအလို “ဘောသခ သခါ သခိ သခီ သခေ”ဟု ရှိထိုက်သော်လည်း သခိ သခီ မရှိသင့်ကြောင်းကို သခတော ဂဿေ ဝါ သုတ်ကို ပြန်ကြည့်ပါ။

အတ္တနှင့်အနက်တူ အာတုမာသဒ္ဒါလည်း အာလုပ် ပဌမာ ဒုတိယာ ဝိဘတ်တို့၌ အတ္တသဒ္ဒါနှင့် အလားတူ “ဘော အာတုမ, အာတုမာ၊ ဘောန္တော အာတုမာနော၊ အာတုမာ၊ အာတုမာနော၊ အာတုမာနံ, အာတုမံ၊ အာတုမာနော”ဟု ရုပ်စဉ်ပြီးလျှင် တတိယာဝိဘတ် မှ စ၍ သတ္တမီဝိဘတ်တိုင်အောင် ”အာတုမေန၊ အာတုမေဟိ, အာတုမေဘိ” စသည်ဖြင့် ပုရိသအတိုင်း ရုပ်စဉ်လေ။

ဂိုဏ်းဝင်သုတ်များကား-ဗြဟ္မတ္တ သခရာဇာဒိတော အံမာနံမှစ၍ ဥတ္တံသနာသုတိုင်အောင် (၁၁)သုတ်, ရာဇဿ ရညော ရာဇိနောသေမှ စ၍ သ္မိံမှိရညေ ရာဇိနိအထိ (၄)သုတ်, ရာဇဿ ရာဇု သုနံဟိသု စ, အမှတုမှန္တုရာဇဗြဟ္မတ္တ သခသတ္ထုပိတာဒီဟိ သ္မာနာဝ, အတ္တန္တော ဟိသ္မိမနတ္တံမှ စ၍ ဈလတော စ တိုင်အောင်(၅)သုတ်, အကမ္မန္တဿ စသုတ်၌ စသဒ္ဒါ, သခတော ဂဿေ ဝါတို့တည်း။

ရာဇာဒိဂိုဏ်းပြီး၏။

×◇×◇×

http://www.dhammadownload.com



## ၉။ သတ္ထာဒိဂိုဏ်း(ပုလ္လိင် ဣတ္ထိလိင်)

**ကျက်မှတ်ရန်** တည်သောအခါ "သတ္ထု"ဟု ဥကာရန္တဖြင့် တည်ပြီးလျှင်, သတ္ထုပိတာ·ဒီန·မာ သိသွီ, သိ လောပေါ စသုတ်ဖြင့် ဥကို အာပြု, သိကို ချေ, ပြီးသော အခါ သတ္ထာဟု အာကာရန္တဖြင့် ပြီးကောင်းသော ပုဒ်အပေါင်း သည် သတ္ထာဒိဂိုဏ်း မည်၏။ ဤသတ္ထာဒိဂိုဏ်း၌ သတ္ထုစသော သဒ္ဒါတို့သည် ပုလ္လိင်တည်း၊ မာတုစသော သဒ္ဒါတို့ကား ဣတ္ထိလိင်တည်း၊ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | သတ္ထာ | သတ္ထာရော |
| အာ | ဘောသတ္ထ, သတ္ထာ | ဘောန္တော သတ္ထာရော |
| ဒု | သတ္ထာရံ | သတ္ထာရော |
| တ | သတ္ထာရာ, သတ္ထုနာ | သတ္ထာရေဟိ,ဘိ, သတ္ထူဟိ,ဘိ |
| စ | သတ္ထု,သတ္ထုနော,သတ္ထုဿ | သတ္ထာရာနံ,သတ္ထာနံ, သတ္ထူနံ |
| ပ္ၚ | သတ္ထာရာ | သတ္ထာရေဟိ,ဘိ, သတ္ထူဟိ,ဘိ |
| ဆ | သတ္ထု,သတ္ထုနော,သတ္ထုဿ | သတ္ထာရာနံ,သတ္ထာနံ, သတ္ထူနံ |
| သ | သတ္ထရိ | သတ္ထာရေသု, သတ္ထူသု။ |

### ဂိုဏ်းဝင်ပုဒ်

ကတ္တု ဘတ္တု ဝတ္တု နေတု, နေတ္တု နတ္တု ဓာတု သမာ၊
ပိတု ဘာတု ဇာမာတု စ, မာတု ဓီတု ဝိသေသကာ။

ထိုတွင် ပိတု ဘာတု ဇာမာတုသဒ္ဒါတို့၌ ပိတာဒီန မသိမှိ သုတ်ဖြင့် အာရ၏ အာကို ရဿပြု၍ သတ္ထာရောစသည့်အရာ၌ "ပိတရော, ပိတရံ, ပိတရာ, ပိတရေဟိ, ပိတရာနံ, ပိတရေသု" စသည် ဖြစ်၏။ မာတုသဒ္ဒါ ရုပ်စဉ်ဟန်ကား...

http://www.dhammadownload.com



| | | |
|---|---|---|
| ပ | မာတာ | မာတရော |
| အာ | ဘောတိ မာတ,မာတာ | ဘောတိယော မာတရော |
| ဒု | မာတရံ | မာတရော |
| တ | မာတရာ,မာတုယာ,မတျာ | မာတရေဟိ,ဘိ, မာတူဟိ,ဘိ |
| စ | မာတု,မာတုဿ,မာတုယာ,မတျာ | မာတရာနံ,မာတာနံ,မာတူနံ |
| ပီ | မာတရာ,မာတုယာ,မတျာ | မာတရေဟိ,ဘိ, မာတူဟိ,ဘိ |
| ဆ | မာတု,မာတုဿ,မာတုယာ,မတျာ | မာတရာနံ,မာတာနံ,မာတူနံ |
| သ | မာတရိ,မာတုယာ,မတျာ, မာတုယံ, မတျံ | မာတရေသု, မာတူသု။ |

## စီရင်သောသုတ်

သတ္တုပိတာ ဒီကစ၍, ပိတာဒိန မ-သိတွင်,
ဆယ့်တစ်သုတ်တွေ ရုပ်နေညှိ, ဂိုဏ်းသတ္တာဒိဝင်၊
မာတုအတွက် တစ်လမ်းထွင်သည်, အဆန်းမထင် ပတောယနှင့်,
ဃပတောပြ သို-ယံ ဝါ, တေသုဝုဒ္ဓိ အပါ၊
ကသုတ်ကသက် ရုပ်တွက်ရာမှာ, သုတ်အနက်သာ ရှုစားပေတော့လေ။

## ကြည့်ရှုရန်သာ

သတ္တု-ဆရာ(ဘုရား)၊ ကတ္တု-ပြုလုပ်သူ၊ ဘတ္တု-လင်(အရှင်သခင်)၊ ဝတ္တု-ပြောဆိုတတ်သူ၊ နေတု,နေတ္တု-ဆောင်တတ်သူ၊ နတ္တု-မြေးယောက်ျား၊ ဓာတု-ဆောင်တတ်သူ၊ သမာ-ဤသဒ္ဒါစု သတ္တုနှင့်တူကုန်၏။ ပိတု-အဘ၊ ဘာတု-အစ်ကို, ညီ၊ ဇာမာတု-သားမက်(သမီး၏ယောက်ျား)၊ မာတု-အမိ၊ ဓီတု-သမီး။ ဝိသေသကာ-သတ္တုထက်ထူးသောသဒ္ဒါစုတို့တည်း။

သတ္တုရုပ်စဉ်၌ သတ္တူဟိ, သတ္တူနံ, သတ္တူသုရုပ်များ ကစ္စည်းရူပသိဒ္ဓိတို့၌မရှိသော်လည်း အခြားကျမ်းများ၌ ရှိသောကြောင့် ထည့်သည်၊

http://www.dhammadownload.com



သဒ္ဒနီတိ၌ ပဉ္စမာယောဝိဘတ်ဖြင့် သတ္တာ, ဒုတိယာယောဖြင့် သတ္တာရေ ရုပ်များကို ပြလိုသေး၏၊ ဘတ္တုမှစ၍ ဓာတုတိုင်အောင် သတ္တုအတိုင်းစဉ်။

ပိတုသဒ္ဒါ၌ကား ဘော ပိတ, ပိတာ၊ ဘောန္တော ပိတရော၊ ပိတာ၊ ပိတရော၊ ပိတရံ၊ ပိတရောစသည်ဖြင့် စဉ်လေ၊ ဘာတု, ဇာမာတုသဒ္ဒါ များလည်း ဤနည်းအတိုင်းပင်တည်း။ [ဇာတ်ပါဠိတော်များ၌ နာ သ ဝိဘတ်တို့ဖြင့် ပေတျာ, သျှိဖြင့် "နေတ္တေ ဥဇုံ ဂတေ သတိ" ဝယ် နေတ္တေ ဟူသော ရုပ်ထူးများလည်း ရှိသေး၏။]

မာတုသဒ္ဒါဝယ် မာတရေဟိ မာတုသာရုပ်များကို သဒ္ဒနီတိက ပယ်သော်လည်း အခြားကျမ်းများ၌ ရှိသည်၊ မာတုယာကို မာတု တည်, နာဝိဘတ်စသည် သက်, ၊ ကို ပ မှည့်, နာဝိဘတ်စသည်ကို ပတောယာ ဖြင့် ယာ ပြုလေ၊ မတျာ၌ကား မာတုယာ ဖြစ်ပြီးနောက် တေသုဝုဒ္ဓိ လောပါဂမစသော သုတ်ကြီးဖြင့် တု ၏ အစိတ် ၊ ကို ချေ၊ မာ၏အစိတ် ာ ကိုလည်း အ ရဿပြု, နယေပရံ ယုတ္တေဖြင့် တ်ကို ယာသို့ ကပ်လေ၊ မာတုယံ၌ကား ၊ ကို ပ မှည့်၍, ဃပတော သျှိံယံ ဝါဖြင့် သျှိကို ယံပြုလေ၊ မတျံကို မာတုယံ ဖြစ်ပြီးနောက် တေသုဝုဒ္ဓိသုတ်ကြီးဖြင့် မတျာကဲ့သို့ စီရင်လေ။

ဓီတုသဒ္ဒါ၌ကား မတျာ,မတျံကဲ့သို့ ရုပ်မရှိနိုင်၊ ထို့ကြောင့် ဓီတျာ ဓီတျံကို ချန်လှပ်၍ "ဘောတိ ဓီတ,ဓီတာ၊ ဘောတိယော ဓီတရော" စသည်ဖြင့် မာတုနှင့် အလားတူ ရုပ်စဉ်လေ၊ "သမီး"အနက်ဟော ဒုဟိတုသဒ္ဒါလည်း ဤနည်းအတိုင်းပင်တည်း မြေးမိန်းမဟော နတ္တုသဒ္ဒါ ၌ကား အာရ၏ အာကို ရဿမပြုဘဲ နတ္တာရော နတ္တာရံဟု ဆိုရုံသာ ထူးသည်၊ ရုပ်စဉ်ပုံမှာ ဓီတုအတိုင်းသာတည်း၊ ကတ္တုစသော သဒ္ဒါများ ၌လည်း ဣတ္ထိလိင် ရှိနိုင်ပေသည်၊ နတ္တုအတိုင်း ရုပ်စဉ်လေ။ [ဘော သတ္တ, သတ္တာ ရုပ်တွက်ပုံ ကို အကာရပိတာဒျန္တာနမာ, အာကာရော ဝါ သုတ်တို့၌ ကြည့်။]

**သတ္တာဒိဂိုဏ်းပြီး၏။**

http://www.dhammadownload.com



**ကျက်မှတ်ရန်** ရတ္တာဒိဂိုဏ်း၌ ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင် အားဖြင့် သုံးပါးအပြား ရှိ၏၊ ထိုတွင်—

ဣတ္ထိလိင်၌ ဣ ဥ ဦ ကာရန်သုံးမျိုးတို့တွင် တည်သောအခါ "ရတ္တိ"ဟု ဣကာရန္တဖြင့် တည်ပြီးလျှင် သေသတောလောပံ ဂသိပိသုတ်ဖြင့် သိဝိဘတ်ကို ချေ၍, ပြီးသောအခါလည်း "ရတ္တိ"ဟု ဣကာရန္တဖြင့် ပြီးကောင်းသော ပုဒ်အပေါင်းသည် ဣတ္ထိလိင် ဣကာရန္တ ရတ္တာဒိဂိုဏ်း မည်၏၊ ရုပ်စဉ်ပြန်ကား...

| | | |
|---|---|---|
| ပ | ရတ္တိ | ရတ္တီ, ရတ္တိယော, ရတျော |
| အာ | ဘောတိရတ္တိ | ဘောတိယော ရတ္တီ, ရတ္တိယော, ရတျော |
| ဒု | ရတ္တိံ | ရတ္တီ, ရတ္တိယော, ရတျော |
| တ | ရတ္တိယာ, ရတျာ | ရတ္တီဟိ, ရတ္တီဘိ, ရတ္တိဟိ, ရတ္တိဘိ |
| စ | ရတ္တိယာ, ရတျာ | ရတ္တီနံ, ရတ္တိနံ |
| ပဉ္စမီ | ရတ္တိယာ, ရတျာ | ရတ္တီဟိ, ရတ္တီဘိ, ရတ္တိဟိ, ရတ္တိဘိ |
| ဆ | ရတ္တိယာ, ရတျာ | ရတ္တီနံ, ရတ္တိနံ |
| သ | ရတ္တိယာ, ရတျာ, ရတ္တိယံ, ရတျံ, ရတ္တော | ရတ္တီသု, ရတ္တိသု။ |

### ဂိုဏ်းဝင်ပုဒ်များ

မတိ နာဘိ ဘူမိ ဗောဓိ, ခန္တိ ယုဝတိ ဩသဓိ၊
ပါဠိ သိဒ္ဓိ ဣဒ္ဓိ ကိတ္တိ, ယုတ္တျ-ဂုံလိ ဒုန္ဒုဘိ။

### ဣတ္ထိလိင် ဥကာရန္တပုဒ်များ

ယာဂု ဓာတု ကာသု ဓေနု, ဒဒ္ဒု ကဏ္ဍု ကရေဏု စ၊
ရဇ္ဇု သဿု ပိယင်္ဂု-ဥ-တျုကာရန္တိတ္ထိကာ တထာ။

http://www.dhammadownload.com



## ကုတ္တိလိင် ဥဂ္ဂကာရန္တ ပုဒ်များ

ဝဂ္ဂူ ဇမ္ဗူ စမူ ကစ္ဆူ, သရဘူ သရဋူ သုဘူ၊
ဝိမူ·ရူ နာဂနာသူ·ရူ, သုတနူ·ကာရအန္တကာ။

## စီရင်သောသုတ်

သေသတော တေ–ကုတ္တိချောနှင့်, ဃပတော စ ယော လောပံ,
ယောသုကတ နိကာနော, တတော ယောတု ကြံ၊
ပသညသသ ဗျဥ္ဇနော မှန်သည့်, ဝိသဇ္ဇော ဂံ စအရဟု,
အံမောနိဂ္ဂဟီတ ပတောယာ, အမာပတောလာ၊
ဃပတောပြ သို့ဝိယံဝါငယ်, အာဒိတောပါ သုနံဟိတို့လေး၊
ဈလပါရည် အယောနှစ်ဖြာမှာ, ဝဂ္ဂုတွက်တာ ထူးမှတ်ရာဖို့လေး။

## ကြည့်ရှုရန်သာ

ရတ္တိ–ညဉ့်၊ မတိ–သိခြင်း၊ နာဘိ–ချက်အရပ်၊ ဘူမိ–မြေ၊ ဗောဓိ–သိခြင်း၊ ခန္တိ–သည်းညည်းခံခြင်း၊ ယုဝတိ–အပျို၊ ဩသဓိ–ဆေး၊ ပါဠိ–ပါဠိ (ပုဒ်အစဉ်)၊ သိဒ္ဓိ–ပြီးစီးခြင်း၊ ဣဒ္ဓိ–တန်ခိုး၊ ကိတ္တိ–ကျော်စောခြင်း။ (ယုတ္တျင်္ဂုလိ=ယုတ္တိ+အင်္ဂုလိ) ယုတ္တိ–အသင့်ယုတ္တိ၊ အင်္ဂုလိ–လက်ချောင်း၊ ဒုန္ဒုဘိ–စည်ကြီး။

ဤပုဒ်တို့သည် သို့ဝိဘတ်ဖြင့် "ရတ္တော"မှတစ်ပါး အခြားဝိဘတ်များ၌ ရတ္တိနှင့် ရုပ်စဉ် တူကုန်၏၊ ရတျော, ရတျာ, ရတျံကဲ့သို့ မတျော, မတျာ, မတျံ, နဘျော, နဘျာ, နဘျံ (နာဘျောအပြီးတွင် ကွစိဓာတုသုတ်ကြီးဖြင့် နာ၏ အာကို ရဿပြု) ဗောဓျော, ဗောဓျာ, ဗောဓျံ (ဗောဓျ အပြီးတွင် ယဝတံတလန စသောသုတ်ဖြင့် ဈကို ဈပြု၍ အသဒိသဒွေဘော် ဖ်လာ၊) ဤရုပ်များလည်း ပိဋကတ်တော်၌ ထင်ရှားရှိကြသည်၊ သို့သော် ရူပသိဒ္ဓိ၌ကား ထိုကဲ့သို့သော ရုပ်များကို မပြသဖြင့် ပတ္တိ စသည်၌

http://www.dhammadownload.com



ရတော္ဘာ ရတျာ ရတျံရုပ်မျိုး မပါဘဲ "ဘောတိ ပတ္တိ၊ ဘောတိယော ပတ္တီ, ပတ္တိယော၊ ပတ္တိ၊ ပတ္တီ, ပတ္တိယော၊ ပတ္တိံ၊ ပတ္တီ, ပတ္တိယော၊ ပတ္တိယာ၊ ပတ္တီဟိ, ပတ္တီဘိ, ပတ္တိဟိ, ဘိ၊ ပတ္တိယာ၊ ပတ္တီနံ၊ ပတ္တိနံ၊ ပတ္တိယာ၊ ပတ္တီဟိ, ဘိ, ပတ္တိဟိ, ဘိ၊ ပတ္တိယာ၊ ပတ္တီနံ, ပတ္တိနံ၊ ပတ္တိယာ, ပတ္တိယံ၊ ပတ္တီသု, ပတ္တိသု"ဟု ရုပ်စဉ်လေသည်။

**အချို့ရုပ်များ တွက်ပုံ။** ။ရတ္တိ၌ သိသက် ချေ၊ ရတော္ဘာ၌ ယော သက်, တတောယောနမောတု၌ တုသဒ္ဒါဖြင့် ယောကို ဧပြု, ဧကို ပမှည့် ပသညာသ စသုတ်ဖြင့် ပ အမည်အရှိသော ဧကို ယပြု, စသည် တွက်၊ ရတ္တီ၌ ယောသက်, ပ မှည့်, ယောချေ, ယောသုကတနိကာရ စသောသုတ်ဖြင့် ဧကို ဧဒီဃပြုလေ၊ နာ–သဝိဘတ်တို့ဖြင့် ရတျာကို ရတ္တိတည်, ပမှည့်၊ အမာပတော သ္မိံသ္မာနံ ဝါသုတ်၌ "အာပတော"ဟူ သော ယောဂဝိဘာဂဖြင့် နာဝိဘတ် သဝိဘတ်တို့ကို ဧပြုပြီးနောက် သ္မာဝိဘတ်ဖြင့် ရတျာကို စီရင်သကဲ့သို့ စီရင်လေ၊ သ္မိံ ဝိဘတ်ဖြင့် ရတျာ၌ အာဒိတော ဩ စ၌ စသဒ္ဒါဖြင့် သ္မိံကို ဧပြု၍ ရူပသိဒ္ဓိစီရင်၏။

အခြားရုပ်များကား ထိုထိုသုတ်၌ တိုက်ရိုက်လာပြီ၊ သ္မိံ ဝိဘတ်ဖြင့် ရတ္တိံဟု အာဒိတော ဩ စသုတ်၌ ရှိသော်လည်း အခြားသဒ္ဒါကျမ်းတို့၌ မရှိ၊ ပါဠိတော်များ၌ ဣမံ ရတ္တိံ–ဤညဉ့်၌"ဟု အဓိကရဏအနက် ရှိသော ဒုတိယာဝိဘတ် အဖြစ်ဖြင့်သာ လာသည်၊ ထို့ကြောင့် ဤ၌ "ရတ္တိံ"ဟု သ္မိံ ဝိဘတ်ဖြင့် မထည့်လိုက်ပေ။

**ဥကာရန္တ သဒ္ဒါစု။** ။ယာဂု–ယာဂု(ရေမန်း)၊ ဓာတု–ဓာတ်သဘော၊ ကာသု–တွင်း၊ ဓေနု–နွားမ၊ ဒဒ္ဒု–ပွေးညှင်း၊ ကဏ္ဍု–ယားနာ၊ ကရေဏု–ဆင်မ၊ ရဇ္ဇု–ကြိုး၊ သသု–ယောက္ခမမိန်းမ၊(ပိယင်္ဂုဥဇ္ဇု-တျူကာရန္တတ္တိကာ= ပိယင်္ဂု + ဥဇ္ဇု + ဣတိ + ဥကာရန္တ + ဣတ္ထိကာ) ပိယင်္ဂု–ပျဉ်းပင်၊ ဥဇ္ဇု–

http://www.dhammadownload.com



ကြယ်တာရာ၊ ဣတိ–ဤသို့ ဥကာရန္တိတ္ထိကာ–ဥကာရန္တ ဣတ္ထိလိင် သဒ္ဒါစုတို့သည်၊ တထာ–ထို ဣကာရန္တအတူပင်တည်း။

ဤ ဥကာရန္တ သဒ္ဒါစုတို့ကို ဣကာရန္တ အတိုင်းပင် ရုပ်စဉ်ရာ၏၊ သို့သော် ရတျော,ရတျာ,ရတျံကဲ့သို့သော ရုပ်မျိုး ရှိခဲလှသောကြောင့်...

| | |
|---|---|
| ပ ယာဂု | ယာဂူ, ယာဂုယော |
| အာ ဘောတိ ယာဂု | ဘောတိယော ယာဂူ,ယာဂုယော |
| ဒု ယာဂုံ | ယာဂူ, ယာဂုယော |
| တ ယာဂုယာ | ယာဂူဟိ,ယာဂူဘိ,ယာဂုဟိ,ဘိ |
| စ ယာဂုယာ | ယာဂူနံ,ယာဂုနံ |
| ပဉ္စ ယာဂုယာ | ယာဂူဟိ,ယာဂူဘိ,ယာဂုဟိ,ဘိ |
| ဆ ယာဂုယာ | ယာဂူနံ,ယာဂုနံ |
| သ ယာဂုယာ,ယာဂုယံ | ယာဂူသု,ယာဂုသု ဟု ရုပ်စဉ်ရာ၏။ |

ဤ ဥကာရန္တ သဒ္ဒါစုနှင့် သတ္တာဒိဂိုဏ်းက ဥကာရန္တ သဒ္ဒါများသည် ရှုတ်ထွေးလျက် ရှိတတ်၏၊ ဓာတုသဒ္ဒါကား နှစ်ဂိုဏ်းလုံးမှာ ပါဝင်လျက် ရှိ၏၊ ထိုဥကာရန္တ သဒ္ဒါ နှစ်မျိုးတို့ ထူးခြားပုံကား–သတ္တာဒိဂိုဏ်းက သဒ္ဒါစုသည် များသောအားဖြင့် (ကြိယာကို အကြောင်းပြု၍ ဖြစ်၏၊) ဥပမာ–"ဓာတု–ဆောင်တတ်သောသူ"ဟု ဆိုရာ၌ ဓာတုသဒ္ဒါသည် ဆောင်ခြင်းကြိယာကို အကြောင်းပြု၍ ဖြစ်လာသကဲ့သို့တည်း။ ["နတ္တု–မြေး"ဟူရာ၌ကား ဇာတ်ကိုပင် အကြောင်းပြု၍ ဖြစ်သည်၊ ထို့ကြောင့် "များသောအားဖြင့်"ဟု ဆိုလိုက်သည်၊] ရတ္တာဒိဂိုဏ်းက ဥကာရန္တ သဒ္ဒါစုသည် ဇာတ်ကို အကြောင်းပြု၍ ဖြစ်၏၊ ဥပမာ–"ဓာတု–ဓာတ်သဘော"ဟူရာ၌ ဓာတုသဒ္ဒါသည် ဓာတ်ဟူသမျှ၏ အခြင်းအရာ ဇာတ်ကို အကြောင်းပြု၍ ဖြစ်သကဲ့သို့တည်း။

http://www.dhammadownload.com



ဥကာရန္တ သဒ္ဒါစု။ ။ဝဓူ–ချွေးမ(မိန်းမသာမန်ကိုလည်း ဟောသည်)၊ ဇမ္ဗူ–သပြေပင်၊ စမူ–စစ်သည်၊ ကစ္ဆူ–ဝဲနာ၊ သံရဘူ–တက်တူ၊ သရဗူ–မကိုင်း့, သရဖူ၊ သုဘူ–ကောင်းသော(လှသော)မျက်ခုံး၊ ဝါမူရူ–တင့်တယ်သော ပေါင်ရှိသော မိန်းမ၊ နာဂနာသူရူ(နာဂနာသာဥရူ)–ဆင်၏ နှာမောင်းကဲ့သို့ အရင်းတုတ်၍ အဖျားသေးလျက် လုံးသော ပေါင်ရှိသော မိန်းမ၊ သုတနူ–တင့်တယ်သော (ပြေပြစ်သော)ကိုယ်ရှိသော မိန်းမ၊ ဥကာရ အန္တကာ–ဥကာရန္တ သဒ္ဒါတို့တည်း၊ ရုပ်စဉ်ရာ၌ကား ပင်ကိုက ဥဒီဃ ဖြစ်သောကြောင့် "ဝဓုဟိ ဝဓုနံ ဝဓုသု" ရုပ်များ မရှိနိုင်ကြောင်းကို သတိပြု၍ စဉ်ရာ၏။

| | | |
|---|---|---|
| ပ | ဝဓူ | ဝဓူ, ဝဓုယော |
| အာ | ဘောတိ ဝဓု | ဘောတိယော ဝဓူ, ဝဓုယော |
| ဒု | ဝဓုံ | ဝဓူ, ဝဓုယော |
| တ | ဝဓုယာ | ဝဓူဟိ, ဝဓူဘိ |
| စ | ဝဓုယာ | ဝဓူနံ |
| ပဉ္စ | ဝဓုယာ | ဝဓူဟိ, ဝဓူဘိ |
| ဆ | ဝဓုယာ | ဝဓူနံ |
| သ | ဝဓုယာ, ဝဓုယံ | ဝဓူသု။ |

ရုပ်တွက်ရာ၌–ဘောတိ ဝဓုကို ဈလပါရဿံသုတ် ကြည့်၊ ယော ဝိဘတ်ဖြင့် ဝဓူကို ဃပတော စ ယောနံ လောပေါသုတ် ကြည့်၊ ဝဓုယော၌ "ဝဓူ"တည့်, ယောသက်, ပမည့်, အဃောရဿမေကဝစနယောသွပိစသုတ်ဖြင့် ူ ကို ု ရဿ ပြုရုံသာ၊ ဝဓုံ၌ အံဝိဘတ်ကြောင့် ူကို ု ရဿ ပြုပြီးမှ ုကို ပမည့်၍ အံမောနိဂ္ဂဟီတံ ဈလပေဟိ သုတ်ဖြင့် စီရင်၊ ဝဓုယာ စသည်၌ "ဝဓူ"တည့်, နာဝိဘတ်စသည် သက်၊ အဃောရဿမေကဝစနယောသွပိစ သုတ်ဖြင့် အမြဲ ရဿပြုလော။

ရတ္တာဒိဂိုဏ်း ဣတ္ထိလိင်ပြီး၏။

http://www.dhammadownload.com



# ရတ္တာဒိဂိုဏ်း (ပုလ္လိင်)

**ကျက်မှတ်ရန်** ပုလ္လိင်၌ အာ ဣ ဤ ဥ ဦ ဩဟု ကာရန် (၆)ပါး ရှိ၏။ ထိုတွင် အာကာရန္တ "သာ" သဒ္ဒါ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | သာ | သာ, သာနော |
| အာ | ဟေ သ, သာ | ဘောန္တော သာ, သာနော |
| ဒု | သာနံ | သာနေ |
| တ | သာနာ | သာနေဟိ, သာနေဘိ |
| စ | သာဿ | သာနံ |
| ပီ | သာနာ | သာနေဟိ, သာနေဘိ |
| ဆ | သာဿ | သာနံ |
| သ | သာနေ | သာနေသု။ |

ဣကာရန္တ အဂ္ဂိသဒ္ဒါ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | အဂ္ဂိ, အဂ္ဂိနိ | အဂ္ဂီ, အဂ္ဂယော |
| အာ | ဘော အဂ္ဂိ | ဘောန္တော အဂ္ဂီ, အဂ္ဂယော |
| ဒု | အဂ္ဂိံ | အဂ္ဂီ, အဂ္ဂယော |
| တ | အဂ္ဂိနာ | အဂ္ဂီဟိ, ဘိ, အဂ္ဂိဟိ, ဘိ |
| စ | အဂ္ဂိဿ, အဂ္ဂိနော | အဂ္ဂီနံ, အဂ္ဂိနံ |
| ပီ | အဂ္ဂိသ္မာ, မှာ, အဂ္ဂိနာ | အဂ္ဂီဟိ, ဘိ, အဂ္ဂိဟိ, ဘိ |
| ဆ | အဂ္ဂိဿ, အဂ္ဂိနော | အဂ္ဂီနံ, အဂ္ဂိနံ |
| သ | အဂ္ဂိသ္မိံ, အဂ္ဂိမှိ | အဂ္ဂီသု, အဂ္ဂိသု။ |

http://www.dhammadownload.com



### ဂိုဏ်းဝင်ပုဒ်

အာဒိ ဗျာဓိ မဟောသီ·သိ, သန္ဓိ ဂဏ္ဍိ မုနိ ကုဋ္ဌိ၊
အသိ ပါဏိ အဟိ ကိမိ, အရိ ဉာတိ ဗလာ·တိထိ။

### စီရင်သောသုတ်

ဣဝဏ္ဏုဝဏ်·ဏာစျလနှင့်, ဃပတောစ ယောလောပါ,
ယောသုကတာ နိကာရ, ယောသွကတ ဈာ၊
အဂ္ဂိသိနိ အံမောပါငယ်, သုနံဟိလာ စျလတောနှင့်,
သဿနော၀ စျလတောစာ, အာဒိတော ဩပါ၊
နောက်နောက် ထုတ်ချက် ရုပ်မခက်ပါပြီ, သုတ်အနက်သာ
ကြေကြေစေကွဲ့လေး။

### ဤကာရန္တ ဒဏ္ဍီသဒ္ဒါ ရုပ်စဉ်ပုံကား...

| | | |
|---|---|---|
| ပ | ဒဏ္ဍီ | ဒဏ္ဍီ, ဒဏ္ဍိနော |
| အာ | ဘောဒဏ္ဍိ | ဘောန္တော ဒဏ္ဍီ, ဒဏ္ဍိနော |
| ဒု | ဒဏ္ဍိံ, ဒဏ္ဍိနံ | ဒဏ္ဍီ, ဒဏ္ဍိနော |
| တ | ဒဏ္ဍိနာ | ဒဏ္ဍီဟိ, ဒဏ္ဍီဘိ |
| စ | ဒဏ္ဍိဿ, ဒဏ္ဍိနော | ဒဏ္ဍီနံ |
| ပဉ္စ | ဒဏ္ဍိသ္မာ, မှာ, ဒဏ္ဍိနာ | ဒဏ္ဍီဟိ, ဒဏ္ဍီဘိ |
| ဆ | ဒဏ္ဍိဿ, ဒဏ္ဍိနော | ဒဏ္ဍီနံ |
| သ | ဒဏ္ဍိသ္မိံ, ဒဏ္ဍိမှိ, ဒဏ္ဍိနိ | ဒဏ္ဍီသု။ |

### ဂိုဏ်းဝင်ပုဒ်

ဟတ္ထိ ဒါဌိ ဂဏီ သံဃီ, သာမီ ဂါမီ စ ဂါမဏီ၊
ယောဂီ ရောဂီ သုခီ ဒုက္ခီ, စာရီ စာဂီ စ ကုသလီ။

http://www.dhammadownload.com



ဥကာရန္တ ဘိက္ခုသဒ္ဒါ ရုပ်စဉ်ဟန်ကား…

| | | |
|---|---|---|
| ပ | ဘိက္ခု | ဘိက္ခူ, ဘိက္ခဝေါ |
| အာ | ဘောဘိက္ခု | ဘောန္တော ဘိက္ခူ, ဘိက္ခဝေ, ဘိက္ခဝေါ |
| ဒု | ဘိက္ခုံ | ဘိက္ခူ, ဘိက္ခဝေါ |
| တ | ဘိက္ခုနာ | ဘိက္ခူဟိ, ဘိ, ဘိက္ခုဟိ, ဘိ |
| စ | ဘိက္ခုဿ, ဘိက္ခုနော | ဘိက္ခူနံ, ဘိက္ခုနံ |
| ဦ | ဘိက္ခုသ္မာ, မှာ, ဘိက္ခုနာ | ဘိက္ခူဟိ, ဘိ, ဘိက္ခုဟိ, ဘိ |
| ဆ | ဘိက္ခုဿ, ဘိက္ခုနော | ဘိက္ခူနံ, ဘိက္ခုနံ |
| သ | ဘိက္ခုသ္မိံ, ဘိက္ခုမှိ | ဘိက္ခူသု, ဘိက္ခုသု။ |

ဂိုဏ်းဝင်ပုဒ်

ပဋ္ဌု သာနု ဘာဏု ရာဟု, ကေတု ပင်္ဂု·စ္ဆု သိန္ဓု·ဓု၊
ဝေဠု ဝေဏု နေရု မေရု, ဂုရု·သု ဟေတု ဇန္တု စ။

စီရင်သောသုတ်

အကတရဿာ လတောပြု, ယွာလပန–ဿဝေါဝေ,
လတော ဝေါကာ–ရောမှာစ, ကာရ မလွှတ်ပေ၊
ဝေဝေါ သုလော စမသွေအောင်, သဒ္ဒအနေ အင်္ဂသွား၌,
မျက်စိထား၍ ရှုစားကြလေတုံ့, ကြွင်းသည့်ရုပ်တွက်ပုံ၊
ရှုမမှည့်နှင့် လမှည့်ကြံသည်, ရမိအကုန် စုံကြစေကွဲ့လေး။

ဦကာရန္တ သယမ္ဘူသဒ္ဒါ ရုပ်စဉ်ဟန်ကား…

| | | |
|---|---|---|
| ပ | သယမ္ဘူ | သယမ္ဘူ, သယမ္ဘုဝေါ |
| အာ | ဘော်သယမ္ဘူ | ဘောန္တော သယမ္ဘူ, သယမ္ဘုဝေါ |
| ဒု | သယမ္ဘုံ | သယမ္ဘူ, သယမ္ဘုဝေါ |
| တ | သယမ္ဘုနာ | သယမ္ဘူဟိ, သယမ္ဘူဘိ |

http://www.dhammadownload.com



| | | |
|---|---|---|
| စ | သယမ္ဘုသ္မာ, သယမ္ဘုနော | သယမ္ဘူနံ |
| မိ | သယမ္ဘုသ္မာ,မှာ, သယမ္ဘုနာ | သယမ္ဘူဟိ, သယမ္ဘူဘိ |
| ဆ | သယမ္ဘုဿ, သယမ္ဘုနော | သယမ္ဘူနံ |
| သ | သယမ္ဘုသ္မိံ, သယမ္ဘုမှိ | သယမ္ဘူသု။ |

အဘိဘူ ဝတ္တာဘူ သမ္ဘူ, ပဘူ ဝိဘူ ပရာဘိဘူ စသည့်တို့လည်း နည်းတူစဉ်လေ၊ သဗ္ဗညူ ဝေဒဂူ ဝိညူ စသည်တို့ကား ဝေါ ပြုရာ၌ နောပြု၊ သဟာဘူသဒ္ဒါကား ဝေါ နော နှစ်ပါးစုံ ပြု၍ ရုပ်စဉ်လေ။

## ဩကာရန္တ ဂေါသဒ္ဒါ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | ဂေါ | ဂါဝေါ, ဂဝေါ |
| အာ | ဟေဂေါ | ဘောန္တော ဂါဝေါ, ဂဝေါ |
| ဒု | ဂဝံ, ဂါဝံ, ဂါဝုံ | ဂါဝေါ, ဂဝေါ |
| တ | ဂါဝေန, ဂဝေန | ဂေါဟိ, ဂေါဘိ |
| စ | ဂါဝဿ, ဂဝဿ | ဂဝံ, ဂေါနံ, ဂုန္နံ |
| မိ | ဂါဝသ္မာ,မှာ,ဂါဝါ,ဂဝသ္မာ,မှာ,ဂဝါ | ဂေါဟိ, ဂေါဘိ |
| ဆ | ဂါဝဿ, ဂဝဿ | ဂဝံ, ဂေါနံ, ဂုန္နံ |
| သ | ဂါဝသ္မိံ,မှိ,ဂါဝေ,ဂဝသ္မိံ,မှိ,ဂဝေ | ဂါဝေသု,ဂဝေသု,ဂေါသု။ |

## စီရင်သောသုတ်

ဂသိလောပံ သေသတောနှင့် ယောသုစဟော-စ မက္ခာ,
အဝမှိလာ စ-ပါတွဲ, အာဝဿုလဲပါ၊
ဂါဝသေရှု သုဟိနာဝယ်, စ အတွက်မှာ ဂုန္နံပြုလို့,
တဘောနမ ပတိမှေ, စ-တွက် ဂဝံပေ၊
ဂေါဂိုဏ်းအတွက် နာမ်ရုပ်တွေမှာ, အတန်ရှုပ်ပွေ ခက်ခဲ
ပါသတဲ့လေး။

http://www.dhammadownload.com



## အာကာရန္တ အဓိပ္ပာယ်

[သာ–ခွေးသည်၊] ဤသာသဒ္ဒါကို သဒ္ဒါကျမ်းတို့၌ အမျိုးမျိုး ရုပ်စဉ်လျက် ရှိသော်လည်း မောဂ္ဂလ္လာန်,သဒ္ဒနီတိတို့ကို မှီး၍ ဤ၌ ရုပ်စဉ်ထား၏။ "ဟေသ"ကို အာကာရောဝါသုတ် ကြည့်၊ ယောဝိဘတ်နှင့် သာကို အယောရယသမေကဝစနယောသ္မပိစသုတ်ကြည့်၊ သာနောဠ် ဟိဝိဘတ္တိမှိ စ၌ စသဒ္ဒါဖြင့် သာ၏ အစိတ်–ါကို (ယုဝါနောကဲ့သို့) အာနပြု၍, တတောယောနမောတု၌ တုသဒ္ဒါဖြင့် ယောကို ဧပြုလော၊ သာနေ စသည်၌လည်း ထိုစသဒ္ဒါဖြင့် အာနပြု, ယောကို ဧပြု၍ စီရင်လေ၊ ပစ္စက္ခဓမ္မာ စသော အာကာရန္တပုဒ်များကို သမာသ် ဓနုမှာစသုတ်၌ ညွှန်ပြထားသည်။

## ဣကာရန္တ အဓိပ္ပာယ်

အဂ္ဂိ–မီး၊ အာဒိ–အစ၊ ဗျာဓိ–အနာ၊(မဟေသီ·သိ=မဟေသိ+ဣသိ) မဟေသိ–ဘုရားရှင်(မိဖုရားဟော မဟေသီကား နဒါဒိဂိုဏ်း)၊ ဣသိ–ရသေ့,ရဟန်း၊ သန္ဓိ–သရသန္ဓိ စသည်၊ (ပဋိသန္ဓေဟော သန္ဓိကား ဣတ္ထိလိင် ရတ္တာဒိဂိုဏ်း)၊ ဂဏ္ဌိ–အထုံးအဖွဲ့, ခက်ဆစ်အဓိပ္ပာယ်၊ မုနိ–ဘုရားရှင်၊ ကုစ္ဆိ–ဝမ်း၊ အသိ–သန်လျက်၊ ပါဏိ–လက်၊ အဟိ–မြွေ၊ ကိမိ–ပိုးလောက်၊ အရိ–ရန်သူ၊ ဉာတိ–ဆွေမျိုး၊(ဗလာ·တိထိ= ဗလိ+အတိထိ) ဗလိ–အခွန်အတုတ်၊ အတိထိ–ဧည့်သည်။

အဂ္ဂိနိရုပ်ကား အဂ္ဂိသဒ္ဒါ တစ်ခုနှင့်သာ ဆိုင်၏။ အာဒိ စသည်၌ ပဥ္စမာသိဖြင့် "အာဒိနိ"ဟု မရှိ, "အာဒိ၊ အာဒီ, အာဒယော"ဟုသာ စဉ်လေ၊ သ္မိံ ဝိဘတ်၌ "အာဒိတော ဩစ"သုတ်ဖြင့် သ္မိံကို ံ, ဧ ပြု၍ "အာဒိသ္မိံ, အာဒိမှိ, အာဒိံ, အာဒေါ"ဟု လေးရုပ် ရှိ၏။ ဗျာဓိ ဥသည်၌ကား "ဗျာဓိသ္မိံ, ဗျာဓိမှိ"ဟု နှစ်ရုပ်သာ ရှိသည်။

ဣသိ မုနိသဒ္ဒါတို့၌ အာလုပ်သိဖြင့် "ဣသေ, မုနေ"ဟု ထူးဆန်းသော ရုပ်များ ရှိသေး၏။ ဃတေစသုတ်၌ စသဒ္ဒါဖြင့် ဂသိကို ဧ–ပြု၍ ရုပ်တွက်ကြသည်၊ ကြွင်းရုပ်များ တွက်ပုံကိုလည်း ဆိုင်ရာသုတ်နက်ကိုသာ ကြည့်လေ။

http://www.dhammadownload.com



## ဉာကာရန္တ အစိပ္ပာယ်

ဒဏ္ဍီ–ဒုတ်ရှိသူ၊ ဟတ္ထီ–နှာမောင်းရှိသောဆင်၊ ဒါဌီ–အစွယ်ရှိသော မြွေ, ခြင်္သေ့, ကျင်စွယ်ရှိသူ၊ ဂဏီ–ဂိုဏ်းဆရာ၊ သံဃီ–သံဃဥက္ကဋ္ဌ၊ သာမီ–အရှင်သခင်၊ ဂါမီ–သွားလေ့ရှိသူ၊ ဂါမဏီ–ရွာသူကြီး, အကြီး အချုပ်၊ ယောဂီ–အားထုတ်ခြင်းရှိသူ၊ ရောဂီ–ရောဂါရှိသူ၊ သုခီ–သုခ ရှိသူ၊ ဒုက္ခီ–ဒုက္ခရှိသူ၊ စာရီ–ကျင့်လေ့ရှိသူ၊ စာဂီ–စွန့်ကြဲလေ့ရှိသူ၊ ကုသလီ–ကုသိုလ်ရှိသူ, ကျန်းမာသူ။

ဘောဒဏ္ဍီကို ဈလပါရသံသုတ် ကြည့်၊ ယောဖြင့် ဒဏ္ဍီကို ဝရူ ကဲ့သို့ တွက်၊ ဒဏ္ဍိနောကို ယောနံနောသုတ် ကြည့်၊ ဒဏ္ဍိံကို အံမော နိဂ္ဂဟီတံ ဈလပေဟိ ကြည့်၊ ဒဏ္ဍိနံကို နံဈတော ကတရဿာ ကြည့်၊ ဒဏ္ဍိနော၌ ဈလတော သဿနောဝါသုတ်ဖြင့် သဝိဘတ်ကို နောပြု၊ ဒဏ္ဍိနာ–သ္မာသက်, ဈလတောစဖြင့် သ္မာကို နာပြု၊ ဒဏ္ဍိနိကို သ္မိံ နိ သုတ်ကြည့်၊ ရုပ်ထူးရုပ်ဆန်းများ ရှိသေးသော်လည်း နောင်ခါ သိလိမ့်မည်၊ ဤကာရန္တ ဖြစ်၍ "ဒဏ္ဍီ"ဟု ရုပ်တည်ရပုံကို သတိပြု။

## ဥကာရန္တ အစိပ္ပာယ်

ဘိက္ခု–ရဟန်း၊ ပဋု–လိမ္မာသူ၊ သာနု–တောင်အပြင်၊ ဘာဏု– နေမင်း၊ ရာဟု–အသုရိန်၊ ကေတု–တံခွန်, မှန်ကင်း၊ ပင်္ဂု–ဆွံ့သောသူ၊ ဥစ္ဆု–ကြံ၊ (သိန္ဓိ·ဂု=သိန္ဓု+ဂ္ဂဂု) သိန္ဓု–သမုဒ္ဒရာ၊ ဂ္ဂဂု–မီးစာ၊ ဝေဠု, ဝေဏု–ဝါး၊ နေရု, မေရု–မြင့်မိုရ်တောင်၊ ဂုရု–ဆရာ၊ ဥသု–မြား၊ ဟေတု–အကြောင်း၊ ဇန္တု–သတ္တဝါ။

ဂုရုသဒ္ဒါဝယ် ယောဝိဘတ်ကို လတော ဝေါကာရောစ၌ ကာရ သဒ္ဒါဖြင့် နော ပြု၍ "ဂုရုနော" ရုပ်များ ပို၏၊ ဟေတုသဒ္ဒါဝယ် ယော ဝိဘတ်ဖြင့် "ဟေတုယော"ရုပ်များ ပို၏၊ ဇန္တုသဒ္ဒါ၌ကား ဇန္တုယော ဇန္တုနောရုပ်များ ပိုလွန်၏။

http://www.dhammadownload.com



ရုပ်တွက်ပုံမှာ ညွှန်ပြသော သုတ်များကိုလည်းကောင်း, အဂ္ဂိသဒ္ဒါ ရုပ်ပြီးပုံကိုလည်းကောင်း ကြည့်လေ၊ သို့သော် ဥဝဏ်ဖြစ်၍ ဈ မမှည့်ဘဲ, "လ" မှည့်ရမည်ကို သတိပြု၊ နောက်၌လည်း ပုလ္လိင် နပုလ္လိင် မှန်လျှင် ဣဝဏ်ကို ဈ, ဥဝဏ်ကို "လ" မှည့်ရသည်၊ ဣတ္ထိလိင် အရာ၌ကား "ဣဝဏ် ဥဝဏ် နှစ်မျိုးလုံးကိုပင် "ပ" မှည့်ရသည်"ဟု အမြဲ သတိပြုလေ။

## ဦကာရန္တ အဓိပ္ပာယ်

သယမ္ဘူ–အလိုအလျောက်(ဆရာမရှိဘဲ)ဖြစ်နိုင်သောဘုရား၊ အဘိဘူ–လွှမ်းမိုးနိုင်သူ၊ ဝတ္တဘူ–ဝတ္တအသုရာကို လွှမ်းမိုးနိုင်သောဗြဟ္မာ၊ သမ္ဘူ–ကောင်းစွာ ဖြစ်သူ၊ ပဘူ–အစိုးရသူ၊ ဝိဘူ–အထူးဖြစ်သည်၊ ပရာဘိဘူ–သူတစ်ပါးကို လွှမ်းမိုးနိုင်သူ၊ သဗ္ဗညူ–အလုံးစုံကို သိသူ၊ ဝေဒဂူ–မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ရောက်သူ၊ ဝိညူ–ပညာရှိ၊ သဟဘူ–တကွဖြစ်သည်။

ဤ ဦကာရန္တသဒ္ဒါတို့၌ ရုပ်တွက်ပုံ မခက်ပြီ၊ ဦကာရန္တဖြစ်၍ သယမ္ဘူဟု ဦကာ န္တဖြင့်ချည်း ရုပ်တည်ရမည်၊ ဈလပါ ရဿံ, အဃော ရဿ·မေကဝစနယောသွ·ပိ စ, လတော ဝေါကာရော စ စသော သုတ်တို့ဖြင့် စီရင်၊ ဒဏ္ဍီသဒ္ဒါရုပ်တွက်ပုံကို သတိပြု၊ အာလုပ်ယောဖြင့် သယမ္ဘုဝေါကိုလည်း အကတရဿ မဟုတ်, အဃောရဿသုတ်ဖြင့် ပြုပြင်ထားသော ရဿဖြစ်၍ "အကတရဿာ လတော ယွာလပနဿ ဝေဝေါ"သုတ်ဖြင့် ဝေါ မပြုဘဲ, လတော ဝေါ ကာရောစ သုတ်ဖြင့် ဝေါပြုရမည်ကိုလည်း သတိပြုလေ။

## ဩကာရန္တ အဓိပ္ပာယ်

ညွှန်ပြထားသော သုတ်များ၌ ရုပ်တွက်လျက် ပါသည်၊ ဤဂေါသဒ္ဒါ သည် နွားထီးသာမက, နွားမကိုလည်း အချို့ရုပ်များ ဟောနိုင်၏၊ သဝိဘတ်ဖြင့် "ဂဝံ"ရှိကြောင်းကိုလည်း မောဂ္ဂလ္လာန် ဆိုသေး၏။

ရတ္တာဒိဂိုဏ်းပုလ္လိင်ပြီး၏။

http://www.dhammadownload.com



**ကျက်မှတ်ရန်** နပုလ္လိင်၌ ဣ ဤ ဥ ဦ ဩ ကာရန်ငါးပါးတို့တွင် "အဋ္ဌိ သတ္တိ ဒဓ·က္ခု·စ္ဆိ၊ ဝါရိ သပ္ပိ နပုံသကာ"

ဟူကုန်သော ဣကာရန္တသဒ္ဒါတို့သည် ပုလ္လိင် အဂ္ဂိသဒ္ဒါနှင့် တူကုန်၏၊ အဂ္ဂယော၏ အရာ၌ ယောနံ့နိ နပုံသကေဟိသုတ်ဖြင့် ယောကို နိပြု၍ အဋ္ဌီနိ စသည်ဖြစ်ခြင်း၊ အဂ္ဂိသိနိသုတ်၏ အစီအရင်ဖြစ်သော အဂ္ဂိနိရုပ်မျိုး မရှိခြင်းသာ ထူးပြား၏။

သုခကာရီ သံဃယာယီစသော ဤကာရန္တသဒ္ဒါတို့လည်း ပုလ္လိင် ဒဏ္ဍီသဒ္ဒါနှင့် တူကုန်၏၊ န သိသ္မိံ·မနပုံသကာနိဟု ဆိုသောကြောင့် သိဝိဘတ်နှောင်းရာ၌ သုခကာရိ၊ သံဃယာယိ ဟု ရဿပြုခြင်း၊ ဒဏ္ဍီနောက်ဲ့သို့ ယောကို နောမပြုဘဲ၊ ယောနံ့နိ နပုံသကေဟိသုတ်ဖြင့် နိပြု၍ သုခကာရီနိ၊ သံဃယာယီနိ စသည် ဖြစ်ခြင်းသာ ထူးတော့၏။

အာယု စက္ခု ဝသု ဒါရု၊ မဓု·မ္ဗု တိပု ဟိင်္ဂု စ၊

သိင်္ဂု မတ္ထု ဝတ္ထု ဇတု၊ သာလ္ဓ·သု ဖလု ဗိန္ဒု စ–

အစရှိသော ဥကာရန္တသဒ္ဒါတို့လည်း အဋ္ဌိနှင့် တူကုန်၏၊ အာယုသဒ္ဒါ၌ နာဝိဘတ်ဖြင့်"အာယုသာ"ဟု တစ်ပုဒ်သာ မနောဂိုဏ်းအစီအရင် ဝင်၍ ထူး၏။

ဂေါတြဘူ **ဓမ္မညူ** စသော ဦကာန္တ သဒ္ဒါစုတို့လည်း သုခကာရီသဒ္ဒါနှင့် တူကုန်၏၊ "စိတ္တဂေါ"ဟု သမာသ်ပြီးစက ဩကာရန္တဖြစ်သော သဒ္ဒါသည် သရော ရဿော နပုံသကေ သုတ်က နပုလ္လိင်အရာ၌ ဩကို ဥပြုသောကြောင့် နာမ်အတွင်း၌ "စိတ္တဂု"ဟု ဥကာရန္တအတိုင်း ဖြစ်၏။

ဘာဘဘဘဘ

http://www.dhammadownload.com



## ကြည့်ရှုရန်သာ

ဏ္ဍကာရန္တ။ ။အဋ္ဌိ–အရိုး၊ သတ္တိ–ပေါင်၊ ဒဓိ–နို့ဓမ်း၊ အက္ခိ, အစ္ဆိ–မျက်လုံး၊ ဝါရိ–ရေ၊ သပ္ပိ–ထောပတ်၊ နပုံသကာ–ဣကာရန္တ နပုလ္လိင်သဒ္ဒါစုတို့တည်း။

"ဘောအဋ္ဌိ၊ ဘဝန္တာနိ အဋ္ဌိ, အဋ္ဌီနိ၊ အဋ္ဌိ၊ အဋ္ဌိ, အဋ္ဌီနိ၊ အဋ္ဌိ၊ အဋ္ဌိ, အဋ္ဌီနိ၊ အဋ္ဌိနာ၊ အဋ္ဌိဟိ, အဋ္ဌိဘိ, အဋ္ဌိဟိ, အဋ္ဌိဘိ" စသည်ဖြင့် အဂ္ဂိအတိုင်း ရုပ်စဉ်လေ။

## ဤကာရန္တ အစိပ္ပာယ်

ဤကာရန္တ၌ "သုခကာရီ–ချမ်းသာကို ပြုလေ့ရှိသော ဒါန၊ သီဃယာယိ–လျင်မြန်စွာ သွားလေ့ရှိသော စိတ်"ဟု အနက်ဆို၊ "ဘောသုခကာရိ၊ ဘဝန္တာနိ သုခကာရီ, သုခကာရီနိ၊ သုခကာရိ၊ သုခကာရီ, သုခကာရီနိ၊ သုခကာရိနံ, သုခကာရီ၊ သုခကာရီ, သုခကာရီနိ၊ သုခကာရိနာ" စသည်ဖြင့် ဒဏ္ဍီအတိုင်း ရုပ်စဉ်လေ။

သိဝိဘတ်ဖြင့် သုခကာရိကို "သုခကာရီ"ဟု (ဤကာရန္တ ဖြစ်သည့်အတိုင်း ဤကာရန္တဖြင့်) တည်၊ သိသက်, (န သိသ္မိမ နပုံသကာနိသုတ်ဖြင့် နပုလ္လိင် မဟုတ်လျှင် သိနောင်းရာ၌ ဦ ကို ဦ ရဿ မပြုရ, နပုလ္လိင်ဖြစ်လျှင် ရဿပြုတော့ဟု ဆိုသောကြောင့်) အဃော ရဿ·မေကာဝစနယောသွ·ပိ စ သုတ်ဖြင့် သိနောင်းရာ၌ ဦ ကို ဦ ရဿပြု, သေသတော လောပံ ဂ သိ·ပိသုတ်ဖြင့် သိချေ, ပြီး၏၊ ဥကာရန္တ နပုလ္လိင်၌လည်း ဤနည်းအတိုင်း မှတ်လေ။

ပုလ္လိင် ဤကာရန္တသဒ္ဒါစုသည်ပင် အနက်က "စိတ္တံ ဒါနံ သီလံ ကုလံ"သဒ္ဒါတို့၏ အနက်မျိုးကို ဟောတဲ့အခါ နပုလ္လိင်သဒ္ဒါ အဖြစ်သို့

http://www.dhammadownload.com



ကူးပြောင်းရလေသည်၊ ဥပမာ–ဒဏ္ဍီသဒ္ဒါသည် "တုတ်ရှိသောယောက်ျား" ဟု ပုလ္လိင်အနက်ကို ဟောခိုက်၌ ပုလ္လိင်သဒ္ဒါတည်း၊ "တုတ်ရှိသော အမျိုး"ဟု နပုလ္လိင်အနက်ကို ဟောလျှင် နပုလ္လိင်သဒ္ဒါ အဖြစ်သို့ ကူးပြောင်း၍ "ဘောဒဏ္ဍိ၊ ဘဝန္တာနိ ဒဏ္ဍီ, ဒဏ္ဍီနိ" စသည်ဖြင့် ရုပ်စဉ်ရလိမ့်မည်။

ဤ နပုလ္လိင် သုခကာရီသဒ္ဒါသည်လည်း "ချမ်းသာကို ပြုလေ့ရှိသော ယောက်ျား"ဟု ပုလ္လိင်အနက်ကို ဟောလျှင် ပုလ္လိင်သဒ္ဒါပင် ဖြစ်၍ "ဘောသုခကာရီ၊ ဘောန္တော သုခကာရီ, သုခကာရိနော" စသည်ဖြင့် ပုလ္လိင် ရုပ်စဉ်ရမည်၊ "သီဃယာယီ–လျင်မြန်စွာ သွားလေ့ရှိသော ယောက်ျား"ဟု ပုလ္လိင်အနက်ကို ဆိုရာ၌ ပုလ္လိင် ရုပ်စဉ်ရမည်ကိုလည်း သိလေ၊ ဤအဓိပ္ပာယ်သွားတို့သည် နောင်ခါ ထင်ရှားကုန်လတ္တံ့။

## ဥကာရန္တ အဓိပ္ပာယ်

အာယု–အသက်၊ စက္ခု–မျက်စိ၊ ဝသု–ရတနာ (ရွှေ ငွေ စသည်)၊ ဒါရု–သစ်သား၊ မဓု–ပျားရည်၊ အမ္ဗု–ရေ၊ တိပု–သလွဲမည်း (ခဲပုပ်)၊ ဟိင်္ဂု–ရှိန်းခို၊ သိင်္ဂု(သိဂ္ဂုလည်း ရှိ၏)–ချင်း (ချင်းမိဿလင်၌ ချင်း)၊ မတ္ထု–ရက်တက်၊ ဝတ္ထု–တည်နေရာ၊ ဇတု–ချိပ်၊ သာလု–ကြာစွယ်၊ အဿု–မျက်ရည်၊ ဖလု–အဆစ်၊ ဝိန္ဒု–အပြောက်လုံး။

"ဘောအာယု၊ ဘဝန္တာနိ အာယူ, အာယူနိ၊ အာယု၊ အာယူ, အာယူနိ၊ အယုံ၊ အာယူ, အာယူနိ၊ အာယုနာ, အာယုသာ၊ အာယူဟိ, ဘိ, အာယုဟိ, ဘိ" စသည်ဖြင့် စဉ်လေ၊ စက္ခု စသည်၌ "စက္ခုသာ" ဟူ၍ မထည့်ရ, "စက္ခုနာ–စက္ခူဟိ"စသည်ဖြင့် စဉ်လေ၊ အာယုသဒ္ဒါ ကား "ပုနရာယု စ မေ လဒ္ဓေါ–သက္ကပဥ္စသုတ်၌) ပုလ္လိင်လည်း ရှိ၏၊ သို့အတွက် ပုလ္လိင်ဆိုလျှင် ဘိက္ခုသဒ္ဒါလို ရုပ်စဉ်ရမည်။

http://www.dhammadownload.com



## ဥက္ကာရန္တ အစိပ္ပာယ်

ဂေါ်တြဘု–ဂေါ်တြဘုစိတ်၊ ဓမ္မညု–တရားကို သိသောဉာဏ်၊ ဤသို့ အနက်က "စိတ္တ–ဉာဏ"ဟူသော နပုလ္လိင်သဒ္ဒါ၏ အနက်ကို ဟောသောအရာ၌ အဘိဘူ, ဝတ္တဘူ စသော ပုလ္လိင် ဥကာရန္တတို့ သည် နပုလ္လိင်အဖြစ်သို့ ပြောင်းလွဲကုန်၏၊ "ဘောဂေါ်တြဘု, ဘဝန္တာနိ ဂေါ်တြဘူ, ဂေါ်တြဘူနိ" စသည်ဖြင့် သုခကာရီအတိုင်း ရုပ်စဉ်၍ တွက်လေ။

## ဩကာရန္တ အစိပ္ပာယ်

စိတ္တဂု–ဆန်းကြယ်သော နွားရှိသော အမျိုး, (နွားကြောင် နွားကျား ရှိသော အမျိုး)၊ ဤ"စိတ္တဂု"ကို ရူပသိဒ္ဓိက ဩကာရန္တဟု ဆိုထား သောကြောင့် ဩကာရန္တအဖြစ်မှာ သုံးစွဲရသည်၊ စင်စစ်မှာ နာမ်အတွင်း ရောက်သည့်အခါ ဥကာရန္တ ဖြစ်နေပြီ ဖြစ်သောကြောင့် ဥကာရန္တဟု ပင် ဆိုသင့်၏၊ သမာသ်တုန်းက စိတ္တဂေါ, နာမ်ဖြစ်တဲ့အခါ စိတ္တဂု ဖြစ်ပုံကို သမာသ်ခန်းမှ နားလည်ရလတ္တံ့၊ ဤ၌ကား စိတ္တဂု တည်၍ ဥကာရန္တ အနေအားဖြင့် ရုပ်တွက်ရမည်၊ "ဘောစိတ္တဂု, ဘဝန္တာနိ စိတ္တဂူ, စိတ္တဂူနိ" စသည်ဖြင့် ဥကာရန္တအတိုင်း ရုပ်စဉ်။

နပုလ္လိင်ပြီး၏။

ရတ္တာဒိဂိုဏ်းပြီး၏။

http://www.dhammadownload.com



## ၁၁။ နဒါဒိဂိုဏ်း (ကတ္တိလိင်)

နဒါ·ဒိတော ဝါ ဤ, ဏာဝ ဏိက ဏေယျ ဏာ န္တု ဟိ သုတ်တို့ဖြင့် ဤပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် နဒါဒိဂိုဏ်း မည်၏။ ဤနဒါဒိဂိုဏ်းသည် ကတ္တိလိင်သာတည်း။ ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | နဒီ | နဒီ, နဒိယော, နဇ္ဇော |
| အာ | ဘောတိ နဒိ | ဘောတိယော နဒီ,နဒိယော,နဇ္ဇော |
| ဒု | နဒိံ, နဒိယံ | နဒီ,နဒိယော,နဇ္ဇော |
| တ | နဒိယာ, နဇ္ဇာ | နဒီဟိ, နဒီဘိ |
| စ | နဒိယာ, နဇ္ဇာ | နဒီနံ |
| ပ‌ဉ္စ | နဒိယာ, နဇ္ဇာ | နဒီဟိ, နဒီဘိ |
| ဆ | နဒိယာ, နဇ္ဇာ | နဒီနံ |
| သ | နဒိယာ,နဒိယံ,နဇ္ဇံ | နဒီသု။ |

### ဂိုဏ်းဝင်ပုဒ်

ကတ္တိ နာရီ ကုမာရီ စ, တရုဏီ ဗြာဟ္မဏီ သခီ၊
မာတုလာနီ သိရီ ဘောတီ, ဂစ္ဆန္တီ ဂစ္ဆတီ ဂုဏ-
ဝန္တီ ဂုဏဝတီ ဂါဝီ, ဒါသီ ပုထဝီ ပထဝီ။

ဤပုဒ်များ၌ နဇ္ဇော နဇ္ဇာ နဇ္ဇံတို့လို ရုပ်များကို ကြဉ်ထား၍ နည်းတူ။

### ကြည့်ရှုရန်သာ

နဒီ-မြစ်, ကတ္တိ, နာရီ-မိန်းမ၊ ကုမာရီ, တရုဏီ-အပျို၊ ဗြာဟ္မဏီ-ပုဏ္ဏေးမ၊ သခီ-မိတ်ဆွေမ၊ မာတုလာနီ-အဒေါ်၊ သိရီ-ကျက်သရေ၊ ဘောတီ-အရှင်မ၊ ဂစ္ဆန္တီ, ဂစ္ဆတီ-ခရီးသွားသောမိန်းမ၊

http://www.dhammadownload.com



("ဂစ္ဆတိ–သွား၏"ဟူသော အာချာတ်ပုဒ်နှင့် မတူ)၊ ဂုဏာဝန္တ်, ဂုဏဝတီ–ဂုဏ်ရှိသောမိန်းမ၊ (ဂုဏဝါဒိဂိုဏ်း, ဂစ္ဆန္တာဒိဂိုဏ်းသဒ္ဒါစု အပေါ်မှာ နဒါဒိတော်ဝါကျသုတ်ဖြင့် ဤပစ္စည်းဆင့်ကာ ဤ နဒါဒိဂိုဏ်းဝင်ပုဒ်များ ဖြစ်ရလေသည်၊) ဂါဝီ–နွားမ၊ ဒါသီ–ကျွန်မ၊ ပုထဝီ, ပထဝီ–မြေ။

ဤသဒ္ဒါစုတို့၌ ဧွော ဗွာ ဖွံ့ အပြု မရှိရကား "ကတ္တီ၊ ကတ္တီ, ကတ္တိယော၊ ဘောတိ ကတ္တိ၊ ဘောတိယော ကတ္တီ, ကတ္တိယော၊ ကတ္တိံ, ကတ္တိယံ၊ ကတ္တီ, ကတ္တိယော၊ ကတ္တိယာ၊ ကတ္တီဟိ" စသည် ဖြင့် ရုပ်စဉ်လေ။

**အချို့ရုပ်များ တွက်ရပုံ။** ။ပဌမာသိဖြင့် နဒီ ရုပ်တွက်ရပုံကို နဒါဒိတော်ဝါကျသုတ်ကို ပြန်ကြည့်၊ အာလုပ်သိဖြင့် နဒီကိုကား "နဒီ"ဟု ဖြစ်သည့်အခါ နာမ်ငဲ့, အာလုပ်သိသက်, ဳကို "ပ"မှည့်၊ ဈလပါရဿံသုတ်ဖြင့် ဳကို ိရဿ ပြု, ဂသိကို ချေ၊ နောက် ရုပ်များ၌လည်း ဳပစ္စည်းသက်၍ နာမ်ငဲ့ရမည်ကို သတိပြု၊ လွယ်ကူ အောင် ဳပစ္စည်းသက်ပြီး, နာမ်ငဲ့ပြီး အနေအားဖြင့် ရုပ်တွက်ပြအံ့။

နဧွောကို နဒီတည်, ယောသက်, တတော ယောနမောတုသုတ်၌ တုသဒ္ဒါဖြင့် ယောကို ဧပြု၊ ဒ်ခွင်း, ဳကို "ပ"မှည့်, ပသညာဿစ သုတ်ဖြင့် ပအမည်ရှိသော ဳကို ယပင့်ပြု, (နဒ္ယ ဧ) ယဝတံ တလနဒကာရာနံ ဗျဉ္ဇနာနိ စလဉ ဇကာရတ္တံသုတ်ဖြင့် ဒ်ျကို ဇ်ပြု, ဇ်ကို ဧသို့ ကပ်, ပရဒွေဘာဝေါ ဌာနေသုတ်ဖြင့် သဒိသဒွေဘော် ဇ်လာ, နဇ္ဇော ပြီး၏။

နာဝိဘတ် သဝိဘတ်ဖြင့် နဇ္ဇာဝယ် အမာပတော သ္မိံသ္မာနံဝါ သုတ်၌ "အာပတော"ဟူသော ယောဂဝိဘာဂဖြင့် နာ သကို ါပြု, သ္မာဝိဘတ်၌ကား အမာပတော သ္မိံသ္မာနံဝါသုတ်ဖြင့် ါပြု, နဇ္ဇံ၌ သ္မိံကို ံပြု၊ ကြွင်းသော အစီအရင်မှာ နဧွောအတိုင်းသာတည်း၊ [ကစ္စည်းဝုတ္တိ၌ကား တစ်မျိုးစီရင်လေ၏၊ ဤမှာ ရူပသိဒ္ဓိအတိုင်း စီရင်သည်၊] အံဝိဘတ်ဖြင့် နဒိယံကို အံယမီတော ပသညာတော သုတ်ဖြင့် စီရင်။

http://www.dhammadownload.com



ကြ္တွီစသည်၌ ကြ္တွ စသည်တည်၍ ိပစ္စည်း သက်ရမည်ကို သတိပြု၊ မာတုလာနီ ရုပ်တွက်ပုံကို မာတုလာဒီန·မာနတ္တမိကာရေသုတ် ပြန်ကြည့်၊ ဘောတီ ရုပ်တွက်ပုံကို ဘဝတော ဘောတောသုတ် ပြန်ကြည့်။

ဂစ္ဆတိကို ဂစ္ဆန္တ တည်၊ ိပစ္စည်းသက်, သေသေသုန္တျဝသုတ်ဖြင့် န္တကို န္တုကဲ့သို့ စီရင်လေဟု ညွှန်ပြသောကြောင့် န္တုသတမိကာရေသုတ်ဖြင့် န္တကို တပြု, တ်ကွင်း, ချေ, ိသို့ ကပ်, (ဂစ္ဆတီ) နာမ်ငဲ့, သိသက်, ချေ, ပြီး၏၊ [သေသေသုန္တျဝသုတ်က ဝိဘတ် ပစ္စည်း နောင်းရာဝယ် န္တကို န္တုကဲ့သို့ ငဲ့ရာ၌ ပစ္စည်းအရ ယခုိပစ္စည်း တစ်မျိုးသာ ထင်ရှားသည်၊] ဂုဏဝတီရုပ်တွက်ပုံကို န္တုသတမိကာရေသုတ် ပြန်ကြည့်၊ ဂါဝီ ပုထဝီ ရုပ်များကို နဒါဒိတောဝါ ဤသုတ် ပြန်ကြည့်၊ ပထဝီ၌ကား ပုထဝီ အပြီးတွင် ပု၏ အစိတ် ု ကို တေသုဝုဒ္ဓိသုတ်ကြီးဖြင့် ၊ ပြုလေ။

ဤနှစ်ရုပ်၌ နာ သ သွာတို့ကို အမာပတောသ္မိံသ္မာနံဝါသုတ်ရင်း အာပတော ယောဂဝိဘာဂတို့ဖြင့် ာ ပြု, သ္မိံကို ံ ပြု, ပသညသဿ ဖြင့် ိ ကို (ယ်)ပြု, ဒေါသဿစသုတ်၌ စသဒ္ဒါဖြင့် ဝ်ကို ဗ်ပြု၍, ပုထဗျာ, ပုထဗျံ, ပထဗျံ ရုပ်များ ပိုလွန်၏ဟု အဆိုရှိလေသည်။

ပုထဝီ၊ ပုထဝီ, ပုထဝိယော၊ ဘောတိ ပုထဝိ၊ ဘောတိယော ပုထဝီ, ပုထဝိယော၊ ပုထဝိံ, ပုထဝိယံ၊ ပုထဝီ, ပုထဝိယော၊ ပုထဝိယာ, ပုထဗျာ၊ ပုထဝီဟိ, ပုထဝီဘိ၊ ပုထဝိယာ, ပုထဗျာ၊ ပုထဝီနံ၊ ပုထဝိယာ, ပုထဗျာ၊ ပုထဝီဟိ, ဘိ၊ ပုထဝိယာ, ပုထဗျာ၊ ပုထဝီနံ၊ ပုထဝိယာ, ပုထဝိယံ, ပုထဗျံ၊ ပုထဝီသု။

ဒါသီ, ဗြာဟ္မဏီပုဒ်တို့၌လည်း "ဒါသျာ, ဒါသျံ, ဗြာဟ္မညာ, ဗြာဟ္မညံ"ဟု ရှိသည်သာ၊ ဂါထာအရာမှာ ထိုကဲ့သို့ ရုပ်မျိုးကို ကြ္တွိလိင် ကြကာရန္တ ဤကာရန္တ မှန်သမျှ၌ များစွာ တွေ့နိုင်ကြ၏။

**နဒါဒိဂိုဏ်းပြီး၏။**

http://www.dhammadownload.com



ကျက်မှတ်ရန် ပတိ ဘိက္ခုရာဇီ·ကာရန္တေဟိ ဣနီသုတ်ဖြင့် ဣနီပစ္စည်း သက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် ဂဟာပတာဒိဂိုဏ်း မည်၏။ ဤ ဂဟာပတာဒိဂိုဏ်းသည် ဣတ္ထိလိင်သာတည်း။ ရုပ်စဉ်ဟန်ကား...

| | |
|---|---|
| ပ ဂဟပတာနီ | ဂဟပတာနီ, ဂဟပတာနိယော |
| အာ ဘောတိ ဂဟပတာနိ | ဘောတိယော ဂဟပတာနီ, ဂဟပတာနိယော |
| ဒု ဂဟပတာနိံ,ဂဟပတာနိယံ | ဂဟပတာနီ,ဂဟပတာနိယော |

ဤသို့ စသည်ဖြင့် ဣတ္ထီသဒ္ဒါနှင့် အတူ စဉ်ရာ၏။

**ဂိုဏ်းဝင်ပုဒ်များ**

ဘိက္ခုနီ ရာဇိနီ စေဝ, ဒဏ္ဍိနီ စ ပေါက္ခရဏီ၊
ယက္ခိနီ စ ပရစိတ္တ-ဝိဒူနီ ဂဟပတာဒယော။

**ကြည့်ရှုရန်သာ**

ဘိက္ခုနီ-ရဟန်းမ၊ ရာဇိနီ-မိဖုရား(မင်းကတော်)၊ ဒဏ္ဍိနီ-တုတ်ရှိသော မိန်းမ၊ ပေါက္ခရဏီ-ရေကန်၊ ယက္ခိနီ-ဘီလူးမ၊ ပရစိတ္တဝိဒူနီ-သူတစ်ပါးစိတ်ကို သိနိုင်သော မိန်းမ၊ ဂဟပတာဒယော-ဂဟပတာဒိဂိုဏ်းဝင် သဒ္ဒါတို့တည်း။

ပေါက္ခရဏီမှ တစ်ပါးသော ရုပ်များ၏ ရုပ်စဉ်ပုံမှာ ဂဟပတာနီသဒ္ဒါအတိုင်း ဣတ္ထီရုပ်စဉ်ပုံကို နည်းမှီ၍ စဉ်ရာ၏၊ ဂဟပတာနီစသည် ဖြစ်အောင် ရုပ်တွက်ပုံကို "ပတိဘိက္ခုရာဇီ ကာရန္တေဟိ ဣနီ"သုတ်ကို ပြန်ကြည့်လေ၊ နာမ်ငဲ့ပြီးနောက် ဆိုင်ရာဝိဘတ် သက်၍ ရုပ်တွက်ပုံမှာ နဒီအတိုင်းသာတည်း။

http://www.dhammadownload.com



ပေါက္ခရဏီသဒ္ဒါ၏ အရင်းအစမှာ ဒဏ္ဍီကဲ့သို့ ဤကာရန္တပင် ဖြစ်၏၊ ပေါက္ခရသဒ္ဒါသည် ကြာဟူသောအနက်, ရေဟူသောအနက်ကို ဟော၏၊ တုတ်ရှိသူကို "ဒဏ္ဍီ"ဟု ခေါ်သကဲ့သို့ ရေ, ကြာရှိသော ကန်ကိုလည်း ပေါက္ခရီဟု ခေါ်၏၊ ပေါက္ခရီသဒ္ဒါနောင် ဏ္ဍနီပစ္စည်းသက် (ပေါက္ခရီဏ္ဍနီ) ရအက္ခရာနောက်၌ ထည်သော နကို သဏ္ဍတကျမ်းတို့၌ ဏပြန်လေ့ရှိ၏၊ ကစ္စည်းကျမ်း၌လည်း "ရဟာဒိတော ဏော"ဟု သုတ်တည်၏၊ ထို့ကြောင့် "တေသုဝုဒ္ဓိလောပါ·ဂမ"စသော သုတ်ကြီးဖြင့် ဏ္ဍကို အ, နကို ဏပြု၍ (ပေါက္ခရိ ၊ ဏီဟု အဖြစ်မှာ) ရိခွင်း,ဳချေ, ရ်ကို ၊သို့ ကပ်, ပေါက္ခရဏီ ဖြစ်၏၊ ထို့နောက် နာမ်င့်, ဆိုင်ရာ ဝိဘတ်သက်၍ ရုပ်ပြီးသည်။ [အချို့ ရူပသိဒ္ဓိစာအုပ်၌ ဤ ပေါက္ခရဏီ ရုပ်စီရင်ပုံမှာ ပါ၌ပျက်လျက် ရှိ၏။]

ရုပ်စဉ်ရာ၌ ယောဝိဘတ်ဖြင့် ပေါက္ခရညော, နာ သ သ္မာဖြင့် ပေါက္ခရညာ, သ္မိံ ဖြင့် ပေါက္ခရညံဟု ရုပ်ပို ရှိ၏၊ ပေါက္ခရဏီ ဖြစ်ပြီး နောက် နာမ်င့် ယောသက် တတောယောနမောတု၌ တုသဒ္ဒါဖြင့် ယောကို ောပြု, ဳကို ပမှည့်, ပဿညဿစဖြင့် ပအမည်ရှိသော ဳကို ယ်ပြု, (ပေါက္ခရဏျော) ယဝတံတလန စသော သုတ်၌ ကာရသဒ္ဒါဖြင့် ဏျကို ဉ ပြု, ဉ ကို ောသို့ ကပ်, ပရဒွေဘာဝေါ သုတ်ဖြင့် သဒိသ ဒွေဘော် ဉလာ, ပေါက္ခရညော ပြီး၏၊ ပေါက္ခရညာ၌ နာ သဝိဘတ် တို့ကို အမာပတော သ္မိံသ္မာနံဝါသုတ်၌ အာပတော ယောဂဝိဘာဂဖြင့် ာပြု, သ္မာဝိဘတ်ကား သုတ်ရင်းဖြင့် ာပြု, ပေါက္ခရညံ၌ သ္မိံဝိဘတ်ကို အံပြုရုံသာ ထူးသည်၊ ရုပ်စဉ်ဟန်ကား...

အာလုပ်စသည်၌ "ဘောတိ ပေါက္ခရဏိ၊ ဘောတိယော ပေါက္ခရဏီ, ပေါက္ခရဏိယော, ပေါက္ခရညော ... တတိယာ၌ ပေါက္ခရဏီယာ, ပေါက္ခရညာ၊ ပေါက္ခရဏီဟိ, ပေါက္ခရဏီဘိ၊ သတ္တမီ၌ ပေါက္ခရဏီယာ, ပေါက္ခရဏီယံ, ပေါက္ခရညံ၊ ပေါက္ခရဏီသု"ဟု စဉ်လေ။

**ဂဟာပတာဒိဂိုဏ်းပြီး၏။**

http://www.dhammadownload.com



## ဣတ္ထိပစ္စည်းတို့ သက်ရာဌာန

**ကျေက်မှတ်ရန်**　အာ ဤ ဣနီ, ဣတ္ထိပစ္စယ, သက်ရာပြပိမ့်၊
ဖို–မ ဟောရာ, ဤသဉ္ဇ သက်မြဲ, ဣနီ နဲ၏။
ပစ္စဲ ဏဝ, ဏိက ဏေယျာ, ဏာဒိ န္တု–န္တု, ဆိုးမူ ဤသာ၊
အကာရန္တော, ဂုဏ်ဟောနောက်မှာ, အာ–သာ သက်မှီ၊ ဣ
ဤ ဥ ဉူ, ဆိုးမူ ဣနီ၊ ကျမ်းနှင့်ညီသည့်, ဣတ္ထိပစ္စည်း
အချုပ်တည်း။

### ကြည့်ရှုရန်သာ

**အာ ဤ ဣနီ, ဣတ္ထိပစ္စယ**–ဣတ္ထိလိင် ဖြစ်ကြောင်းကို ထွန်းပြသော ပစ္စည်းတို့၏ သက်ရာဌာနဖြစ်သော ပုဒ်များကို ခွဲခြားပြဦးမည်။

**ဖို.မဟောရာ, ဤသာသက်မြဲ, ဣနီနဲ၏**–ပုဒ်တစ်ခုတည်းက အဖို (အထီး)ကိုလည်း ဟော, အမကိုလည်း ဟောအံ့၊ ထိုအထီး အမ နှစ်မျိုးလုံးကို ဟောနိုင်သော ပုဒ်၌ အမကို ဟောလိုသည့်အခါ ဣတ္ထိလိင်မှန်း ထင်ရှားစေဖို့ရာ "ဤ"ပစ္စည်းသာ သက်ရမြဲ ဖြစ်၏၊ သို့သော် ဣနီပစ္စည်းလည်း နည်းနည်းပါးပါး သက်နိုင်သေးသည်၊ ပုံစံကား–သုနခီ, သူကရီ မက္ကဋီ ယက္ခီ ယက္ခိနီ စသည်တည်း၊ ဤပုံစံတို့၌ သုနခ(ခွေးထီး, ခွေးမ)၊ သူကရ(ဝက်ထီး, ဝက်မ)၊ မက္ကဋ (မျောက်ထီး, မျောက်မ)၊ ယက္ခ(ဘီလူးထီး, အမ) ဤကဲ့သို့ သုနခ စသော ပုဒ်တစ်ခုတည်းကပင် အထီး အမ နှစ်မျိုးလုံးကို ဟောနိုင်၏၊ "ဤ"ပစ္စည်းကား အမကို မဟောနိုင်၊ သုနခ စသည်တို့က အမကို ဟောတဲ့အခါ "အမဟောဖြစ်ကြောင်း ထင်ရှားဖို့ရာ" "ဤ"ပစ္စည်း သက်ရလေသည်၊ ဤသို့ အဖို အမ နှစ်မျိုးကို ဟောပြနိုင်သော ပုဒ်များ၌ "ဤ"ပစ္စည်းသာ အသက်များ၏၊ ယက္ခပုဒ်များ၌ ယက္ခိနီဟု ဣနီပစ္စည်း နည်းနည်းပါးပါးသာ သက်သည်။

http://www.dhammadownload.com



**ပစ္စဲဏာဝ, ဏိက ဏောယျာ, ဏာဒိ န္တ န္တု, ဆုံးမှုဤသာ–** "ဏာဝ ဏိက ဏေယျ ဏာန္တုဟိ"သုတ်နှင့်အညီ, ဏာဝပစ္စည်း ဆုံးရာ၌ မာနဝီ(လုလင်ပျိုမ), ဏိကပစ္စည်း ဆုံးရာ၌ နာဝိကီ(လှေသူကြီးကတော်), ဏေယျပစ္စည်း ဆုံးရာ၌ ဝေနတေယျီ(ဂဠုန်မ၏သမီး), ဏာပစ္စည်း ဆုံးရာ၌ ဂေါတမီ(မိဖုရား), န္တုပစ္စည်း ဆုံးရာ၌ ဂစ္ဆန္တီ(သွားသောမိန်းမ), န္တုပစ္စည်း ဆုံးရာ၌ ဂုဏဝန္တီ(ဂုဏ်ရှိသောမိန်းမ), ဤသို့ ဏာဝ စသော ပစ္စည်းဆုံးရာ၌ ဤပစ္စည်းသာ များစွာ သက်သည်။

**အကာရန္တော, ဂုဏ်ပဟောနောက်မှာ, အာသာ သက်မှီ–**ပုဒ် တစ်ပါးကို အထူးပြုသော ဝိသေသနကို "ဂုဏ်"ဟု ခေါ်၏၊ ဝိသေသန ပုဒ်သည် အဘိရူပ, နီလ, သောဘနတို့ကဲ့သို့ အကာရန္တ(အ အဆုံး ရှိသည်)ဖြစ်အံ့၊ ထိုအကာရန္တ ဝိသေသနပုဒ်နောင် အာပစ္စည်းသာ သက်၏၊ ပုံစံကား–အဘိရူပါ ကညာ၌ အဘိရူပါ, နီလာ မာလာ၌ နီလာ, သောဘနာ ဝဓူ၌ သောဘနာစသည်တည်း၊ အဘိရူပါသည် ကညာကို အထူးပြုသော ဝိသေသနဂုဏ်ပုဒ်တည်း၊ "အလွန်အဆင်း လှသော+သတို့သမီး"ဟူလို၊ နီလာပုဒ်သည် မာလာ၏ ဝိသေသနတည်း၊ "ညိုသော+ပန်း"ဟူလို၊ သောဘနာသည် ဝဓူ၏ ဝိသေသနတည်း၊ "တင့်တယ်သော+ချွေးမ"ဟူလို။

**ဣ ဤ ဥ ဦ, ဆုံးမူ ဣနီ–**ပတိဘိက္ခုရာဇီ ကာရန္တေဟိ ဣနီ သုတ်နှင့်အညီ, ဂဟပတိကဲ့သို့ ဣ, ဒဏ္ဍီကဲ့သို့ ဤ, ဘိက္ခုကဲ့သို့ ဥ, ပရစိတ္တဝိဒူကဲ့သို့ ဦ အဆုံးရှိသော ပုဒ်များနောင် (ကြုတ္တိလိင်ကို ဟောလိုလျှင်) ဣနီပစ္စည်း သက်၊ ပုံစံကား–ဂဟပတာနီ ဘိက္ခုနီ ဒဏ္ဍိနီ (ပေါက္ခရဏီ) ပရစိတ္တဝိဒူနီ စသည်တည်း၊ ဤကား ကြုတ္တိ ပစ္စည်းတို့၏ သက်ရာ ဌာနကို ကျမ်းဂန်လာ သုတ်များနှင့် အညီ အချုပ်အားဖြင့် သတ်မှတ်ပြခြင်းပေတည်း။

**ကြုတ္တိပစ္စယ အချုပ်ပြချက် ပြီး၏။**

http://www.dhammadownload.com



## ၁၃။ သဗ္ဗနာမ်ဂိုဏ်း

**ကျက်မှတ်ရန်** သဗ္ဗနာမ် အမည်ရသော ပုဒ်တို့သည် သဗ္ဗ, ကတရ, ကတမ, ဣတရ, အည, အညတရ, အညတမ, ပုဗ္ဗ, ပရ, အပရ, ဒက္ခိဏ, ဥတ္တရ, အဓရ, ယ, တ, ဧတ, ဣမ, အမု, ကိံ, ဧက, ဥဘ, ဥဘယ, ဒွိ, တိ, စတု, (ပဉ္စ), တုမှ, အမှ, ဤ(၂၈)ပုဒ် စသောအားဖြင့် များကုန်၏။ ထိုတွင် သဗ္ဗသဒ္ဒါ ပုလ္လိင် ရုပ်စဉ်ဟန်ကား…

| | | |
|---|---|---|
| ပ | သဗ္ဗော | သဗ္ဗေ |
| အာ | ဘောသဗ္ဗ, သဗ္ဗာ | ဘောန္တော သဗ္ဗေ |
| ဒု | သဗ္ဗံ | သဗ္ဗေ |
| တ | သဗ္ဗေန | သဗ္ဗေဟိ, သဗ္ဗေဘိ |
| စ | သဗ္ဗဿ | သဗ္ဗေသံ, သဗ္ဗေသာနံ |
| ပဉ္စ | သဗ္ဗသ္မာ, သဗ္ဗမှာ | သဗ္ဗေဟိ, သဗ္ဗေဘိ |
| ဆ | သဗ္ဗဿ | သဗ္ဗေသံ, သဗ္ဗေသာနံ |
| သ | သဗ္ဗသ္မိံ, သဗ္ဗမှိ | သဗ္ဗေသု။ |

### နပုလ္လိင်၌

| | | |
|---|---|---|
| ပ | သဗ္ဗံ | သဗ္ဗာနိ |
| အာ | ဘောသဗ္ဗ, သဗ္ဗာ | ဘဝန္တာနိ သဗ္ဗာနိ |
| ဒု | သဗ္ဗံ | သဗ္ဗာနိ |

တတိယာဝိဘတ်မှစ၍ ပုလ္လိင်အတိုင်း ရုပ်စဉ်လေ။

http://www.dhammadownload.com



## ဣတ္ထိလိင် ရုပ်စဉ်ဟန်ကား...

| | | |
|---|---|---|
| ပ | သဗ္ဗာ | သဗ္ဗာ, သဗ္ဗာယော |
| အာ | ဘောတိသဗ္ဗေ | ဘောတိယော သဗ္ဗာ,သဗ္ဗာယော |
| ဒု | သဗ္ဗံ | သဗ္ဗာ, သဗ္ဗာယော |
| တိ | သဗ္ဗာယ | သဗ္ဗာဟိ, သဗ္ဗာဘိ |
| စ | သဗ္ဗာယ,သဗ္ဗဿာ | သဗ္ဗာသံ, သဗ္ဗာသာနံ |
